# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၆ |
| ၆ | လက်ပံတန်းမြို့နယ်၊ မကျီးကွင်းကျေးရွာအုပ်စုပိုင် စားကျက်မြေ ၁၆၃.၆၂ ဧက စားကျက်မြေ အားလုံးကို တည်ဆဲဥပဒေများနှင့်ညီညွတ်ခြင်းမရှိဘဲ ပယ်ဖျက်ခဲ့သည့်အတွက် မည်သို့ပြန်လည် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၇ | သပိတ်ကျင်းမြို့နယ်အတွင်း အုန်းဇုန်းကျေးရွာအုပ်စုနှင့် ချောင်းကြီး ကျေးရွာ အုပ်စုနှစ်ခု၏ အုပ်စုခြား နယ်နိမိတ်သတ်မှတ်ပေးရန်နှင့် သပိတ်ကျင်းမြို့နယ်နှင့် စဉ့်ကူးမြို့နယ်နှစ်ခုကြား တိကျသော မြို့နယ်ခြားနယ် နိမိတ်သတ်မှတ် ပေးရန်ကိစ္စအား သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၈ | မြန်အောင်မြို့နယ်၊ တောင်ရိုးဒေသ ထိန်သေးကုန်းမြေပြာအင်ပင်လမ်းပေါ်ရှိ ရေသိုးချောင်းတံတားအား အမာခံတံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိသိလိုခြင်း | ၂၀ |

| | | |
|---|---|---|
| ၉ | ငပုတောမြို့နယ်၊ ချောင်းဝကျေးရွာနှင့်အောက်သောင်ကျေးရွာသို့ ဆက်သွယ်သော ပျက်စီးနေသည့် တံတားအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အမီ ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၃ |
| ၁၀ | ကလေးမြို့နယ်အတွင်း မြစ်သာမြစ်အရှေ့ဘက်ခြမ်းရှိ ကျေးရွာချင်း ဆက်လမ်းပိုင်းများအား တစ်ဆက် တစ်စပ်တည်း သွားလာနိုင်ရေးအတွက် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်း သည့်မေးခွန်း | ၂၆ |
| ၁၁ | ထီးချိုင့်မြို့နယ်ရှိ ခုတင်(၅၀)ဆံ့ဆေးရုံးသစ်အား မည်သည့်အချိန်တွင် ဖွင့်လှစ်မည်နှင့် လက်ရှိအသုံးပြု နေသော ဆေးရုံဟောင်းအား မည်သို့ ဆက်လက်အသုံးပြုမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၉ |
| ၁၂ | ရွှေပြည်သာမြို့နယ်တွင် ဘောလုံးကွင်းနှင့်ယှဉ်တွဲ၍ လေ့ကျင့်ရေး ပစ္စည်းများနှင့်အတူ ပြေးခုန်ပစ် အားကစားကွင်းတစ်ကွင်းကို ၂၀၂၀-၂၀၂၁ ခုနှစ် ဘတ်ဂျက်နှစ်တွင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း | ၃၄ |
| ၁၃ | ကျန်းမာရေးနှင့်ညီညွတ်သော သောက်ရေသန့်များ ထုတ်လုပ်ဖြန့်ဖြူး သယ်ယူရောင်းချခြင်း စနစ်ဖြစ်စေရန် မည်သို့ပညာပေး ကြီးကြပ် ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၄၂ |
| ၁၄ | မြန်မာနိုင်ငံ၏ ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်း (Multi Sectoral National Plan of Acion on Nutrition MS-NPAN)ဆောင်ရွက်နေမှုများကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅၂ |

| | | |
|---|---|---|
| ၁၅ | ပခုက္ကူမြို့နယ်၊ မန်ကျည်းပင်ပုကျေးရွာတွင် ကျေးလက်လမ်းကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅၉ |
| ၁၆ | လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကတင်သွင်းသည့် ရေနံ စူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်း ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း | ၆၃ |
| ၁၇ | ဒေါက်တာအေးမင်း၊ ခရမ်းမဲဆန္ဒနယ်က တင်သွင်းသည့် ပုဂ္ဂလိကပြင်ပ ဆေးကုခန်းဆရာဝန် (G.P General practitioner- အထွေထွေ ရောဂါကုဆရာဝန်)များ၊ အခြားကျန်းမာရေးဆိုင်ရာ ပညာရှင်များနှင့် ဒေသတွင်းစိတ်ပါဝင်စားသူများပါဝင်သည့် စား/သုံး/နေထိုင်မှုဆိုင်ရာ ကျန်းမာရေး အသိပညာပေးအဖွဲ့ကဲ့သို့သော အဖွဲ့များဖွဲ့စည်း၍ ပြည်သူလူထု အတွင်း ကျန်းမာရေးဆိုင်ရာအသိပညာများ ထိထိရောက်ရောက်၊ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးခြင်းဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များ ကဆွေးနွေးခြင်း | ၆၄ |
| ၁၈ | ဒေါက်တာအေးမင်း၊ ခရမ်းမဲဆန္ဒနယ်ကတင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း | ၈၁ |
| ၁၉ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း | ၈၉ |

# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# အဋ္ဌမနေ့ အစီအစဉ်

# (၄-၈-၂၀၂၀) (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ **လက်ပံတန်းမြို့နယ်၊ မကျီးကွင်း ကျေးရွာအုပ်စုပိုင် စားကျက်မြေ (၁၆၃.၆၂) ဧက စားကျက်မြေ အားလုံးကို တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်းမရှိဘဲ ပယ်ဖျက်ခဲ့သည့် အတွက် မည်သို့ပြန်လည် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးအောင်နိုင်၊ သပိတ်ကျင်း မဲဆန္ဒနယ်၏ **သပိတ်ကျင်း မြို့နယ်အတွင်း အုန်းဖုန်းကျေးရွာအုပ်စုနှင့် ချောင်းကြီးကျေးရွာအုပ်စု (၂)ခု၏ အုပ်စုခြားနယ်နိမိတ်သတ်မှတ်ပေးရန်နှင့် သပိတ်ကျင်းမြို့နယ်**

**နှင့် စဉ့်ကူးမြို့နယ် (၂) ခုကြား တိကျသော မြို့နယ်ခြားနယ်နိမိတ် သတ်မှတ် ပေးရန် ကိစ္စအား သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မောင်လတ်၊ မြန်အောင် မဲဆန္ဒနယ်၏ **မြန်အောင်မြို့နယ်၊ တောင်ရိုးဒေသ ထိန်သေးကုန်း မြေပြာအင်ပင် လမ်းပေါ်ရှိ ရေသိုးချောင်း တံတားအား အမာခံတံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသန်းအောင်၊ ငပုတော မဲဆန္ဒနယ်၏ **ငပုတောမြို့နယ်၊ ချောင်းဝ ကျေးရွာနှင့် အောက်သောင်ကျေးရွာသို့ ဆက်သွယ်သော ပျက်စီးနေသည့် တံတားအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အမီ ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၏ **ကလေးမြို့နယ် အတွင်း မြစ်သာမြစ်အရှေ့ဘက်ခြမ်းရှိ ကျေးရွာချင်းဆက်လမ်းပိုင်း များအား တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ရေးအတွက် မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၏ **ထီးချိုင့်မြို့နယ်ရှိ ခုတင် ၅၀ ဆံ့ ဆေးရုံသစ်အား မည်သည့်အချိန်တွင် ဖွင့်လှစ်မည်နှင့် လက်ရှိအသုံးပြု နေသော ဆေးရုံဟောင်းအား မည်သို့ဆက်လက် အသုံးပြုမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဉာဏ်လင်း၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **ရွှေပြည်သာမြို့နယ်တွင်**

**ဘောလုံးကွင်းနှင့် ယှဉ်တွဲ၍ လေ့ကျင့်ရေးပစ္စည်းများနှင့်အတူ ပြေးခုန်ပစ် အားကစားကွင်း တစ်ကွင်းကို ၂၀၂၀-၂၀၂၁ ခု ဘတ်ဂျက်နှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်၏ **ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေသန့်များ ထုတ်လုပ်ဖြန့်ဖြူး သယ်ယူရောင်းချခြင်း စနစ်ဖြစ်စေရန် မည်သို့ပညာပေး ကြီးကြပ်ဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးဇော်မင်းသိန်း၊ လေးမျက်နှာ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ၏ ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ (၅) နှစ် စီမံကိန်း (Multi Sectoral National Plan of Action on Nutrition MS- NPAN) ဆောင်ရွက်နေမှုများကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးပိုက်ကို၊ ပခုက္ကူ မဲဆန္ဒနယ်၏ **ပခုက္ကူမြို့နယ်၊ မန်ကျည်းပင်ပု ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် **"ရေနံ စူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ဒေါက်တာဦးအေးမင်း၊ ခရမ်း မဲဆန္ဒနယ်က တင်သွင်းသည့် **"ပုဂ္ဂလိက ပြင်ပ**

**ဆေးကုခန်းဆရာဝန် (G.P-General practitioner-အထွေထွေရောဂါကု ဆရာဝန်)များ၊ အခြားကျန်းမာရေးဆိုင်ရာပညာရှင်များနှင့် ဒေသတွင်း စိတ်ပါဝင်စားသူများပါဝင်သည့် စား/သုံး/နေထိုင်မှုဆိုင်ရာ ကျန်းမာရေး အသိပညာပေးအဖွဲ့ကဲ့သို့သော အဖွဲ့များဖွဲ့စည်း၍ ပြည်သူလူထုအတွင်း ကျန်းမာရေးဆိုင်ရာ အသိပညာများ ထိထိရောက်ရောက်၊ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးခြင်းဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၊

(ခ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၊

(ဂ) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၊

(ဃ) ဒုတိယဗိုလ်မှူးကြီးစိုင်းအိုက်လှ၊ တပ်မတော်သားကိုယ်စားလှယ်၊

(င) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၊

၈။ အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## အဋ္ဌမနေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၄ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော်လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၃၅၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၁.၆၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၃)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ ယခုအစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော်လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံ

**မူကြမ်း**

မဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၅၁ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၆၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် ခွင့် လေးရက်၊

(၂) ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဇဲလ်(ခ)ဆလိုင်းရန်းဇယ် ခွင့် လေးရက်၊

(၃) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း ခွင့် လေးရက်၊

(၄) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် လေးရက်၊

(၅) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း ခွင့် လေးရက်၊

(၆) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ် ခွင့် လေးရက်၊

(၇) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် လေးရက်၊

(၈) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် လေးရက်၊

(၉) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် လေးရက်၊

(၁၀) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော် ခွင့် လေးရက်၊

(၁၁) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် တစ်ရက်၊

(၁၂) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း ခွင့် လေးရက်၊

(၁၃) ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် လေးရက်၊

(၁၄) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် လေးရက်၊

(၁၅) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် တစ်ရက်၊

(၁၆) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် တစ်ရက်၊

(၁၇) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် နှစ်ရက်၊

(၁၈) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် လေးရက်၊

(၁၉) နမ့်စန်မဲဆန္ဒနယ်မှ ဦးငွေးလွင်(ခ)ဦးဒီလုံး ခွင့် လေးရက်၊

(၂၀) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ)ဦးစိုင်းထွန်းအေး ခွင့် လေးရက်၊

(၂၁) တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ခွင့် လေးရက်၊

(၂၂) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင် ခွင့် လေးရက်၊

(၂၃) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန် ခွင့် လေးရက်၊

(၂၄) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် လေးရက်၊

(၂၅) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ ခွင့် လေးရက်၊

(၂၆) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် လေးရက်၊

(၂၇) ချီဖွေမဲဆန္ဒနယ်မှ ဦးဖုံးတိန့် ခွင့် လေးရက်၊

(၂၈) ဒေါပုံမဲဆန္ဒနယ်မှ ဦးငွေးဝင်းအောင်(ခ)ဦးပြုံးချို ခွင့် တစ်ရက်၊

(၂၉) အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်သင်း ခွင့် လေးရက်၊

(၃၀) ကျွန်းလှမဲဆန္ဒနယ်မှ ဦးထွန်းဝင်း ခွင့် လေးရက်၊

(၃၁) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် ခွင့် လေးရက်၊

(၃၂) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် လေးရက်၊

(၃၃) ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း ခွင့် လေးရက်၊

(၃၄) ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ ခွင့် လေးရက်၊

(၃၅) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ ခွင့် လေးရက်၊

(၃၆) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် လေးရက်၊

(၃၇) နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် လေးရက်၊

(၃၈) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် လေးရက်၊

(၃၉) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် လေးရက်၊

(၄၀) လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ ခွင့် လေးရက်၊

(၄၁) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် လေးရက်၊

(၄၂) ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ခွင့် လေးရက်၊

(၄၃) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် လေးရက်၊

(၄၄) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် လေးရက်၊

(၄၅) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် တစ်ရက်၊

(၄၆) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် တစ်ရက်၊

(၄၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တင်ဆွေဝင်း ခွင့် တစ်ရက်၊

(၄၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်နိုင်ဝင်း ခွင့် တစ်ရက်၊

(၄၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ချို ခွင့် တစ်ရက်၊

(၅၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်နှင်း ခွင့် တစ်ရက်၊

(၅၁) တနသ်ာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် လေးရက်၊

(၅၂) ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် ခွင့် လေးရက်၊

(၅၃) ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း ခွင့် လေးရက်၊

(၅၄) ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး ခွင့် လေးရက်၊

(၅၅) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်း ခွင့် လေးရက်၊

(၅၆) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် လေးရက်၊

(၅၇) မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ခွင့် လေးရက်၊

(၅၈) ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ ခွင့် လေးရက်၊

(၅၉) ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ ခွင့် လေးရက်၊

(၆၀) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် လေးရက်၊

**မူကြမ်း**

(၆၁) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် လေးရက်နှင့်

(၆၂) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)မောင်တင်သစ် ခွင့် တစ်ရက် တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၆၂ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၇၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၆၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**လက်ပံတန်းမြို့နယ်၊ မကျီးကွင်းကျေးရွာအုပ်စုပိုင် စားကျက်မြေ ၁၆၃.၆၂ ဧက စားကျက်မြေအားလုံးကို တည်ဆဲဥပဒေများနှင့်ညီညွတ်ခြင်းမရှိဘဲ ပယ်ဖျက်ခဲ့သည့်အတွက် မည်သို့ပြန်လည်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော် ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမယ့်မေးခွန်းကတော့ လက်ပံတန်းမြို့နယ်၊ မကျီးကွင်းကျေးရွာအုပ်စုပိုင် စားကျက်မြေအားလုံးကို တည်ဆဲဥပဒေများဖြင့်ညီညွတ်ခြင်းမရှိဘဲ ပယ်ဖျက်ခဲ့တဲ့အပေါ် ဒေသခံများ၏အကျိုးအတွက် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုသောမေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော်တင်ပြမယ့် မကျီးကွင်းစားကျက်မြေက ၁၆၃.၆၂ ဧကကျယ်ဝန်းပြီး ရန်ကုန်-ပြည်လမ်းဘေး ဂရုံစုံပြကျေးရွာနှင့် ဝွေးတောက်ကွင်းကျေးရွာကြားမှာရှိပါတယ်။ ယခင်အစိုးရလက်ထက်မှာ တည်ဆဲဥပဒေများနှင့်အညီ ညီညွတ်ခြင်းမရှိဘဲ စားကျက်မြေအားလုံးကို ပယ်ဖျက်ပြီး မဏိကမ္ဘာကုမ္ပဏီကို လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ဒီကိစ္စကို ဒေသခံတောင်သူများက မကျေနပ်ကြလို့ ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းဖြင့် နှစ်ကြိမ်တိုင်တိုင်ကန့်ကွက်ပြီး မူလအတိုင်းပြန်ထားဖို့ မေးမြန်းခဲ့ပေမဲ့ မအောင်မြင်ခဲ့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွဲ၊ နွားများရဲ့ အစာရေစာအတွက် လွတ်ကျောင်းရန် စားကျက်မြေများကို ကာကွယ်ပေးထားတဲ့ ဥပဒေများရှိပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၃ မှာရှိတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေမှာပါတယ်။ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးဥပဒေမှာပါပါတယ်။ ၁၈၇၆ ခုနှစ်၊ မြန်မာနိုင်ငံတော်အောက်ပိုင်း မြေယာနှင့်အခွန်တော်လက်စွဲဥပဒေ၊ ၁၉၁၁ ခုနှစ်၊ မြန်မာနိုင်ငံတော်အထက်ပိုင်း မြေယာနှင့်အခွန်တော်လက်စွဲဥပဒေတွေမှာ စားကျက်မြေများကို ကာကွယ်ပေးထားတဲ့ဥပဒေတွေရှိပါတယ်။ ယနေ့အထိ တည်ဆဲဥပဒေတွေပါ။ စားကျက်မြေတွေကို ပယ်နုတ်တာတို့၊ ပယ်ဖျက်တာတို့ကို ဆောင်ရွက်မယ်ဆိုရင်လည်း ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တာဝန်နှင့်လုပ်ပိုင်ခွင့်ဥပဒေမှာပါရှိတဲ့ အချက်(၆)ချက်နဲ့ကိုက်ညီမှုရှိ/မရှိကို အဖွဲ့ဖွဲ့ပြီးစိစစ်ရပါတယ်။ အချက်(၆)ချက်နဲ့ကိုက်ညီမှ ပယ်နုတ်ရတာပါ။ အဲဒီလိုပယ်နုတ်ခွင့်ပေးတာကလည်း ၁၉၇၃ ခုနှစ် မေလမတိုင်မီက တစ်စိတ်တစ်ပိုင်း စားကျက်ကျူးတောင်သူတွေအတွက် စဉ်းစားပေးတာပါ။ ၁၉၇၃ ခုနှစ် မေလနောက်ပိုင်းမှာ စားကျက်ကျူးတောင်သူတွေအတွက် မည်သည့်အကြောင်းပြချက်မျှ ပယ်ဖျက်ခွင့်မပြုပါဘူး။ ယခုလို စားကျက်မြေအားလုံးကို ပယ်ဖျက်ပေးရတာမျိုးမဟုတ်ဘဲ တစ်စိတ်တစ်ဒေသကိုသာ ပယ်နုတ်ပေးရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကျီးကွင်းစားကျက်မြေအားလုံးကိုပယ်ဖျက်ပြီး ယခုလို ကုမ္ပဏီကိုလွှဲပြောင်းပေးတဲ့ကိစ္စနှင့်စပ်လျဉ်းပြီး ဒေသခံများက ယခင်အစိုးရလက်ထက်မှာ မူလအတိုင်းပြန်ထားပေးဖို့ကြိုးစားပေမဲ့ မအောင်မြင်တဲ့အပေါ် ယခုအစိုးရလက်ထက်မှာ တစ်ဖန်ပြန်ပြီးကြိုးစားကြတာပါ။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကိုတင်ပြပါတယ်။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီကတစ်ဆင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီအဆင့်ဆင့်ကို ပြန်လည်စိစစ်

တင်ပြဖို့ တာဝန်ပေးပါတယ်။ မြို့နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဇာကော်မတီက တည်ဆဲဥပဒေများဖြင့် ညီညွတ်ခြင်းရှိ/မရှိ ဥပဒေရှုထောင့်က သုံးသပ်တင်ပြပြီး ဥပဒေနှင့်ညီညွတ်ခြင်းမရှိတာကို စစ်ဆေးတွေ့ရှိခဲ့လို့ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဇာကော်မတီရဲ့ အဆုံးအဖြတ်ကို ခံယူပါမယ်လို့ အစီရင်ခံစာမှာဖော်ပြပြီး ပြန်တင်ပေးခဲ့ပါတယ်။ ဒါကို တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဇာကော်မတီအဖွဲ့က ပယ်ဖျက်ပြီး စားကျက်မြေဖြစ်လို့ စီမံခန့်ခွဲရေးနည်းလမ်းဖြင့်သာဆောင်ရွက်ရန် ဆုံးဖြတ်ချက်ပြုခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေးဇာကော်မတီရဲ့ ဆုံးဖြတ်ချက်အရ ၂၈-၆-၂၀၂၀ ရက်နေ့က တိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့ လက်ပံတန်းမြို့နယ်ခရီးစဉ်မှာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ လက်ပံတန်းမြို့နယ်က လွှတ်တော်ကိုယ်စားလှယ်များနှင့် ကုမ္ပဏီတာဝန်ခံတို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှာ စားကျက်မြေကိစ္စကို တွေ့ဆုံညှိနှိုင်းမှုပြုလုပ်ခဲ့ပါတယ်။ ညှိနှိုင်းမှု မပြီးပြတ်လို့ ထပ်မံညှိနှိုင်းပြီး အစီရင်ခံစာပြန်တင်ရန် ဝန်ကြီးချုပ်မှ မှာကြားခဲ့ပါတယ်။ ၄-၇-၂၀၂၀ ရက်နေ့မှာတော့ ထပ်မံပြီး ကိုယ်စားလှယ်များဖြင့် ကုမ္ပဏီတာဝန်ခံတို့ ညှိနှိုင်းဆွေးနွေးကြပါတယ်။ ညှိနှိုင်းမှုအရ နှစ်ဦးနှစ်ဖက်သဘောတူညီမှုရရှိခဲ့ပါတယ်။ ကုမ္ပဏီဘက်က ဒေသခံများရဲ့ အကျိုးအတွက် ၎င်းတို့ရရှိခဲ့တဲ့မြေဧက ၉၁.၅၅ ဧကအနက်က ၅၁.၅၅ ဧကကို တိုင်းဒေသကြီးအစိုးရရဲ့ စီမံခန့်ခွဲမှုဖြင့် ဒေသအကျိုးစီးပွားအတွက် ပြန်လည်စွန့်လွှတ်ခဲ့ပါတယ်။ Power Point လေးပြပေးဖို့ ခွင့်ပြုစေလိုပါတယ်။ ဒီဟာကတော့ အဝေးကဆိုတော့ ဖတ်လို့တော့မရဘူး။ ကျွန်တော်တို့အားလုံး သဘောတူညီပြီးတော့ လက်မှတ်ရေးထိုးတုန်းက ဝန်ကြီးချုပ်ကို ပြန်လည်တင်ပြတဲ့စာဖြစ်ပါတယ်။ ယခု Power Point မှာပြထားတဲ့စာကတော့ ကုမ္ပဏီနှင့်ကိုယ်စားလှယ်များ သဘောတူညီကြောင်း

လက်မှတ်ရေးထိုးပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပြန်လည်တင်ပြထားတဲ့စာဖြစ်ပါတယ်။ လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကျီးကွင်းစားကျက်မြေနဲ့စပ်လျဉ်းပြီး ယခင်အစိုးရလက်ထက်မှာ ဖြေရှင်းခဲ့တာမပြီးပြတ်ခဲ့တဲ့အပေါ် အစိုးရနှင့်လွှတ်တော်ကိုယ်စားလှယ်များ ပေါင်းစပ်ပြီး ဒေသအကျိုးအတွက် ယခုလို အောင်မြင်စွာဖြေရှင်းဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးဌာနများက ဒီကိစ္စအပေါ် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ ဒေသခံများကလည်း Hluttaw Channel ကနေပြီးတော့ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေမယ့်အဖြေကို စောင့်မျှော်ကြည့်ရှုနေပါပြီလို့တင်ပြရင်း ကျွန်တော့်ရဲ့မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားပေးဖို့ မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့် ဖြစ်ပါတယ်ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မကျီးကွင်းစားကျက်မြေနှင့်ပတ်သက်ပြီးတော့ ကျေးရွာအုပ်ချုပ်ရေးမှူးမှ စားကျက်မြေပယ်ဖျက်ခွင့်ပြုပါရန် လျှောက်ထားခြင်းအား လက်ပံတန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၁၉-၁၀-၂၀၁၄ ရက်နေ့မှာကျင်းပပြုလုပ်တဲ့ အစည်းအဝေးအမှတ်စဉ်(၁၁/၂၀၁၄)

ဖြင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ကို ထောက်ခံတင်ပြခဲ့မှုအပေါ် ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၁၁-၉-၂၀၁၅ ရက်နေ့မှာကျင်းပပြုလုပ်တဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၅)၊ ဆုံးဖြတ်ချက်အပိုဒ် ၁၇ ပုဒ်မခွဲ(ဌ)ဖြင့် စားကျက်မြေပယ်ဖျက်ခွင့်အား သဘောတူခွင့်ပြုခဲ့သဖြင့် ၁၈၇၆ ခုနှစ်၊ အောက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ ၆၈ အရ စိုက်ပျိုးမြေအတွက်ရေိယာ ၁၁၁.၂၀ ဧက၊ ကန်မြေအတွက်ဧရိယာ ၁၇.၅၁ ဧက၊ အိမ်ခြံမြေအတွက်ဧရိယာ ၉.၅၁ ဧက၊ ဆည်မြောင်းမြေအတွက်ဧရိယာ ၅.၂၄ ဧကနှင့် အခြားမြေအတွက်ဧရိယာ ၂၀.၁၆ ဧက စုစုပေါင်းမြေဧရိယာ ၁၆၃.၆၂ ဧကကို စိုက်ပျိုးရေး၊ ကျေးရွာအုပ်စုမီးလင်းရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စားကျက်မြေအဖြစ်မှ နုတ်ပယ်လိုက်ကြောင်းနှင့် နုတ်ပယ်တဲ့ဧရိယာအတိုင်း ခွင့်ပြုတဲ့နည်းလမ်းများနှင့်အညီ အသုံးပြုရန်နှင့် ပျက်ကွက်ပါက ပယ်ဖျက်ခြင်းခံရမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၇-၁၀-၂၀၁၅ ရက်စွဲပါစာဖြင့် ဥပဒေ၊ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမိန့်ထုတ်ပြန်ပြီးတော့နုတ်ပယ်ခွင့်ပြုခဲ့ခြင်းသာဖြစ်ပါကြောင်း ဦးစွာရှင်းလင်းတင်ပြအပ်ပါတယ်။

ပယ်ဖျက်ပြီးစားကျက်မြေဧရိယာ ၁၆၃.၆၂ ဧကအနက် စိုက်ပျိုးမြေဧရိယာ ၁၁၁.၂၀ ဧကအား ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်နှင့်အညီ မဏိကမ္ဘာကုမ္ပဏီမှ ဦးမင်းသက်ခိုင်အမည်ဖြင့် ဧရိယာ ၉၁.၅၅ ဧက၊ တောင်သူများဖြစ်တဲ့ ဦးထက်ပြည့်ဖြိုးအမည်ဖြင့် ဧရိယာ ၅.၉၂ ဧက၊ ဦးဝင်းခိုင်အမည်ဖြင့် ဧရိယာ ၁၀.၈၄ ဧကနှင့် ဦးညွန့်ရင်အမည်ဖြင့် ဧရိယာ ၂.၈၉ ဧကတို့ကို လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ အသီးသီးထုတ်ပေးထားရှိပြီးဖြစ်ကြောင်း သိရှိရပါတယ်ခင်ဗျား။ အဆိုပါစားကျက်မြေနှင့်ပတ်သက်ပြီး မကျီးကွင်းကျေးရွာအုပ်စု၊ မကျီးကွင်းကျေးရွာနေ ဦးအောင်မြင့်သိန်းပါခြောက်ဦးမှ ပယ်ဖျက်ထားတဲ့မြေများ မူလစားကျက်မြေအတိုင်း ပြန်လည်ထားရှိရန် ပဲခူးတိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးရေးကော်မတီကို တင်ပြခဲ့မှုအပေါ် ၃၀-၁၁-၂၀၁၈ ရက်နေ့မှာ

ကျင်းပပြုလုပ်တဲ့ ပဲခူးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၁၅/၂၀၁၈)၊ ဆုံးဖြတ်ချက်အပိုဒ် ၂၄ အရ တင်ပြပါနေရာဟာ စားကျက်မြေပယ်ဖျက်ပြီးမြေဖြစ်တဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအမံဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဒေသခံတောင်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆောင်ရွက်မှာဖြစ်ကြောင်းနှင့် အမှုတွဲအားပိတ်သိမ်းနိုင်ရေးအတွက် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကို တင်ပြခဲ့ရာ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ၁၇-၅-၂၀၁၉ ရက်နေ့မှာ အမှုတွဲပိတ်သိမ်းခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဋ္ဌင်းအပြင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်မှ အဆိုပါကိစ္စနှင့်စပ်လျဉ်းပြီး ၂၉-၁၂-၂၀၁၈ ရက်နေ့မှာ မကျီးကွင်းကျေးရွာအုပ်စု အထွက်တိုးစခန်း၌လည်းကောင်း၊ ၁၀-၃-၂၀၁၉ ရက်နေ့တွင် မကျီးကွင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌လည်းကောင်း လူထုတွေ့ဆုံပွဲပြုလုပ်ခဲ့ပြီး ပြည်သူများမှ စားကျက်မြေဧရိယာ ၁၆၃ ဧကအား အများအကျိုးအတွက် မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း တင်ပြခဲ့မှုအပေါ် မကျီးကွင်းစားကျက်မြေဧရိယာ ၁၆၃.၆၂ ဧကမှာ စားကျက်မြေအဖြစ်မှပယ်ဖျက်ပြီးဖြစ်၍လည်းကောင်း၊ စားကျက်မြေတွင် လက်ရှိစိုက်ပျိုးနေသူ တောင်သူ ၁၃ ဦးမှာလည်း ကျေးရွာမီးလင်းရေးကိုဦးတည်ပြီးတော့ မဏိကမ္ဗာကုမ္ပဏီမှ ထိုက်သင့်တဲ့နှုန်းထားရယူ၍ လွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်၍လည်းကောင်း ယခုအခါ မဏိကမ္ဗာကုမ္ပဏီမှ ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာမှာ မကျီးကွင်းကျေးရွာအုပ်စု၊ ဂရုံစံပြကျေးရွာမှာ ၂၈-၁-၂၀၁၇ ရက်နေ့တွင်လည်းကောင်း၊ ဝွေးတောက်ကွင်းကျေးရွာအုပ်စု၊ ဝွေးတောက်ကွင်းရွာမကျေးရွာတွင် ၂၅-၂-၂၀၁၇ ရက်နေ့တွင်လည်းကောင်း မီးရရှိခဲ့ပြီးဖြစ်ပါကြောင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေအား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ

တင်ပြထားပြီးဖြစ်ပါတယ်။ ထို့အပြင် ၇-၁-၂၀၂၀ ရက်နေ့မှာ လက်ပံတန်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လက်ပံတန်းမြို့နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ဦးအောင်မြင့်သိန်းပါခြောက်ဦးကို အသိပေးရှင်းလင်းဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်ခင်ဗျား။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ၂၈-၆-၂၀၂၀ ရက်နေ့မှာ လက်ပံတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံးမှာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မိုးပုလဲဖြူကုမ္ပဏီ(ယခင်မဏိကမ္ဘာကုမ္ပဏီ)ဖြစ်ပါတယ်။ ၎င်းတာဝန်ခံတို့နှင့် မကျီးကွင်းကျေးရွာအုပ်စု၊ မကျီးကွင်းစားကျက်မြေပယ်ဖျက်ခွင့် ခွင့်ပြုထားပြီးဖြစ်တဲ့ဧရိယာ ၁၆၃.၆၂ ဧကအနက်မှ မိုးပုလဲဖြူကုမ္ပဏီ(ယခင်ကမဏိကမ္ဘာကုမ္ပဏီ)မှ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ဧကများနှင့်ပတ်သက်ပြီး ဒေသခံပြည်သူများ၏ တောင်းဆိုချက်များအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်ခင်ဗျား။ ထိုသို့ညှိနှိုင်းဆွေးနွေးခဲ့ရာမှာ မိုးပုလဲဖြူကုမ္ပဏီ (ယခင်ကမဏိကမ္ဘာကုမ္ပဏီ)မှ လက်ရှိလုပ်ကိုင်နေတဲ့ဧရိယာ ၉၁.၅၅ ဧကအနက်မှ ၅၁.၅၅ ဧကကို ဒေသဖွံ့ဖြိုးရေးအတွက် ပြန်လည်သုံးစွဲနိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပြန်လည်အပ်နှံသွားမည်ဖြစ်ကြောင်းနှင့် ကျန်ဧရိယာ ၄၀ ဧကအား ကုမ္ပဏီမှ ဆက်လက်ဆောင်ရွက်မယ့် စီမံကိန်းလုပ်ငန်းများအတွက် အခြားနည်းအသုံးပြုခွင့်အား ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ လျှောက်ထားသွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက စက်မှု/စီးပွားမြေငှားဂရန် လျှောက်ထားသွားရန် ညှိနှိုင်းဆွေးနွေးသဘောတူ ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ၂၈-၆-၂၀၂၀ ရက်နေ့မှာ လက်ပံတန်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံး၌ ညှိနှိုင်းဆွေးနွေး သဘောတူဆုံးဖြတ်ချက်အရ မိုးပုလဲဖြူကုမ္ပဏီ(ယခင်က

မဏိကမ္ဗာကုမ္ပဏီ)မှ လက်ရှိလုပ်ကိုင်နေသော ဧရိယာ ၉၁.၅၅ ကေအနက်မှ ၅၁.၅၅ ကေကို ဒေသဖွံ့ဖြိုးရေးအတွက် ပြန်လည်သုံးစွဲနိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပြန်လည်အပ်နှံသွားမည်ဖြစ်ပါကြောင်းနှင့် အဆိုပါနုတ်ပယ်ခွင့်ပြုပြီး စားကျက်မြေဧရိယာ ၁၆၃.၆၂ ကေအနက် အခြားမြေ ၂၀.၁၆ ကေသည်လည်း လက်ရှိမြေပြင်မှာ လမ်းမြေ ၄.၀၅ ကေ၊ အင်းအိုင်မြေ ၁.၈၆ ကေ၊ ရိုးမြေ ၆.၅၄ ကေနှင့် ကျန်အခြားမြေ ၇.၇၁ ကေတို့အား အသီးသီးအသုံးချဆောင်ရွက်ထားရှိရာမှာ အဆိုပါအခြားမြေ ၂၀.၁၆ ကေအနက် လမ်းမြေ ၄.၀၅ ကေကိုချန်လှပ်ပြီးတော့ စုစုပေါင်း ၁၆.၁၁ ကေကိုလည်း ကျွဲ၊ နွားများလွတ်ကျောင်းမွေးမြူနိုင်ရန်အတွက် စားကျက်မြေအဖြစ် ပြန်လည်သတ်မှတ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်အရ ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သပိတ်ကျင်းမဲဆန္ဒနယ်မှ ဒေါက်တာအောင်နိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**သပိတ်ကျင်းမြို့နယ်အတွင်း အုန်းဖုန်းကျေးရွာအုပ်စုနှင့် ချောင်းကြီးကျေးရွာအုပ်စုနှစ်ခု၏ အုပ်စုခြားနယ်နိမိတ်သတ်မှတ်ပေးရန်နှင့် သပိတ်ကျင်းမြို့နယ်နှင့် စဥ့်ကူးမြို့နယ်နှစ်ခုကြား တိကျသောမြို့နယ်ခြားနယ်နိမိတ်သတ်မှတ်ပေးရန်ကိစ္စအား သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သပိတ်ကျင်းမဲဆန္ဒနယ်မှ ဒေါက်တာအောင်နိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်နိုင်(သပိတ်ကျင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမဲဆန္ဒနယ်မှ ဒေါက်တာအောင်နိုင် ဖြစ်ပါတယ်။ ဒီနေ့အစည်းအဝေးမှာ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ သပိတ်ကျင်းမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စုနှစ်ခုရဲ့ အုပ်စုကြားနယ်နိမိတ်သတ်မှတ်ပေးရန်ကိစ္စနှင့် စဥ့်ကူးမြို့နယ်နှင့်သပိတ်ကျင်းမြို့နယ်နှစ်ခုကြား တိကျသော မြို့နယ်ခြားနယ်နိမိတ်သတ်မှတ်ပေးရန်ကိစ္စနှင့်ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီးကျေးရွာသည် ယခင်က အုန်းဇုန်းကျေးရွာအုပ်စုအတွင်းပါဝင်ခဲ့သော ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်မှာ ချောင်းကြီးကျေးရွာအုပ်စုအဖြစ် သီးခြားဖြစ်တည်လာပြီး ချောင်းကြီးရွာ၊ ကျောက်ဖြူရွာ၊ ရေထွက်ရွာတို့ဖြင့် ဖွဲ့စည်းထားပါတယ်။ သို့သော်လည်း အုန်းဇုန်းကျေးရွာအုပ်စုနှင့် ချောင်းကြီးကျေးရွာအုပ်စုနှစ်ခုအကြား တိကျသော အုပ်စုခြားနယ်နိမိတ် ယနေ့တိုင်မရှိသေး၍ ထိစပ်လျက်ရှိသောနယ်မြေများတွင် ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်လာပါက ဖြေရှင်းဆောင်ရွက်ရန် ခက်ခဲခြင်း၊ ရွှေသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ကိုင်ခွင့်လျှောက်ထားရာတွင်လည်း အုပ်စုထောက်ခံချက်များရယူရန် အခက်အခဲများ ကြုံတွေ့လာနိုင်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချောင်းကြီးကျေးရွာအုပ်စုနယ်နိမိတ်အတွင်းပါဝင်ပြီး သပိတ်ကျင်းမြို့နယ်တောင်ဘက် အစွန်ဆုံးကျေးရွာလေးတစ်ရွာဖြစ်တဲ့ ဇိုက်ချောင်းကျေးရွာဟာ အစောပိုင်းကာလတွေတုန်းက ရွာအဖြစ်တည်ရှိနေပြီးသားဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လကျမှ သပိတ်ကျင်းမြို့နယ်၊ ဌာနဆိုင်ရာကွင်းဆင်းအဖွဲ့မှ ကျေးရွာမြေတိုင်းတာပြီး တရားဝင်ပြန်တမ်းဝင်ကျေးရွာရရှိရေး အမှုတွဲတင်ပြထားပြီးဖြစ်ပါတယ်။ ထိုသို့ကွင်းဆင်းတိုင်းတာခဲ့စဉ် ဇိုက်ချောင်းကျေးရွာနှင့် တစ်မိုင်ခန့်အကွာရှိ ထိုအချိန်က ဇိုက်ချောင်းကျေးရွာ၏အုပ်ချုပ်မှုအောက်တွင်ရှိသည့် ထောက်ကြံ့ပင်ကွက်ရပ်ကိုတော့ ကွင်းဆင်းတိုင်းတာခဲ့ခြင်းမရှိခဲ့ပါ။ ၂၀၁၅ ခုနှစ် မတ်လကျမှ သပိတ်ကျင်းမြို့နယ်နှင့် စဉ့်ကူးမြို့နယ်နှစ်မြို့နယ်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပါအဝင် နှစ်ဖက်ကွင်းဆင်းရေးအဖွဲ့မှ မြေပြင်အနေအထားကို ကွင်းဆင်းစစ်ဆေးကာ ထောက်ကြံ့ပင်ကွက်ရပ်အား စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးအုပ်စုသို့ လွှဲပြောင်းပေးထားခဲ့ပါတယ်။ ထိုသို့လွှဲပြောင်းစဉ် ထောက်ကြံ့ပင်ရွာမြောက်ဘက်ရှိ ထောက်ကြံ့ပင်မူလတန်းကျောင်းသည် စဉ့်ကူးမြို့နယ်အတွင်းသို့ ပါဝင်ခြင်းမရှိခဲ့သောကြောင့် ၂၀၁၉ ခုနှစ် ဩဂုတ်လကျမှ စဉ့်ကူးမြို့နယ်ပညာရေးမှူးရုံး၏စီမံကွပ်ကဲမှုအောက်သို့ ထပ်မံလွှဲပြောင်းပေးခဲ့ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ထိုသို့အဆင့်ဆင့်လွှဲပြောင်းပေးခဲ့သော်လည်း ယခင်မြို့နယ်နှစ်ခုအား ပိုင်းခြားသတ်မှတ်ထားသည့် နယ်ခြားမှတ်တိုင်အား ရွှေ့ပြောင်းစိုက်ထူ၍ မြို့နယ်နှစ်ခု၏ရေိယာအား တိကျစွာပိုင်းခြားသတ်မှတ်ပေးခြင်းမရှိခဲ့ပါ။ ရံဖန်ရံခါ စဥ့်ကူးမြို့နယ်၊ ကန်တောင်ကျေးရွာအုပ်ချုပ်ရေးပိုင်းမှ ဖိုက်ချောင်းအိမ်ထောင်စုဝင်များအား လာရောက်စာရင်းကောက်ယူခြင်း၊ ထောက်ကြံ့မြေကျေးရွာရှိ သာရေး၊ နာရေးကိစ္စရပ်များအား တာဝန်ခွဲဝေချထားခြင်း၊ အစည်းအဝေးများ ဆင့်ခေါ်တက်ရောက်စေခြင်းတို့ကို ကြားသိရပါတယ်။ ထို့အပြင် လာမည့်ရွေးကောက်ပွဲအတွက် အခြေခံလူဦးရေစာရင်း၊ မဲစာရင်းများကောက်ယူရာတွင် ကျေးရွာနှစ်ရွာကြားသဘောထားကွဲလွဲမှုရှိပြီး မဲစာရင်းများထပ်နေခြင်း၊ မဲစာရင်းများကျန်ခဲ့ခြင်းများ ဖြစ်ပေါ်လာနိုင်ပါတယ်။ ထို့အတွက်ကြောင့် မလိုလားအပ်သောပြဿနာများ မဖြစ်ပေါ်စေရေးအတွက် တိကျသည့်မြို့နယ်ခြားနယ်နိမိတ်မှတ်တိုင်ကို အမြန်ဆုံးကွင်းဆင်းသတ်မှတ်ပေးရန် လိုအပ်နေပါတယ်။ အထက်ပါအကြောင်းများကြောင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ (၁)အုန်းဖုန်းကျေးရွာအုပ်စုနှင့် ချောင်းကြီးကျေးရွာအုပ်စုနှစ်ခုအကြား တိကျသော အုပ်စုခြားနယ်နိမိတ်သတ်မှတ်ပေးပါရန်၊ (၂) ချောင်းကြီးကျေးရွာအုပ်စု၊ ချောင်းကြီးကျေးရွာ၏ တရားဝင်ပြန်တမ်းဝင်ကျေးရွာနယ်နိမိတ်အတိုင်း ဧရိယာနယ်နိမိတ်မှတ်တိုင်များသတ်မှတ်စိုက်ထူပေးပါရန်နှင့် (၃) သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီးကျေးရွာအုပ်စု၊ ဖိုက်ချောင်းကျေးရွာနှင့် စဥ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ထောက်ကြံ့မြေကျေးရွာတို့အား နယ်နိမိတ်ပိုင်းခြားထားသည့်တိကျသော မြို့နယ်ခြားနယ်နိမိတ် သတ်မှတ်ပေးနိုင်ပါရန် အစီအစဥ်ရှိ/မရှိ သိရှိလိုပါ၍ ဒေသခံပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်နိုင်မှ မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီးဦးတင်မြင့်မှပဲ ဆက်လက်ရှင်းလင်း ဖြေကြားခွင့်ပြုပါခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမှမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး သပိတ်ကျင်းမြို့နယ်၊ အုန်းဖုန်းကျေးရွာအုပ်စုကို ယခင်က ချောင်းကြီးကျေးရွာအပါအဝင် စုစုပေါင်းကျေးရွာ ၁၁ ရွာဖြင့် ဖွဲ့စည်းထားခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာ အုပ်ချုပ်ရေးအခြေအနေအရ ချောင်းကြီးကျေးရွာ၊ ရေထွက် ကျေးရွာနှင့် ကျောက်ဖြူကျေးရွာတို့ကို ချောင်းကြီးကျေးရွာအုပ်စုအဖြစ်လည်းကောင်း၊ အုန်းဖုန်း ကျေးရွာ၊ ဇရပ်ကွင်းကျေးရွာ၊ လိပ်ကျကျေးရွာ၊ ကျောက်ဖြာကျေးရွာ၊ ကွင်း(၂၉)ကျေးရွာ၊ ကွင်း(၃၀) ကျေးရွာ၊ ဝက်သေကျေးရွာနှင့် ဖက်ရှည်ကျေးရွာတို့အား အုန်းဖုန်းကျေးရွာအုပ်စုအဖြစ် လည်းကောင်း ခွဲခြားခဲ့သော်လည်း မြေပြင်မှာတော့ အုပ်စုနယ်နိမိတ်ခွဲခြားမှု တိကျသောမှတ်တိုင် မရှိခဲ့ကြောင်း သိရှိရပါတယ်။ အဆိုပါကိစ္စနှင့်စပ်လျဉ်းပြီး ၃၀-၇-၂၀၂၀ ရက်နေ့မှာ မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ အုန်းဖုန်းကျေးရွာနှင့် ချောင်းကြီးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့ပါဝင်တဲ့အဖွဲ့နဲ့ ပဏာမကွင်းဆင်း စစ်ဆေးခဲ့ပါတယ်။ ပဏာမစစ်ဆေးတွေ့ရှိချက်များအရ ကျေးရွာအုပ်စုနယ်နိမိတ်မှတ်တိုင်စိုက်ထူနိုင် ရေးနှင့် ချောင်းကြီးကျေးရွာရဲ့ တရားဝင်အမည်ပေါက်ကျေးရွာနယ်နိမိတ်အတိုင်း နယ်နိမိတ် မှတ်တိုင်များ စိုက်ထူနိုင်ရေးအတွက် ခေတ်မီမြေတိုင်းစက်ကိရိယာများဖြင့် နယ်နိမိတ်အတိအကျ တိုင်းတာခြင်း၊ စစ်ဆေးအတည်ပြုခြင်းများ ဆောင်ရွက်နိုင်ရေးနှင့် မြေတိုင်းမှတ်တိုင်နှင့် နယ်နိမိတ် မှတ်တိုင်အရေအတွက်တို့ကို ခန့်မှန်းတန်ဖိုး အသေးစိတ်တွက်ချက်မှုစာရင်းများနှင့်တကွ

တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ရန်ပုံငွေတင်ပြတောင်းခံနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားခဲ့ပါတယ်။

ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီးကျေးရွာအုပ်စု၊ ဇိုက်ချောင်းကျေးရွာနှင့် စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ထောက်ကြံ့ပင်ကျေးရွာတို့ကို နယ်နိမိတ်ပိုင်းခြားသတ်မှတ်တဲ့ တိကျသောမြို့နယ်ခြား နယ်နိမိတ်သတ်မှတ်ပေးရန်ကိစ္စနှင့် စပ်လျဉ်းပြီး သပိတ်ကျင်းမြို့နယ်နှင့် စဉ့်ကူးမြို့နယ်တို့မှ အုပ်ချုပ်ရေးအဖွဲ့အစည်းများ ပူးပေါင်းပြီးတော့ နယ်မြေကွင်းဆင်းစိစစ်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိခဲ့သော်လည်း နှစ်ဖက်မြို့နယ်များမှ ဌာနဆိုင်ရာများပါဝင်တဲ့ ကွင်းဆင်းစိစစ်ရေးအဖွဲ့များအနေဖြင့် အဆိုပါကာလများမှာ COVID-19 ရောဂါဆိုင်ရာ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတာဝန်များကို ဌာနဆိုင်ရာများအလိုက် တာဝန်များခွဲဝေကာ ဖိဖိစီးစီးကြိုးပမ်းဆောင်ရွက်နေရတဲ့အတွက်ကြောင့် ကွင်းဆင်းဆောင်ရွက်နိုင်ရေး ကြန့်ကြာခဲ့ရကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါကိစ္စနှင့်စပ်လျဉ်းပြီး ၃၀-၇-၂၀၂၀ ရက်နေ့မှာ သပိတ်ကျင်းမြို့နယ်နှင့် စဉ့်ကူးမြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ချောင်းကြီးကျေးရွာအုပ်စုနှင့် ရှောက်ပင်ရိုးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဇိုက်ချောင်းကျေးရွာနှင့် ထောက်ကြံ့ကျေးရွာတို့မှ ကျေးရွာတာဝန်ခံများပါဝင်တဲ့အဖွဲ့များ ပဏာမကွင်းဆင်းစစ်ဆေးခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ကွင်းဆင်စစ်ဆေးတွေ့ရှိချက်များအရ (က) စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ထောက်ကြံ့ကျေးရွာဟာ စဉ့်ကူးမြို့နယ်နှင့် သပိတ်ကျင်းမြို့နယ်အစပ်မှာတည်ရှိပြီးတော့ ၁၉၈၇ ခုနှစ်မှစတင်ပြီး တည်ရှိရာ ကျေးရွာစတင်ခဲ့စဉ်မှာ အိမ်ခြေ ၂၀ အိမ်၊ လူဦးရေ ၄၅ ဦးသာရှိကြောင်း တွေ့ရှိရပါတယ်။ ယင်းကျေးရွာမှာနေထိုင်တဲ့ ဒေသခံများကတော့ ရွှေတူးဖော်တဲ့လုပ်ငန်းကို လုပ်ကိုင်ခြင်းမှစပြီးတော့ တရားမဝင်ရွှေ့ပြောင်း ရောက်ရှိနေထိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိမှာတော့ အိမ်ခြေ ၁၁၈ အိမ်၊ လူဦးရေ ၄၅၃ ဦးနေထိုင်ပြီး တရားဝင်အမည်ပေါက်မရသေးတဲ့ ကျေးရွာဖြစ်ကြောင်း သိရှိရပါတယ် ခင်ဗျား။ ဇိုက်ချောင်းကျေးရွာသည်လည်း သပိတ်ကျင်းမြို့နယ်နှင့် စဉ့်ကူးမြို့နယ်အစပ်မှာတည်ရှိပြီး

ချောင်းကြီးသစ်တောကြိုးဝိုင်း အကွက်အမှတ်(၆)အတွင်း ကျရောက်ပြီးမှ စဉ့်ကူးမြို့နယ်၊ ထောက်ကြံ့ကျေးရွာနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိကြောင်း၊ ၁၉၉၃ ခုနှစ်မှာ ရွှေ့ပြောင်းအခြေချ နေထိုင်သူများ စုစည်းနေထိုင်ရာမှ ကျေးရွာပေါ်ပေါက်လာခဲ့ခြင်းဖြစ်ရာ နေထိုင်သူအများစုဟာ ရွှေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများဖြစ်ပြီးတော့ တောင်ယာစိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံ စိုက်ပျိုးခြင်းများလည်းလုပ်ကိုင်ကြောင်း၊ ယခုအခါမှာလည်း အိမ်ခြေ ၁၀၇ အိမ်၊ လူဦးရေ ၄၂၆ ဦး နေထိုင်ကြောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ ၂၄-၆-၂၀၂၀ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၇၉/၂၀၂၀)ဖြင့် ၅၆.၄၅ ဧကကို ဗိုက်ချောင်းကျေးရွာရဲ့ ရွာမြေ ၄၆.၄၅ ဧကနှင့် သာသနာ/အများပိုင်မြေ ၁၀ ဧကအဖြစ် ပြောင်းလဲအသုံးပြုနိုင်ရေးအတွက်ကို ကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ရာ တရားဝင်အမည်ပေါက်ကျေးရွာအဖြစ် အမည်ပေါက် ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ပဏာမစစ်ဆေးတွေ့ရှိချက်များအရ မြို့နယ်ခြားနယ်နိမိတ်အား မြို့နယ်နှစ်မြို့နယ်အဖြစ် အငြင်းပွားမှုမရှိပါဘူး။ တရားမဝင်ရွှေလုပ်ကွက်များရှိနေတဲ့အတွက်ကြောင့်သာ အငြင်းပွားခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ မြို့နယ်အဆင့်အဖွဲ့အစည်းများမှ တစ်လက်မ တစ်မိုင်စကေး မြေပုံပေါ်မှာ မြို့နယ်ခြား ပွိုင့်သုံးခုအား GPS များဖြင့် အနီးစပ်ဆုံးတိုင်းတာပေး သော်လည်း ဒေသခံများမှ ရေဝေရေလဲတောင်ကုန်း၊ ချိုင့်ဝှမ်းအမှတ်အသားများဖြင့် နယ်နိမိတ်သတ်မှတ် လိုကြပြီးတော့ ကုမ္ပဏီများမှ သတ္တုတူးဖော်မှုများ ပြုလုပ်ခဲ့သဖြင့် လက်တွေ့မြေပြင်အနေအထား အရ တစ်လက်မတစ်မိုင်စကေးမြေပုံနှင့် ကိုက်ညီမှုမရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့် အဆိုပါကိစ္စနှင့်စပ်လျဉ်းပြီး ၃၁-၇-၂၀၂၀ ရက်နေ့မှာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ နှစ်ဖက်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်နှင့်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲ ရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးများ၊ ခရိုင်နှင့်မြို့နယ် သစ်တောဦးစီးမှူးများ ပါဝင်တဲ့အဖွဲ့နဲ့ ထပ်မံ ကွင်းဆင်းခဲ့ရာမှာ ပဏာမကွင်းဆင်းစိစစ်သတ်မှတ်ထားတဲ့ မြို့နယ်ခြားနယ်နိမိတ်သတ်မှတ်ချက်

များအပေါ် ဒေသခံများမှ လက်ခံနိုင်ခြင်းမရှိကြောင်း သိရပါတယ်။ မြို့နယ်ခြားနယ်နိမိတ်ကို အဆိုပါ အတိုင်းသတ်မှတ်မည်ဆိုပါက မလိုလားအပ်သော အငြင်းပွားမှုများ ဖြစ်ပေါ်လာနိုင်တဲ့အတွက် နှစ်ဖက်မြို့နယ်မှ သက်ဆိုင်ရာဌာနများမပါဝင်ဘဲနဲ့ တိုင်းဒေသကြီးအဆင့်မှ ကျွမ်းကျင်ပညာရှင်များ ပါဝင်တဲ့အဖွဲ့နဲ့ အဆင့်မြင့်တိုင်းတာရေးစက်များ အသုံးပြုပြီးတော့ တိုင်းတာနိုင်ရေးအတွက်ကို ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည် ထွက်ခွာနိုင်ပါပြီ။

**မြန်အောင်မြို့နယ်၊ တောင်ရိုးဒေသ ထိန်သေးကုန်းမြေပြာအင်ပင်လမ်းပေါ်ရှိ ရေသိုးချောင်းတံတား အား အမာခံတံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိသိလိုခြင်း**

**ဥက္ကဋ္ဌ**။ ။ မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်လတ်(မြန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မြန်အောင်မဲဆန္ဒ နယ်မြေ တောင်ရိုးဘက်ခြမ်းဒေသဟာ ဆယ်စုနှစ်များစွာ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့တဲ့ဒေသ ဖြစ်ပါတယ်။ ကိုယ်ထူကိုယ်ထကျေးရွာ ကျေးရွာချင်းဆက်မြေသားလမ်းများ တစ်တပ်တစ်အား ဒေသခံများက ဖောက်လုပ်ခဲ့ကြသောလည်း ရာသီမရွေးသွားလာနိုင်ရန် ခက်ခဲ့တဲ့အခြေအနေရှိပါ တယ်။ ယခုအခါ လမ်းပန်းတချို့ ရာသီမရွေးသွားလာနိုင်ရန် နိုင်ငံတော်နှင့်လွှတ်တော်ရန်ပုံငွေများ ဒေသခံပြည်သူတို့ရဲ့ထည့်ဝင်ငွေများဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သဖြင့် ခွဲကျောက်ခင်းလမ်းများ၊

ချောင်း ကျောက်ခင်းလမ်းများ ပေါ်ပေါက်လာနေပါတယ်။ လမ်းအခက်အခဲအချို့ အဆင်ပြေခဲ့သော်လည်း တောင်ရိုးဒေသများမှ ချောင်းဖျားခံစီးဆင်းလာတဲ့ တောင်ကျချောင်းများကြောင့် လမ်းများရေတိုက်စားပြတ်တောက်ပျက်စီးခြင်း၊ ဒေသခံပြည်သူတို့ရဲ့ ကိုယ်ထူကိုယ်ထ ဝါးနှင့်သစ်သားတံတားများ ရေထဲသို့ မျောပါပျက်စီးဆုံးရှုံးမှုများ ထပ်မံကြုံတွေ့နေရပါတယ်။ မြို့နယ်ရဲ့အနောက်ဘက်အနောက်ရိုးမ တောင်ခြေအစွန်းဘက်မှာရှိတဲ့ သဲဘိုကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ထိန်သေးကုန်းကျေးရွာဟာ အိမ်ခြေ ၁၀၆အိမ်၊ လူဦးရေ ၃၆၉ဦးခန့်ရှိပြီး တောင်ရိုးဒေသ ရွာကြီးတစ်ရွာဖြစ်ပါတယ်။ ကျောင်းသားဦးရေ ၇၀ ဦးခန့်ရှိပါတယ်။ ဒီရွာကနေပြီး မြောင်-ဆုံကုန်း-ဟင်္သာတလမ်းပေါ်ရှိတဲ့ အင်ပင်မြို့နဲ့ ခုနစ်မိုင်ခန့် ကွာဝေးပြီး အင်ပင်တိုက်နယ်ဆေးရုံ၊ အင်ပင်(အ.ထ.က)နဲ့ အင်ပင်ရဲစခန်းများသို့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးများ အားထားမှီခိုနေရပြီး ကျေးလက်ဌာနခွဲ ဆေးခန်းဖြစ်တဲ့ မြေပြာနဲ့ တစ်မိုင်ခန့်ဝေးကွာပါတယ်။ အင်ပင်မြို့သို့လည်းကောင်း၊ မြေပြာမြို့သို့လည်းကောင်း သွားရောက်နိုင်ရန် ထိန်သေးကုန်း-မြေပြာ-အင်ပင်မြေသားလမ်းပေါ်မှာ ရေသိုးချောင်းကဖြတ်သန်းစီးဆင်းနေပါတယ်။ ရေသိုးချောင်းဟာ ရေစီးသန်တဲ့တောင်ရွာချောင်းတစ်စင်းဖြစ်ပါတယ်။ ရိုးမပေါ်မှာရှိတဲ့ နတ်မီးတောင်အနောက်ဘက်ကျောက်တောင်၊ ကျော်တောင်၊ သံတောင်တို့မှ ချောင်းဖျားခံစီးဆင်းပြီး မန်းမြချောင်းအတွင်း စီးဝင်ပါတယ်။ ထိန်သေးကုန်း-မြေပြာ-အင်ပင်လမ်းဟာဖြတ်လျက်စီးဆင်းတဲ့ ရေသိုးချောင်းဟာ ၎င်းစီးဆင်းရာနေရာမှာ ထိန်သေးကုန်းကျေးရွာ ပြည်သူများကဝါးတံတား၊ ထန်းလုံးတံတားများနဲ့ဆောက်လုပ်ခဲ့ပြီးတော့ ရေစီးအားကြောင့် ပျက်စီးခဲ့ရပါတယ်။ ၂၀၀၀ ပြည့်နှစ်က ထိန်သေးကုန်းကျေးရွာပြည်သူများမှ ကိုယ်ထူကိုယ်ထ အရှည် ၄၆ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၂ ပေရှိတဲ့ သစ်သားတံတားတစ်စင်းတည်ဆောက်ပြီး ၂၀၁၈ ခုနှစ် ဇူလိုင်လမှာ တောင်ကျချောင်းရေကြောင့် ၎င်းတံတားပျက်စီးခဲ့ရပါတယ်။ ပျက်စီးစဉ်က ကျေးရွာလူတစ်စုက ယာယီဝါးတံတားထိုးပြီး ဆက်သွယ်ရေးမပြတ်တောက်ရန်ဆောင်ရွက်ခဲ့ပြီး ယခုအခါ မျောပါသွားတဲ့ တံတားဟောင်းကရနိုင်သမျှသစ်များဖြင့် သစ်သားတံတားတစ်စင်းကို ကိုယ်ထူကိုယ်ထ

ဆောက်လုပ်ခဲ့ပါတယ်။ ထိန်သေးကုန်းကျေးရွာဟာ တောင်သူလယ်သမားအားလုံးရဲ့ ထုတ်ကုန်များ ဖြစ်ကြတဲ့ စပါး၊ ပဲမျိုးစုံနဲ့ တောင်ယာထွက်ပစ္စည်းများအားလုံးကို ဒီတံတားက ဖြတ်သန်း/ သယ်ဆောင်/ ရောင်းဝယ်ရာ ကုန်ထုတ်တံတားတစ်စင်းလည်းဖြစ်ပါတယ်။ လယ်ယာကုန်ထုတ် လုပ်ငန်းမှာ ဒီပြောင်းလဲလာတဲ့ အခြေအနေအရအသုံးပြုလာတဲ့ စက်ကိရိယာများဖြစ်တဲ့ ရိတ်ချွေ စက်များ၊ လက်တွန်းလယ်ထွန်စက်များ၊ သယ်ယူပို့ဆောင်ရေးယာဉ်ငယ်များဟာ ၎င်းတံတားမှာ ဖြတ်သန်းအသုံးပြုခဲ့ရပါတယ်။ ယခုအခါ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားကုန်ထုတ် လုပ်ငန်းများပါ အသုံးပြုနိုင်တဲ့တစ်နှစ်သာခံတဲ့ တစ်ခါသုံးယာယီတံတားများအစား ခိုင်မာတဲ့ အမာခံတံတားတစ်စင်း ပြည်သူများအတွက် မဖြစ်မနေလိုအပ်ပါတယ်။ သို့ပါ၍ သက်ဆိုင်ရာကို မေးလိုသောမေးခွန်းမှာ တောင်ရိုးဒေသ လူမှုစီးပွားအဆင်ပြေရန် ထိန်သေးကုန်း-မြေပြာ- အင်ပင်လမ်းပေါ်ရှိ ရေသိုးချောင်းတံတားအား အမာခံတံတားတစ်စင်းတည်ဆောက်ပေးနိုင် ခြင်းရှိ/မရှိနှင့် တည်ဆောက်မည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည် ဖြစ်ကြောင်းသိလို၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနကဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား ထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဒေါက်တာကျောင်လင်းဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရောဝတီတိုင်းဒေသကြီး၊ မြန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် မေးမြန်းထားသော မြန်အောင်မြို့နယ်၊ တောင်ရိုးဒေသ ထိန်သေးကုန်းမြေပြာအင်ပင်လမ်းပေါ်ရှိ ရေသိုးချောင်းတံတားအား

အမာခံတံတားတစ်စင်း တည်ဆောက်ပေးနိုင်းခြင်းရှိ/မရှိနှင့် တည်ဆောက်ပေးမည်ဆိုပါက မည်သည့်ခုနှစ်တွင် တည်ဆောက်ပေးမည်ဖြစ်ကြောင်း သိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်အတွင်းရှိ ရေသိုးချောင်းတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသည့်လမ်းအဆင့် သတ်မှတ်ချက် Class(B)၊ ဦးစားပေးအဆင့်(၃)လမ်းဖြစ်တဲ့ ငှက်ကြီးကွင်း-မှန်တန်း-သဲဘို့လမ်းပေါ်ရှိ မြေပြာကျေးရွာနှင့် ဆက်သွယ်ထားသော ထိန်သေးကုန်း-မြေပြာလမ်းပေါ်တွင် တည်ရှိပါတယ်။ အဆိုပါသစ်သားတံတားကို ပေ ၆၀ အရှည် ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ဖို့ အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်း လျာထားပြီး ရန်ပုံငွေရရှိမှုပေါ်မူတည်၍ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။

**ငပုတောမြို့နယ်၊ ချောင်းဝကျေးရွာနှင့်အောက်သောင်ကျေးရွာသို့ ဆက်သွယ်သော ပျက်စီးနေသည့် တံတားအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အမီ ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းအောင်(ငပုတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ချောင်းဝကျေးရွာနှင့်အောက်သောင်ကျေးရွာတို့ကို ဆက်သွယ်တဲ့ ပျက်စီးနေသောတံတားကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အမီ ပြန်လည်တည်ဆောက်

ပေးနိုင်ရန် မည်သို့စီမံဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့်ပတ်သက်တဲ့ မေးခွန်းပဲဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြထားတဲ့ ချောင်းဝကျေးရွာအုပ်စုနှင့် အောက်သောင်ကျေးရွာအုပ်စုတို့ဟာ ပင်လယ်ကမ်းစပ်မှာတည်ရှိပါတယ်။ သူတို့ရဲ့အဓိက စားဝတ်နေရေးကတော့ ပင်လယ်ငါးဖမ်းလုပ်ငန်းဖြစ်ပါတယ်။ တဖန် ဒီဒေသဟာ ပင်လယ်ပြင်နှင့်ထိစပ်နေတဲ့အတွက် မုန်တိုင်းဒီရေတွေမြင့်တက်လာတဲ့အချိန်၊ မုန်တိုင်းကြုံတွေ့ရင်လည်း ဒီတံတားလေးကပဲ ဖြတ်သန်းသွားလာရတဲ့အတွက်ကြောင့်မို့လို့ အသက်ကိုအကာအကွယ်ပေးနေတဲ့ တံတားလေးလည်း ဖြစ်ပါတယ်။ ပိုမိုရှင်းလင်းလွယ်ကူစေရန် Power Point နှင့် တင်ပြခွင့်ပြုပါခင်ဗျား။

ဒါက ကျွန်တော့်ရဲ့မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တင်ပြထားတဲ့ တံတားက ဒီတံတားလေးပါ။ ဒီတံတားလေးဟာ နာဂစ်ကာလအပြီးမှာ ပြန်လည်ပြီးတော့ ပြုပြင်တည်ဆောက်နိုင်ခြင်း မရှိတဲ့အနေအထားကို ရောက်သွားတဲ့တံတားဖြစ်ပါတယ်။ နာဂစ်ကာလတုန်းက ဒီတံတားလေးဟာ အောက်သောင်ကျေးရွာက ပုဂ္ဂိုလ်တွေအများစုကို အသက်ကယ်ခဲ့တဲ့ တံတားလေးဖြစ်ပါတယ်။ အောက်ခြေတိုင်တွေ၊ ကွန်ကရစ်တိုင်တွေကျိုးပဲ့ပြီးတော့ အင်မတန်ပဲအန္တရာယ်ရှိနေတဲ့ အနေအထားကိုရောက်ရှိနေပြီဖြစ်ပါတယ်။ ဘေးကတိုင်တွေကတော့ အကူတိုင်တွေပါ။ ဒီကွန်ကရစ်တိုင်ကျိုးနေတဲ့အတွက် ကူပြီးတော့စိုက်ထားတဲ့တိုင်များဖြစ်ပါတယ်။ ဒါတွေကလည်း ကွန်ကရစ်သားတွေ ပဲ့ကျပြီးအတွင်းကအားဖြည့်ထားတဲ့ သံချောင်းတွေပေါ်ထွက်နေတဲ့ အနေအထားဖြစ်ပါတယ်။ ဒီပုံမှာဆိုရင်လည်း အပေါ်ကယက်မတန်းတွေဟာ ပြုတ်လုနီးပါးဖြစ်နေတဲ့အနေအထားရောက်နေပါပြီ။ ထို့အတွက်ကြောင့် ဒီတံတားဟာ ချောင်းဝကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကျေးရွာသူကျေးရွာသားများရဲ့ အဓိကအားထားရာတံတားဖြစ်ခြင်း၊ အောက်သောင်ကျေးရွာကနေပြီးတော့ ချောင်းဝ အ.ထ.က ကိုသွားရောက်ပြီးတော့ ကျောင်းတက်နေကြတဲ့ ကလေးသူငယ်တွေရဲ့၊ ကျောင်းသူကျောင်းသားတွေရဲ့ ပညာရေးအတွက် အင်မတန်မှအရေးကြီးတဲ့တံတားဖြစ်နေခြင်း၊ နောက်တစ်ခါ အန္တရာယ်ရှိလာတဲ့အခါမှာ၊ သဘာဝဘေးဒဏ်တွေကြုံတွေ့လာတဲ့အခါမှာ ဒီတံတားဟာ

အသက်ကယ်တံတားအဖြစ်အသုံးပြုလို့ရခြင်းကြောင့် ဒီတံတားကို ၂၀၂၀-၂၀၂၁ ဘတ်ဂျက်နှစ်အမီ တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် တကယ်လို့မရှိပါကလည်း မည်သည့်ဘတ်ဂျက်နှစ်မှာ တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုတဲ့အတွက်ကြောင့်မို့လို့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်မေးမြန်းသော ငပုတောမြို့နယ်၊ ချောင်းဝ ကျေးရွာနှင့်အောက်သောင်ကျေးရွာသို့ ဆက်သွယ်သော ပျက်စီးနေသည့် တံတားအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အမီ ပြန်လည်တည်ဆောက်ပေးနိုင်ရန် မည်သို့စီမံဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ ချောင်းဝကျေးရွာအုပ်စု၊ ချောင်းဝကျေးရွာရှိ အောက်သောင်ရပ်ကွက်၊ အလယ်သောင်ရပ်ကွက်၊ ချောင်းဝကျေးရွာသို့ ဆက်သွယ်ထားသောလမ်းပေါ်တွင် ဒေသခံပြည်သူများမှ ကိုယ်ထူကိုယ်ထ တည်ဆောက်ထားတဲ့ ကျေးရွာတွင်း သစ်သားတံတား (၆၀ x ၇ ပေ)မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲတဲ့ လမ်းပေါ်မှာရှိပါတယ်။ အဆိုပါသစ်သားတံတားမှာ ချောင်းဝကျေးရွာအတွင်းရှိ အိမ်ခြေ ၆၄၅ အိမ်၊ လူဦးရေ ၂၂၀၀ ကျော်ကို အကျိုးပြုတဲ့ တံတားဖြစ်ပါတယ်။ အဆိုပါတံတားအသစ်ပြန်လည် တည်ဆောက်ဖို့အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေတင်ပြထားခြင်းမရှိပါဘူးခင်ဗျား။ ဒါကြောင့်မို့လို့ လာမယ့် ၂၀၂၀-၂၀၂၁ မှာတော့ အဆိုပါသစ်သားတံတားကိုပဲ ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီးတော့ တံတားအသစ်တည်ဆောက်ခြင်းလုပ်ငန်းတွေကိုတော့ ၂၀၂၀-

၂၀၂၂ နောက်ပိုင်း ဘဏ္ဍာရေးနှစ်ကာလများမှာ ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ကလေးမြို့နယ်အတွင်း မြစ်သာမြစ်အရှေ့ဘက်ခြမ်းရှိ ကျေးရွာချင်းဆက်လမ်းပိုင်းများအား တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ရေးအတွက် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်မတင်ပြမေးမြန်းလိုတာကတော့ ကလေးမြို့နယ်အတွင်း မြစ်သာမြစ်အရှေ့ဘက်ခြမ်းရှိ ကျေးရွာချင်းဆက်လမ်းပိုင်းများအား တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ရေးအတွက် အနီးဆုံးမည်သည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့မဲဆန္ဒနယ်အတွင်းမှာ မြစ်သာမြစ်နှင့် နေရဥ္စရမြစ်ဆိုတဲ့ မြစ်ကြီးနှစ်စင်းဖြတ်သန်းစီးဆင်းနေပါတယ်။ မြစ်သာမြစ်အရှေ့ဘက်ခြမ်းမှာ ၁၉ ရွာ၊ အိမ်ထောင်စုပေါင်း ၂၉၅၄ စုနှင့် လူဦးရေ ၁၄၀၀၀ ဦးနေထိုင်လျက်ရှိနေပါတဘ်။ အထက်ပါပြည်သူများဟာ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ကုန်သွယ်ရေးအစရှိသဖြင့် လုပ်ငန်းပေါင်းများစွာအတွက် ရေစီးသန်တဲ့ မြစ်သာမြစ်ကိုခက်ခဲစွာဖြတ်သန်းကြရသလို တစ်ရွာနှင့်တစ်ရွာကူးလူးဆက်ဆံရေးအတွက်လည်း ချောမွေ့စွာသွားလာနိုင်ခြင်းမရှိသေးပါဘူးရှင်။ ဒီလမ်းပိုင်းဟာ တောင်ဖျားမှာရှိတဲ့ မန္တာကျေးရွာကနေ မြောက်ဖျားဆုံးရွာ အင်းကျော်ကျေးရွာထိ မိုင် ၄၀ ရှိပါတယ်။ လက်ရှိလမ်းပိုင်းအခြေအနေကတော့

မြစ်သဲကျောက်ခင်းလမ်း ၂၀ မိုင်၊ မြေသားလမ်း ၈.၅ မိုင်ရှိပြီးတော့ လမ်းအူကြောင်းရှာဖွေခြင်းလုပ်ငန်း ပြီးစီးပြီးတော့ မြေသားလမ်းအဖြစ် စတင်ဖောက်လုပ်ရန်ကျန်ရှိနေတဲ့ အပိုင်းကတော့ ၁၁.၅ မိုင် ရှိပါတယ်။ တံတားများရဲ့အခြေအနေကိုတင်ပြရရင် ၂၀၁၅ ကနေ ၂၀၁၉ ခုနှစ်အတွင်းမှာ နိုင်ငံတော် အစိုးရက ၁၀၀ ပေရှည်တဲ့တံတားတစ်စင်း၊ ၁၀၀ ပေအောက်တံတား ခုနစ်စင်းကိုလည်း တည်ဆောက် ပေးခဲ့ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့မဲဆန္ဒနယ်ရှိ ပြည်သူများဟာ မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ကြီးကိုပဲ အားကိုးနေလို့မရဘူး။ မိမိတို့ဘက်ကလည်း အားထုတ်ကြိုးပမ်းဖို့လိုအပ်တယ် ဆိုတာကို ကောင်းကောင်းသဘောပေါက်ထားကြသူများဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း ဒီလမ်းပေါ်မှာ ရပ်ရွာပြည်သူများက ၁၀၀ ပေအောက်တံတားနှစ်စင်းနှင့် နိုင်ငံတော်ကခင်းပေးတဲ့မြေသားလမ်းပေါ် မှာချက်ချင်းသွားလာနိုင်ရေးအတွက် မြေသဲကျောက်ခင်းခြင်းနှင့် မြစ်သဲကျောက်ခင်းခြင်းများ၊ ကျောက်ခင်းပြီးတဲ့လမ်းပိုင်းများအား အရည်အသွေးထိန်းသိမ်းနိုင်ရန်အတွက် လိုအပ်တဲ့နေရာများကို မြစ်သဲကျောက်များခင်းကျင်းလုပ်ငန်းများကို အစဉ်မပြတ်လုပ်ကိုင်ဆောင်ရွက်ကြပါတယ်။ ဒါတင် မကသေးပါဘူး။ ကျွန်မတို့ရဲ့ ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေမှလည်း မြစ်သဲကျောက် ခင်းခြင်းလုပ်ငန်းနှင့် တံတားဆောက်လုပ်ရေးအတွက် စုစုပေါင်း ၂၂၇ သိန်းချထားခဲ့ပြီး ကျေးရွာ ပြည်သူထည့်ဝင်ငွေနှင့် လုပ်အားပေါင်းစပ်ပြီး လုပ်ဆောင်ပေးနိုင်စွမ်းရှိသလောက် ဆောင်ရွက်ပေးခဲ့ ကြပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ အခုဆိုရင် မြစ်သာမြစ်ပေါ်ရှိ ပေါက်တောကျေးရွာအနီးက မြစ်သာ မြစ်ကူးတံတားတစ်စင်းကိုလည်း စတင်တည်ဆောက်နေပြီဖြစ်ပါတယ်။ တံတားပြီးစီးမှုနှင့်တစ်ပြိုင် တည်း တံတားအနီးပတ်ဝန်းကျင်ကျေးရွာများသာမက မြစ်အရှေ့ခြမ်းကျေးရွာများမှာ ပြည်သူများ အားလုံး ဒုက္ခဆင်းရဲကင်းစွာသွားလာနိုင်ရေးအတွက် ကျွန်မအခုတင်ပြတဲ့ လမ်းပိုင်းများ ဖောက်လုပ် အဆင့်မြှင့်တင်နိုင်ရေးဟာ အချိန်ကိုက်ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် အထက်ပါမေးခွန်းကို

မြစ်သာမြို့ အရှေ့ဘက်ကမ်းရှိ ဒေသခံများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး မေးမြန်းသော ကလေးမြို့နယ်အတွင်း မြစ်သာမြစ်အရှေ့ဘက်ခြမ်းရှိ ကျေးရွာချင်းဆက်လမ်းပိုင်းများအား တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ရေးအတွက် အနီးဆုံးမည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ် မြစ်သာမြစ်အရှေ့ဘက် ကမ်းရှိ ကျေးရွာချင်းဆက်လမ်းပိုင်းများမှာ မန္တာ-နွားကျေးရွာချင်းဆက်လမ်းအရှည် ၁၁ မိုင်၊ နွား-အင်းဒင်(မြောက်)ကျေးရွာချင်းဆက်လမ်းအရှည် ၁၇ မိုင်၊ အင်းဒင်-ကင်မွန်ခြံ-အင်းကျော်ကျေးရွာချင်းဆက်လမ်းအရှည် ၈/၂ မိုင် စုစုပေါင်း ၃၆/၂ မိုင် အရှည်ရှိပါတယ်။

အဆိုပါလမ်းပိုင်းများမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသောလမ်းစာရင်းတွင် ပါဝင်ခြင်းမရှိသေးသော်လည်း ဒေသခံပြည်သူများလမ်းပန်းဆက်သွယ်ရေးသွားလာရန် အဆင်ပြေစေရန်အတွက် မန္တာ-နွားကျေးရွာချင်းဆက်လမ်းပေါ်ရှိ နွားချောင်းကွန်ကရစ်တံတားအရှည် ၁၆၀ ပေအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပထမခြောက်လရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးခဲ့ပါတယ်။ ၎င်းလမ်းပိုင်းပေါ်မှာရှိတဲ့ အရှည် ၆၀ ပေ ကွန်ကရစ်တံတားတည်ဆောက်ဖို့အတွက် လာမယ့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စု

ရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တင်ပြတောင်းခံထားပါတယ်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ အဆိုပါ နွားး-အင်းဒင်ကျေးရွာချင်းဆက်လမ်း ၁၇ မိုင်အနက်မှ သုံးမိုင်ကို မြေသားလမ်းအဖြစ်ဆောင်ရွက်ဖို့အတွက်ကိုလည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်သွားနိုင်ရေးအတွက် ရန်ပုံငွေတင်ပြတောင်းခံထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်သာမြစ်အရှေ့ဘက်ခြမ်းရှိ ကျေးရွာချင်းဆက်လမ်းများမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ကျေးလက်လမ်းစာရင်းတွင် ပါဝင်ခြင်းမရှိသေးပါသဖြင့် အဆိုပါလမ်းများအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လမ်းများအဖြစ် လုပ်ထုံးလုပ်နည်းများနှင့်အညီ သိမ်းသွင်းပြီးနောက် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအား ရန်ပုံငွေများတင်ပြတောင်းခံပြီး ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ထီးချိုင့်မြို့နယ်ရှိ ခုတင်(၅၀)ဆံ့ဆေးရုံးသစ်အား မည်သည့်အချိန်တွင် ဖွင့်လှစ်မည်နှင့် လက်ရှိအသုံးပြုနေသော ဆေးရုံဟောင်းအား မည်သို့ဆက်လက်အသုံးပြုမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့

ဦးစွာနှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင် ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမှာကတော့ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ထီးချိုင့်မြို့မှာ တည်ဆောက်ဆဲ ခုတင်(၅၀)ဆံ့ ဆေးရုံစတင်ဖွင့်လှစ်နိုင်ရေးနှင့် စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။ လေးစား အပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ် ဆေးရုံ(၂၅)ခုတင်ဆံ့ကနေ ခုတင်(၅၀)ဆံ့ အဆင့်ကို ၂၀၁၅ ခုနှစ်မှာ တိုးမြှင့်သတ်မှတ်ခဲ့ပြီး လိုအပ်တဲ့ တိုးချဲ့နှစ်ထပ်လူနာကုသဆောင်နဲ့ ခြောက်ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာတို့ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်ခဲ့ ပါတယ်။ ဒါပေမဲ့ အဆိုပါအဆောက်အအုံတွေဟာ အသုံးပြုဖို့ အဆင်သင့်မဖြစ်သေးတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်မပြမေးခွန်းအဖြစ် ထီးချိုင့်မြို့ ခုတင်(၅၀)ဆံ့ဆေးရုံတွင် လိုအပ်လျက်ရှိသော ဆက်လက်လုပ်ကိုင်ရန်လိုအပ်သည့်ကိစ္စ များ၊ ခြံစည်းရိုးကာရံခြင်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ သားဖွားခန်း၊ ရင်ခွဲရုံစသည့်လုပ်ငန်းများကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် လျာထားကြောင်းသိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းခဲ့တဲ့ အခါမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ လက်ထောက်ဆရာဝန်နေအိမ်တစ်လုံးတည်ဆောက်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဓာတ်မှန်ခန်းနှင့် ကုသဆောင်တွေပါတဲ့ တိုးချဲ့နှစ်ထပ်ဆောင် ၃၀ ရာခိုင်နှုန်းတည်ဆောက်ခြင်းနှင့် ကျန် ၇၀ ရာခိုင်နှုန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ အပြီးတည်ဆောက်မှာဖြစ်ပါတယ်။ လတ်တလောအခြေအနေအရ မူလ ဆေးရုံဟောင်းနေရာမှာ အဆင်ပြေပေမဲ့ ကျွန်တော်တို့ရဲ့ပြည်သူတွေက အခုတင်ပြပါဆေးရုံနဲ့ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံကို အတူတူတည်ဆောက်ခဲ့ရာမှာ တိုင်းရင်းဆေးရုံက စတင်ဖွင့်လှစ် အသုံးပြုနေပြီး ခုတင်(၅၀)ဆံ့ဆေးရုံဖွင့်လှစ်မှုကိုမေးမြန်းကြတဲ့အခါ ဆောင်ရွက်ထားရှိမှုအခြေအနေ အရပ်ရပ်ကို ကျွန်တော်တို့ ထီးချိုင့်မြို့နယ်သူမြို့နယ်သားအားလုံးသိရှိစေလိုတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

**မူကြမ်း**

Power Point နဲ့ တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ၂၀၁၅-၂၀၁၆ ခုနှစ်မှာတည်ဆောက်ခဲ့တဲ့ ခုတင်(၅၀)ဆံ့ဆေးရုံ(မူလဆောင်)ဖြစ်ပါတယ်။ ဒါကတော့ ဖော်ပြပါအဆောင်နဲ့အတူတူ တည်ဆောက်ခဲ့တဲ့ ခြောက်ခန်းတွဲလေးထပ်ဝန်ထမ်းဆောင်ဖြစ်ပါတယ်။ ဒါကတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတည်ဆောက်ခဲ့တဲ့ လက်ထောက်ဆရာဝန်နေအိမ်ဖြစ်ပါတယ်။ ဒါကတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ဆဲ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဓာတ်မှန်ခန်းနဲ့ ကုသဆောင်တွေပါတဲ့ တိုးချဲ့နှစ်ထပ်ဆောင်(တည်ဆောက်ဆဲ)ဖြစ်ပါတယ်။ အထက်ဖော်ပြပါ လုပ်ငန်းများရဲ့ စုစည်းဓာတ်ပုံဖြစ်ပါတယ်။ ဒါကတော့ အခုလက်ရှိ ထီးချိုင့်မြို့နယ်ဆေးရုံဟောင်းရဲ့ ပုံဖြစ်ပါတယ်။ ဒါကတော့ ဆေးရုံဟောင်းနဲ့ တစ်ဆက်တည်းအလှူရှင် ဦးကျော်သိန်း+ဒေါ်ဆင့် (သိန်းဆင့်မိသားစု)က ပုဂ္ဂလိကလှူထားတဲ့ သိန်း ၁၀၅၀ တန် RC နှစ်ထပ်အဆောက်အအုံဖြစ်ပြီး လက်ရှိအသုံးပြုနေတဲ့အဆောင် ဖြစ်ပါတယ်။

သို့ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ် ခုတင်(၅၀)ဆံ့ဆေးရုံသစ်ကို မည်သည့်အချိန်တွင် ပြောင်းရွှေ့ဖွင့်လှစ်မည်နှင့် လက်ရှိအသုံးပြုနေသော ဆေးရုံဟောင်းအား မည်သို့ဆက်လက်အသုံးပြုမည်ကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီး

ဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြလေးစိန် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်ပြည်သူ့ဆေးရုံ၏ မြေအကျယ်အဝန်းမှာ ၂.၂၃ ဧကဖြစ်၍ ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပူးတွဲဆောင်ရွက်နေရပါသဖြင့် ပြည်သူလူထုအတွက် ကုသစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုအားဖြည့်နိုင်စေရန်အတွက် ၁၀ ဧကအကျယ်အဝန်းရှိသောမြေပေါ်တွင် ပြောင်းရွှေ့ဆောက်လုပ်ရန်ရည်မှန်း၍ ဆောင်ရွက်ခဲ့ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ် ခုတင်(၅၀)ဆံ့ဆေးရုံသစ်မြေနေရာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်က တိုးချဲ့နှစ်ထပ်လူနာဆောင်နှင့် ခြောက်ခန်းတွဲလေးထပ်ဝန်ထမ်းအိမ်ရာအဆောက်အအုံများ ဆောက်လုပ်ပေးခဲ့ပြီး တိုးချဲ့နှစ်ထပ်အဆောက်အအုံ လူနာဆောင်သီးသန့်ဖြစ်၍ ကုသရေးဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန် အဆောက်အအုံထပ်မံလိုကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ကုသရေးအတွက်လိုအပ်သည့် ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဓာတ်မှန်ခန်းပါ နှစ်ထပ်အဆောက်အအုံဆောက်လုပ်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၌ ခွင့်ပြုငွေ ၁၇၇.၃၀၀၀ ကျပ်သန်းနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၌ လျာထားငွေ ၃၉၉.၅၀၀၀ ကျပ်သန်းပါရှိပြီး ဆောက်လုပ်လျက်ရှိပါကြောင်းနှင့် ခုတင်(၅၀)ဆံ့ဆေးရုံသစ်အား ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိနေပါတယ်။ လက်ရှိအသုံးပြုလျက်ရှိသောဆေးရုံဟောင်းတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရောဂါတိုက်ဖျက်ရေးဌာန၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ ကျောင်းကျန်းမာရေးဌာန၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာန၊ တီဘီရောဂါတိုက်ဖျက်ရေးဌာန၊ ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးဌာန၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊ ဆီးချိုသွေးတိုးရောဂါတိုက်ဖျက်ရေးလုပ်ငန်း၊ ဖွားသေစာရင်းလုပ်ငန်းများနှင့် ပြင်ပလူနာကုသရေးဌာနအဖြစ်

ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းလေး မေးပါရစေခင်ဗျား။ အခုလို ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။ စောစောက ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှာ ရွှေ့ပြောင်းမယ်ဆိုတဲ့အတွက်လည်း အများကြီးဝမ်းသာ ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ လက်ရှိဆေးရုံမှာ လိုအပ်နေတာလေးတွေက ခြံစည်းရိုး ကာရံခြင်းရယ်၊ ဆေးရုံတွင်းမှာ ကွန်ကရစ်လမ်းခင်းတဲ့ကိစ္စလေးတွေ ကျန်နေပါသေးတယ်။ အဲဒါလေးကိုများ ဘယ်လိုများဆက်လက်ဆောင်ရွက်ပေးနိုင်မလဲဆိုတာ ကျေးဇူးပြု၍ ဖြေပေးပါအုံး ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ ကျွန်မအနေနဲ့ ပြန်လည်တင်ပြပြီးတဲ့အခါမှာ လိုအပ်တဲ့ဘဏ္ဍာငွေကို ထည့်သွင်းပေးဖို့ တောင်းဆို ပေးသွားမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရွှေပြည်သာမြို့နယ်တွင် ဘောလုံးကွင်းနှင့်ယှဉ်တွဲ၍ လေ့ကျင့်ရေးပစ္စည်းများနှင့်အတူ ပြေးခုန်ပစ် အားကစားကွင်းတစ်ကွင်းကို ၂၀၂၀-၂၀၂၁ ခုနှစ် ဘတ်ဂျက်နှစ်တွင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ကျွန်တော် ရွှေပြည်သာမြို့နယ် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးဉာဏ်လင်းမှဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရွှေပြည်သာမြို့နယ်တွင် ဘောလုံးကွင်းနှင့်ယှဉ်တွဲပြီးတော့ လေ့ကျင့်ရေးပစ္စည်းများနှင့်အတူ ပြေးခုန်ပစ်အားကစားကွင်းတစ်ကွင်းကို ၂၀၂၀-၂၀၂၁ ဘတ်ဂျက်မှာ တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်ဒီမေးခွန်းကိုမေးမြန်းရတဲ့ရည်ရွယ်ချက်ကတော့ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်သန်စွမ်းစေရန်နဲ့ ထူးချွန်ထက်မြက်တဲ့နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ပါတယ်။ ကြောင်းကျိုးဖော်ပြချက်အနေနဲ့ ပြေးခုန်ပစ်အားကစားဟာ အရှေ့တောင်အာရှအားကစားပြိုင်ပွဲများမှာ ကျား/မပြိုင်ပွဲတွေအလိုက်ကို ရွှေ ၄၆ ခု၊ ငွေ ၄၆ ခု၊ ကြေး ၄၆ ခုနေရာယူထားပါတယ်။ ဒါကြောင့်မို့လို့ ပြေးခုန်ပစ်အားကစားမှာ အောင်မြင်တဲ့နိုင်ငံတွေဟာ နိုင်ငံအလိုက်အားကစားမှာ ပထမအဆင့်မှာ ဝင့်ဝင့်ထည်ထည်ရပ်တည်နေတာကိုတွေ့ရမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက အားကစားများအနက် ပြေးခုန်ပစ်အားကစားနည်းသည်ဦးစီးခေါင်းကိုင်ဖခင်ဖြစ်သည်။ အိုလံပစ်အားကစားပြိုင်ပွဲများတွင် မူလအစဖြစ်သည်။ လူ့သဘာဝမှပေါက်ဖွားလာခြင်းဖြစ်သည်။ အားကစားနည်းအားလုံးအတွက် အခြေခံကျပေသည်ဟုအတွေးအခေါ်ပညာရှင်များကလည်းပဲ ဆိုထားတဲ့အတွက်ကြောင့် ဒီပြေးခုန်ပစ်အားကစားကိုနိုင်ငံတော်ကအားပေးပြီးတော့အားကစားကွင်းများကို တည်ဆောက်ပေးသင့်ပါတယ်။ မြန်မာ့ပြေးခုန်ပစ်အားကစားနဲ့ပတ်သက်ပြီးပြန်ကြည့်မယ်ဆိုရင် ၁၉၆၁ ခုနှစ်နဲ့ ၁၉၆၉ ခုနှစ်မှာ အရှေ့တောင်အာရှအားကစားပြိုင်ပွဲများအားလုံးမှာ မြန်မာနိုင်ငံဟာ ပထမအဆင့်မှာ နှစ်ကြိမ်တိုင်တိုင်ရပ်တည်နိုင်ခဲ့ပါတယ်။ အဲဒီကာလတွေကိုကြည့်မယ်ဆိုလို့ရှိရင် ပြေးခုန်ပစ်အားကစားရဲ့ ရွှေခေတ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့နိုင်ငံအလိုက်ရပ်တည်နိုင်တာ တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီမှာအကြမ်းအားဖြင့်ကြည့်မယ်ဆိုရင်ကျွန်တော်တို့နိုင်ငံဟာ အရှေ့တောင်အာရှတင်မဟုတ်ဘဲနဲ့ ကမ္ဘာ့အိုလံပစ်အထိအောင်မြင်ခဲ့တယ်။ အဲဒီမှာ ဂျင်မီခရင်တန်၊ သန်းသန်း၊ ခင်ခင်ထွေး၊ မာမာမင်း၊ ဂျင်နီဖာတင်လေး စတဲ့အားကစားသမားတွေဟာဆိုလို့ရှိရင် ရွှေ၊ ငွေ၊ ကြေးတွေကို ရရှိခဲ့ကြတယ်။ ထို့အတူပဲ တပ်မတော်မှာ

ဆိုလို့ရှိရင်လည်းပဲ ဒီအိုလံပစ်ပြိုင်ပွဲအဆင့်အထိကို အာရှနဲ့ Sea Game ပြိုင်ပွဲတွေမှာ ရေဘာတ်၊ ကိုကို၊ အာဖူ၊ ရှင်ဗွေဂမ်း၊ မီတုန်းနော် စတဲ့အားကစားသမားတွေဟာ ရွှေ၊ ငွေ၊ ကြေးတို့ကို ယူပြီးတော့ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြတာကို တွေ့ရှိရပါတယ်။ ဒါပေမဲ့ နောက်ပိုင်းနှစ်အခြေအနေ တွေမှာတော့ ကျွန်တော်တို့နိုင်ငံဟာ ပြေးခုန်ပစ်အားကစားဟာ မှေးမှိန်လာတာနဲ့အတူ ကျွန်တော်တို့နိုင်ငံအဆင့်မှာလည်းပဲ အာရှအဆင့်မပြောနဲ့ အရှေ့တောင်အာရှအဆင့်မှာပဲ အဆင့်(၇)နဲ့(၈)မှာပဲရှိတာကို တွေ့ရပါတယ်။ အထက်ဖော်ပြပါ ကျွန်တော်တင်ပြခဲ့တဲ့ ရည်ရွယ်ချက်တွေအောင်မြင်ဖို့ဆိုလို့ရှိရင် နိုင်ငံတော်ရဲ့အခြေခံအုတ်မြစ်ဖြစ်တဲ့ မြို့နယ်တွေကနေ စရပါမယ်။ မြို့နယ်တွေစတဲ့အခါမှာလည်း နိုင်ငံတော်ရဲ့စီးပွားဖွံ့ဖြိုးမှု၊ ဘတ်ဂျက်အနေအထားအရ မြို့နယ်တိုင်းမှာ ပြေးခုန်ပစ်အားကစားကွင်းတည်ဆောက်ပေးဖို့ဆိုတာ လောလောဆယ် လက်တွေ့ အခြေအနေတွေအရ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ မအားပေးလို့ရှိရင်မဖြစ်တဲ့ဒီအားကစားနည်းကို အားပေးတဲ့အခါမှာ ထူးချွန်ထက်မြက်တဲ့ဒီပြေးခုန်ပစ်အားကစားသမားတွေကို မွေးထုတ်ပေးနေတဲ့ မြို့နယ်ထဲကနေစမယ်ဆိုရင် ဒါလက်တွေ့ကျလည်းကျတယ်။ ဖြစ်နိုင်တယ်။ အဲဒီတော့ ကျွန်တော်တို့ မြို့နယ်မှာဆိုလို့ရှိရင်လည်းပဲ လက်ရှိအားကစားသမားတွေအနေနဲ့ လူငယ်တွေကိုမွေးထုတ်ပေး နေတဲ့ ပိုးကြွ၊ တုတ်ထောက်ခုန်ချန်ပီယံနဲ့ စွယ်မျိုးစုံချန်ပီယံကနေပြီးတော့ ဦးစိုးမြင့်အောင်နဲ့ဦးစီး ပြီးတဲ့အခါကျတော့ လူငယ်ကစားသမားတွေမွေးထုတ်ပေးတဲ့အခါမှာ စိုးမင်းထွေး(တုတ်ထောက်ခုန် မြန်မာ့လက်ရွေးစင်)၊ ဟန်ဝေဖြိုး(မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀ ပဏာမမြန်မာ့လက်ရွေးစင်)နဲ့ တရုတ်ပြည် မှာထိ ငါးနှစ်သင်တန်းသွားရောက်တက်ရောက်နေတဲ့ အနေအထားတွေရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုအလားအလာရှိတဲ့မြို့နယ်ထဲကနေ လေ့ကျင့်ပေးမယ်ဆိုရင် တိုင်းပြည်ရဲ့ရည်ရွယ်ချက်တွေ၊ ဂုဏ်တွေပြည့်မယ်။ ဒီအားကစားသမားတွေကိုအားကျပြီးတော့ ကျန်တဲ့ကျောင်းသားလူငယ်ကစား သမားတွေကလည်းပဲ လိုက်ပြီးကစားလာမယ်ဆိုလို့ရှိရင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်သန်စွမ်းဖို့ ဆိုတဲ့ နိုင်ငံတော်ရဲ့ရည်ရွယ်ချက်လည်းပြည့်မီမယ်။

ဒီကနေထူးချွန်ထက်မြက်တဲ့ ပြေးခုန်ပစ်ကစား သမားတွေကလည်းပဲ အတိတ်မှာတုန်းကလိုပဲ ပြန်လည်ပြီးတော့နိုးထလာပြီးတဲ့အခါကျတော့ တိုင်းပြည်ဂုဏ်ဆောင်နိုင်မှာဖြစ်တဲ့အတွက်ကြောင့် ရွှေပြည်သာမြို့နယ်မှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေး နှစ်မှာ မြို့နယ်ပြည်သူ့ဘောလုံးကွင်းနဲ့ယှဉ်တွဲ၍ ပြေးခုန်ပစ်အားကစားကွင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနသို့ မေးမြန်း အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ ကြယ်ပွင့်ပြ မေးခွန်းအား ကျွန်မဒေါက်တာဒေါ်မြလေးစိန်မှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင်။ ပြေးခုန်ပစ်အားကစားနည်းနဲ့ ရေကူးအားကစားနည်းဟာ အိုလံပစ်အားကစားနည်းရဲ့အဓိကအားကစားနည်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလိုပါပဲ။ လူသားရဲ့ဘဝတစ်လျှောက်တွေ့ကြုံရတဲ့အခက်အခဲတွေကို ကျော်လွှားနိုင်ရန်အတွက် မရှိမဖြစ်တက်မြောက်ရမယ့် အားကစားနည်းနှစ်မျိုးဖြစ်ကြောင်း အတွေးအခေါ်ပညာရှင်တွေကိုက တိုက်တွန်းပြီးတော့ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ ၂၀ ရာစုနှစ်လောက်ကစပြီး ပြေးခုန်ပစ်ပြိုင်ပွဲများကို BAA(Burma Athletics Association)က ကြီးမှူးပြီးတော့ မြို့မကျောင်းမှာရှိတဲ့ မြင်းပြိုင်ကွင်းဟောင်း မိုင်တာကွင်းမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ၁၉၁၀ ခုနှစ်မှစပြီး ပြေးခုန်ပစ်ပြိုင်ပွဲများကို အောင်ဆန်းအားကစားပြိုင်ကွင်း၊ ၁၉၄၇ ခုနှစ်မှာ အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီနဲ့ဆက်သွယ်မှုရရှိပြီး IOC (International Olympic Committee)အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးတဲ့အခါမှာ ပြေးခုန်ပစ်အားကစားနည်းဟာလည်း ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့မှာ တရားဝင်အဖွဲ့အစည်းအဖြစ်ရပ်တည်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရှင်။

**မူကြမ်း**

၁၉၅၅ ခုနှစ်တွင် မြန်မာ့ပြေးခုန်ပစ်အားကစားနည်းတိုးတက်ဖွံ့ဖြိုးလာစေရန် နိုင်ငံတကာပြိုင်ပွဲများမှာ ဆုတံဆိပ်ရရှိစေရန်အတွက် အမေရိကန်နိုင်ငံကနေပြီးတော့ နည်းပြဆရာတစ်ဦးအား ငှားရမ်းပြီးတော့ မြန်မာနိုင်ငံမှာရှိတဲ့နည်းပြများကိုလည်း လေ့ကျင့်ပေးခြင်း၊ မြန်မာနိုင်ငံမှာရှိတဲ့နည်းပြများအား နိုင်ငံတကာများသို့စေလွှတ်ပြီးတော့ နည်းပြပညာများကိုသင်ယူပေးခဲ့ပါတယ်။ ပြေးခုန်ပစ်အားကစားနည်းဟာ အရှေ့တောင်အာရှနဲ့အာရှအားကစားပြိုင်ပွဲမှာအချိန်အတော်ကြာ မြန်မာနိုင်ငံက လွှမ်းမိုးနေတာကိုတွေ့ရှိရပြီးတော့ မြန်မာတို့ဟာ ရွှေခေတ်တစ်ခုကို တည်ထောင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကတော့ အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ပြေးခုန်ပစ်အားကစားနည်းတဖြည်းဖြည်းနဲ့ကျဆင်းလာရတာကို ပြတဲ့ Slide ဖြစ်ပါတယ်။

အခုဆက်လက်ပြသမယ့် Slide ကတော့ ခုနကလွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အတိုင်းပဲ အောင်မြင်မှုရရှိခဲ့တဲ့ ပြေးခုန်ပစ်အားကစားသမားတွေကို တင်ပြသွားမှာဖြစ်ပါတယ်။ Power Point များဆက်လက်ပြီးတော့ ပြပေးပါ။ အဲဒီထဲမှာ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးဖြစ်တဲ့ ဦးသန့်စင်နဲ့ဦးစာလေလတို့ဟာဆိုရင်လည်း ရွှေခေတ်လွှမ်းတဲ့အချိန်တုန်းက မြန်မာနိုင်ငံရဲ့ဂုဏ်ကိုဆောင်ခဲ့ကြသူများဖြစ်ပါတယ်ရှင်။ နာမည်ကြီးအားကစားသမားလည်းဖြစ်တဲ့ ထူးချွန်နည်းပြလည်းဖြစ်တဲ့ ဦးကျော်ခင်ဟာ ၁၉၆၉ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ နည်းပြချုပ်အဖြစ်ဆောင်ရွက်ခဲ့ပြီးတော့ နိုင်ငံဂုဏ်ဆောင်အားကစားသမား၊ မြန်မာ့လက်ရွေးစင်မြောက်မြားစွာကို လေ့ကျင့်သင်ကြားမွေးမြူပေးခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ အာရှတိုက်ကိုကိုယ်စားပြုပြီး ကျွန်မတို့နိုင်ငံအနေနဲ့ သွားရောက်ပြီးယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ ပြေးခုန်ပစ်ရဲ့အားကစားနည်းဆောင်ပုဒ်ဖြစ်တဲ့ မြန်မြန်ပြေး၊ ဝေးဝေးပြေး၊ မြင့်မြင့်ခုန်သတ်မှတ်ထားခဲ့ရာ ခန္ဓာကိုယ်ကြံ့ခိုင်မှု၊ သက်လုံကောင်းမှု၊ သွက်လက်လျင်မြန်ပေါ့ပါးမှု၊ ဖွဲ့လုံ့လစိတ်ဓာတ်ကြံ့ခိုင်မှုတို့ကို နိုင်ငံသူနိုင်ငံသားများအတွက်လည်းကောင်း၊ လူငယ်လူရွယ်များ၊ အားကစားသမားများအားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အထူးလိုအပ်တဲ့အားကစားနည်းဖြစ်ပါတယ်။ နိုင်ငံတကာအားကစားပြိုင်ပွဲမှာလည်း တစ်ဦးတည်း

ကနေပြီးတော့ ရွှေတံဆိပ်သုံး၊ လေးခုရရှိနိုင်တဲ့ individual အားကစားနည်းဖြစ်ပါတယ်။ ပြေးခုန်ပစ်အားကစားနည်းကိုရွှေတံဆိပ် ၄၆ ခုထိချီးမြှင့်လေ့ရှိရာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန်အတွက်အခွင့်အလမ်းအများဆုံးအားကစားနည်းဖြစ်တဲ့အတွက်ကြောင့် နိုင်ငံ့ရဲ့အားကစားအဆင့်အတန်းလည်း မြင့်တက်လာမှာဖြစ်ပါတယ်။ ပြေးခုန်ပစ်မျိုးဆက်သစ်အများအပြားပေါ်ထွက်လာစေရန်အတွက် ကျောင်းပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲ၊ မြို့နယ်/ခရိုင်ပြေးခုန်ပစ်ပြိုင်ပွဲ၊ တိုင်းဒေသကြီး/ပြည်နယ်ပြေးခုန်ပစ်ပြိုင်ပွဲ၊ တက္ကသိုလ်ပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲ၊ ကြီး/ရေ/လေပြိုင်ပွဲများနှင့်ဝန်ကြီးဌာနပြိုင်ပွဲများအား စဉ်ဆက် မပြတ်ဆောင်ရွက်လျက်ရှိနေပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနပိုင် မီတာ ၄၀၀ ပြေး ခုန်ပစ်ကွင်းမှာ ဘောလုံးကွင်းပေါင်း ၂၃၄ ကွင်းရှိပြီး မီတာ ၄၀၀ Athletic ကွင်းပေါင်း ၁၇ ကွင်း ရှိပါတယ်။ ဒီကွင်းနှစ်ကွင်းကိုဆောက်ဖို့ ကျပ်သန်းပေါင်း ၃၄၅ သန်းကုန်ကျတာ ဖြစ်ပါတယ်။ နိုင်ငံတော်ကလည်း ခွင့်ပြုပေးလျက်ရှိပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်ဘောလုံးကွင်းနဲ့ယှဉ်တွဲပြီးတော့ အားကစားလေ့ကျင့်ရေး ပစ္စည်းများနှင့်အတူ ပြေးခုန်ပစ်အားကစားကွင်း၊ အားကစားရုံတစ်ရုံတို့ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေး နှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေစာရင်းတွင် ထည့်သွင်းထားပြီးတော့ ဦးစားပေးအနေနဲ့အားကစားရုံတစ်ရုံကိုစတင်ခွင့်ပြုပြီး ပြေးခုန်ပစ်အားကစားကွင်းအနေနဲ့တော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေစာရင်းမှ ဆက်လက်ပြီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဘောလုံးကွင်းနှင့်ယှဉ်၍တည်ရှိတဲ့ ပြေးခုန်ပစ်ကွင်းများတွင် လေ့ကျင့်ခွင့်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာသို့တင်ပြပြီးတော့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဉာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)။** ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ ခင်ဗျား။ ကျွန်တော််အနေနဲ့ကတော့ ဒီမေးခွန်းဟာ အင်မတန်အလေးအနက် ထားပြီးမေးတာပါ။ အခု ကျွန်တော််ရဲ့မေးခွန်းကို အပေါ်ယံကြည့်ရင်တော့ ရွှေပြည်သာမြို့နယ်အတွက်ပဲလို့ထင်ရပေမဲ့ တကယ်တော့ ကျွန်တော်ကနိုင်ငံတော်အတွက်ကို ရည်ရွယ်တာပါ။ အဲဒီတော့ကျွန်တော်တို့ အခု တင်ပြချင်တာက သမိုင်းအစဉ် အလာလည်း အင်မတန်ကြီးမားပြီးတော့ နိုင်ငံအတွက်ကို အစဉ်တစိုက် ပြေးခုန်ပစ်အားကစား သမားတွေမွေးထုတ်ပေးနေတဲ့ အောင်ဆန်းကွင်း၊ ခုနတုန်းက ဒုတိယဝန်ကြီး တင်ပြသွားသလိုပေါ့။ ဒီအားကစားကွင်းတွေဟာလည်း ပြေးခုန်ပစ်အားကစား အင်မတန်နည်း ပါတယ်။ ဒီအောင်ဆန်းကွင်းအနေနဲ့ဆိုလို့ရှိရင် ကျွန်တော်တို့အခုကြည့်တဲ့အခါမှာ အားလုံးခြောက် သယောင်းပြီးတော့ ပြေးခုန်ပစ်ကွင်းနဲ့ ဘောလုံးကွင်းနဲ့ယှဉ်တွဲပြီးတော့ အတူတူတည်ရှိပင် တည်ရှိ ငြားသော်လည်းပဲ အတိတ်သမိုင်းတုန်းက အင်မတန် ထူးချွန်ပြောင်မြောက်တဲ့ အားကစားသမားတွေ ကိုမွေးထုတ်ပေးခဲ့တဲ့ ကွင်းလို့တောင်မှ ယူဆလို့မရတဲ့ အနေအထားမှာ ရှိပါတယ်။ အဲဒီတော့ ရန်ကုန် မြို့ဟာဆိုလို့ရှိရင် အစစအရာရာ အဘက်ဘက်ကနေ အမြင်ကျယ်တဲ့မြို့နယ်ဖြစ်ပြီး အောင်ဆန်းကွင်းက နိုင်ငံ့လက်ရွေးစင်အတွက် တအားကောင်းတဲ့ကွင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ရဲ့မေးခွန်းရည်ရွယ်ချက်တွေနဲ့ ပေါက်မြောက်အောင် ဒီလိုဖြစ်နေတဲ့အားကစားကွင်းကြီး ကို ဟောင်းနွမ်းပြီးတော့ လုံးဝလေ့ကျင့်မှုတွေကင်းမဲ့နေတဲ့ အောင်ဆန်းကွင်းကြီးရဲ့ ပြေးခုန်ပစ် ကွင်းတွေကို ပြန်လည်ပြီးတော့အသက်သွင်းပြီးတော့ အတိတ်တုန်းကလိုပဲ ကောင်းမွန်အောင် အားကစား သမားကောင်းတွေ လေ့ကျင့်ပြီးတော့ နိုင်ငံတော်အတွက်မွေးထုတ်ပေးနိုင်အောင် ပြန်လည်ပြီးတော့ ပြုပြင်မွမ်းမံတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားနိုင်ကဖြေကြားပေးပါ။

**မှုကြမ်း**

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။ ။**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြသွားသလို အောင်ဆန်းကွင်းဟာ ခေတ်စနစ်နဲ့အညီပြန်လည်ပြုပြင်နိုင်ရေးအတွက် စစ်ဆေးမှုတွေပြုလုပ်ခဲ့ ပါတယ်။ အဆောက်အဦများကြံ့ခိုင်မှုရှိ/မရှိကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန ကို အကူအညီတောင်းခံပြီးစစ်ဆေးမှုပြုလုပ်ခဲ့ရာ ၇၀ ရာခိုင်နှုန်း ကြံ့ခိုင်မှုမရှိတဲ့အတွက်ကြောင့် အသုံးပြုရန်မသင့်တော်ကြောင်းစိစစ်တွေ့ရှိရပါသဖြင့် အောင်ဆန်း ကွင်းအား အောင်ဆန်းအားကစား ပြိုင်ကွင်းအဆင့်မြှင့် ပြန်လည်တည်ဆောက်နိုင်ရေး အတွက် စီစဉ်ဆောင်ရွက်လျက်ရှိနေပါတယ်။ ၂၈-၇-၂၀၂၀ ရက်နေ့ နေပြည်တော် ရုံးအမှတ်(၃၁)မှာလည်း အစည်းအဝေးပြုလုပ်ခဲ့ပါတယ်။ ဒီအစည်းအဝေးမှာလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေး ဝန်ကြီး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အဆောက်အဦအင်ဂျင်နီယာ ဗိသုကာပညာရှင်များ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဗိသုကာ ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တာဝန်အဖွဲ့ဝင်များ တက်ရောက်ပြီးတဲ့အခါမှာ အောင်ဆန်းကွင်းကိုမြို့ရဲ့အင်္ဂါရပ်နဲ့အညီ ပြန်လည်တည်ဆောက်နိုင် ရေးနှင့်အတူ ပြည်သူများအတွက် အကျိုးပြုစေမည့်ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် ဆွေးနွေးတဲ့လုပ်ငန်းတွေကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိနေပါတယ်ရှင်။ လွှတ်တော် ကိုယ်စားလှယ်ကြီးတင်ပြသွားသလိုပါပဲ။ ကျွန်မတို့အနေနဲ့ ဒီပြေးခုန်ပစ်လုပ်ငန်းတွေ၊ ပြေးခုန်ပစ်နဲ့ ပတ်သက်တဲ့ အားကစားနည်းပြန်လည်အောင်မြင်နိုင်ဖို့အတွက် စီမံချက်တွေချပြီးတော့ ဆောင်ရွက် ရမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ကျွန်မတို့အနေနဲ့ကတော့ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ တိုင်းဒေသကြီး၊ ခရိုင်တွေမှာ ပြိုင်ပွဲတွေစဉ်ဆက်မပြတ်(နှစ်လုံးပေါက်)ပြုလုပ်ပေးရမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသလိုပဲ ပြေးခုန်ပစ်အားကစားတိုးတက်

ရန်အတွက် လိုအပ်တဲ့အနေနဲ့ကတော့ (၁)ကတော့ Infrastructure လို့ခေါ်တဲ့အားကစားကွင်း၊ ဒီအားကစားကွင်းတစ်ခုတည်းနဲ့မရပါဘူး။ ခေတ်မီသိပ္ပံနည်းကျလေ့ကျင့်နိုင်သော Scientific Training Facility များလိုအပ်မှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ပင်ကိုယ်ဗီဇပါလာတဲ့ (Talented Player)တွေရှာဖွေရမှာဖြစ်ပါတယ်။ Dedicated Devoted Scientific Training နည်းပြဆရာကိုယ်တိုင်ကလည်း သိပံ္ပနည်းကျကျနားလည်ပြီးတော့ တကယ့်ကိုသူ့ရဲ့ဘဝ တစ်ခုလုံးကို ရင်းနှီးမြှုပ်နှံပြီး ဆောင်ရွက်ပေးနိုင်တဲ့နည်းပြမျိုးတွေလည်း လိုအပ်နေတာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဘဏ္ဍာငွေလုံလောက်စွာထောက်ပံ့ပေးဖို့လိုမှာ ဖြစ်ပါတယ်။ စွမ်းရည်မြင့်မားတဲ့ အားကစားတွေတိုးတက်လာစေရန်အတွက် စိတ်အားစေတနာထက်သန်ကောင်းမွန်သော မြန်မာ့ အားကစားအဖွဲ့ချုပ်များရဲ့ တည်ရှိမှုအခန်းကဏ္ဍကလည်း အရေးကြီးပါတယ်။ ဦးစီးဌာနရဲ့ အားကစားနဲ့ပတ်သက်တဲ့ အတွေးအခေါ်မြင့်မားသော Future Plan များကိုရေးဆွဲအကောင်အထည် ဖော်နိုင်မှုကလည်း အရေးကြီးပါတယ်။ ဝန်ကြီးဌာနရဲ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအမံနဲ့ ၎င်းအစီအမံများကို သေချာစွာလိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မယ့် လူသားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်ပြီးတော့ သိပ္ပံနည်းကျတဲ့သုတေသနလုပ်ငန်းများဖြင့် ဆောင်ရွက်ပေးနိုင်သော လုပ်ငန်းကော်မတီရဲ့ ဖြစ်တည်မှုကလည်းအရေးကြီးပါတယ်။ ယခုအစိုးရလက်ထက်မှာတော့ ကွင်းတွေ၊ ရုံတွေမြောက်မြားစွာတည်ဆောက်ထားပေးပြီးဖြစ်ပါတယ်။ ၎င်းကွင်း၊ ရုံများဟာ အားကစားကို စိတ်ပါဝင်စားသောလူငယ်လူရွယ်များ၊ ကျန်းမာရေးအတွက်အားကစားသည် နိုင်ငံမှာ ရှိတဲ့လူငယ်လူရွယ်များ ကျန်းမာဖွံ့ဖြိုးရေးအတွက် လိုအပ်တယ်ဆိုတာကိုနားလည်ပြီးတော့ မိမိ ကိုယ်တိုင်၊ မိဘ၊ ဆွေးမျိုး၊ အသိုင်းအဝိုင်းများရဲ့တွန်းအားနဲ့ ကွင်းထဲမှာလာရောက်ကစားနိုင်မှ သာလျှင် ကျွန်မတို့ရဲ့လုပ်ငန်းတွေဆက်လက်အောင်မြင်မည်ဖြစ်ကြောင်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**မူကြမ်း**

**ကျန်းမာရေးနှင့်ညီညွတ်သော သောက်ရေသန့်များ ထုတ်လုပ်ဖြန့်ဖြူး သယ်ယူရောင်းချခြင်း စနစ်ဖြစ်စေရန် မည်သို့ပညာပေး ကြီးကြပ်ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေဘိုဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားရတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ယနေ့ကျွန်မမေးမြန်းမယ့်မေးခွန်းက ကျန်းမာရေးနှင့်ညီညွတ်သော သောက်ရေသန့်များ ထုတ်လုပ်ဖြန့်ဖြူးသယ်ယူရောင်းချခြင်းစနစ်ဖြစ်စေရန် မည်သို့ ပညာပေးကြီးကြပ်ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဒီမေးခွန်းမေးမြန်းဖို့အတွက် ကျွန်မအနေနဲ့ ပထမဦးစွာ မေးမြန်းရတဲ့ရည်ရွယ်ချက်ကို အကျဉ်းမျှဆွေးနွေးပါရစေ။ ၂၀၁၁ ခုနှစ်တုန်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ပြောပါတယ်။ လူတွေသောက်သင့်တဲ့ရေသန့်ဆိုလို့ရှိရင် အချက်လေးချက်နဲ့ညီညွတ်သင့်တယ်လို့ ဆိုပါတယ်။ အဲဒါကဘာလဲဆိုတော့ ပထမဦးဆုံးအချက်အနေနဲ့ အဏုဇီဝပိုးမွှားဆိုင်ရာရှုထောင့်ကနေကြည့်မယ် ဆိုလို့ရှိရင် လူတွေရဲ့ဘေးဥပဒ်ဖြစ်စေတဲ့ ပိုးမွှားတွေမပါဝင်ဖို့၊ နံပါတ်(၂)အချက်အနေနဲ့ ဓာတ်သတ္တု ဆိုင်ရာရှုထောင့်ကကြည့်မယ်ဆိုလို့ရှိရင်လည်း လူတွေအတွက် ကျန်းမာရေးကိုအဆိပ်သင့်စေနိုင်တဲ့ ဓာတ်သတ္တုတွေ ရေထဲမှာပျော်ဝင်မနေစေဖို့နဲ့ ရေရှည်မှာကင်ဆာအဖြစ် ပြောင်းလဲစေနိုင်တဲ့ ဓာတ်သတ္တုတွေ ရေထဲမှာမပျော်ဝင်စေဖို့လိုတယ်လို့ ဆိုပါတယ်။ နံပါတ်(၃)အချက်အနေနဲ့ ရေဒီယို ဓာတ်ကြွမှုဆိုင်ရာရှုထောင့်ကကြည့်မယ်ဆိုလို့ရှိရင်လည်း ရေဒီယိုဓာတ်ကြွပစ္စည်းတွေဟာ ရေထဲမှာ ပါဝင်မနေစေဖို့လိုတယ်လို့ ဆိုပါတယ်။ နံပါတ်(၄)အချက်အနေနဲ့ ရေရဲ့အရောင်၊ အနံ့၊ အဆင်း၊ အရသာဟာလည်း လူတွေလက်ခံနိုင်ဖွယ်ရာ ဖြစ်ရမယ်လို့ဆိုပါတယ်။ အဲဒီတော့ ကျွန်မဒီနေ့ မေးမြန်းတဲ့မေးခွန်းက ကျွန်မတို့နိုင်ငံရဲ့ဈေးကွက်မှာ ယနေ့ ရေသန့်ဆိုပြီးရောင်းချနေတဲ့၊

ပြည်သူတွေတန်ဖိုးတစ်ခုပေးပြီးတော့ ဝယ်ယူသောက်သုံးနေရတဲ့ ရေသန့်တွေဟာ အထက်ပါအချက်လေးချက်နှင့် တက်အားသရွေ့ ညီညွတ်စေဖို့အတွက် ကျွန်မရဲ့မေးခွန်းက ရည်ရွယ်တာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီလိုကျန်းမာရေးနှင့်ညီညွတ်တဲ့ရေသန့်များကို ပြည်သူများအနေနဲ့ ဝယ်ယူသောက်သုံးခွင့်ရဖို့ဆိုတာကလည်း ဒီရေသန့်တွေ ထုတ်လုပ်၊ ဖြန့်ဖြူး၊ သယ်ယူ၊ ရောင်းချတဲ့ စနစ်အဆင့်ဆင့်တွေမှာ ကျန်းမာရေးနှင့်ညီညွတ်နိုင်တဲ့ လိုက်ပါဆောင်ရွက်နိုင်ဖွယ်ရာများကို လိုက်ပါဆောင်ရွက်နိုင်မှသာလျှင် ကျွန်မတို့က ဒီအခွင့်အရေးကို ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီစနစ်အဆင့်ဆင့်မှာ ကျွန်မတို့ ဘယ်လိုကြီးကြပ်ဆောင်ရွက်နေတာလဲ။ ဒါကို ပြည်သူလူထုသိရှိဖို့နဲ့ ကျွန်မတို့သတိပြုနိုင်ဖို့အတွက် ကျွန်မအနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါကြောင်း ထပ်မံရှင်းလင်းအပ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ ဥပမာအနေနဲ့ဆိုရင် ရေသန့်တွေထုတ်လုပ်တဲ့အခါမှာ ဒီရေသန့်တွေမှာပါဝင်တဲ့ ဘက်တီးရီးယားပိုးမွှားတွေကို အတိုင်းအတာတစ်ခုအထိ လျော့ကျနည်းပါးသေစေဖို့အတွက်ဆိုရင် စက်ရုံတွေမှာသုံးတဲ့နည်းလမ်းတွေက Ozone Generator ဒါမှမဟုတ်ရင် UV မီးချောင်းတွေကိုသုံးတယ်လို့ ကျွန်မလေ့လာသိရှိရပါတယ်။ အဲဒီတော့ ဒီမှာသုံးတဲ့ UV မီးချောင်းတွေဟာ တချို့နားမလည်တဲ့ဒေသတွေမှာဆိုလို့ရှိရင် အလှမွေးငါးကန်တွေမှာသုံးတဲ့ မီးချောင်းတွေနဲ့ ရောညှပ်ပြီးသုံးခြင်းဟာ အင်မတန်မှအန္တရာယ်များပါတယ်။ နောက် ဒီ UV မီးချောင်းတွေရဲ့အာနိသင်ဟာ အချိန်အတိုင်းအတာတစ်ခုကိုရောက်တဲ့အခါမှာ မိုးမွှားတွေသေစေတဲ့အစွမ်းကလည်း အာနိသင်ကနည်းပါးတတ်ပါတယ်။ အဲဒါကြောင့်မို့လို့ အချိန်အတိုင်းအတာတစ်ခုရောက်တိုင်း ဒီမီးချောင်းတွေဟာ လဲလှယ်ပြီးတော့သုံးရမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီမီးချောင်းများကို အဲဒီလိုမျိုးမလဲလှယ်ဘဲနဲ့ မီးချောင်းကျွမ်းမှသာသုံးလို့ရှိရင် ဒီစက်ရုံကထွက်လာတဲ့ရေသန့်တွေဟာ ဘက်တီးရီးယားပိုးမွှားတွေ မပါဝင်တဲ့ ရေသန့်များဖြစ်ဖို့ဆိုတာက စိတ်မချရတော့ပါဘူး။ ဒါကြောင့်မို့လို့ ထုတ်လုပ်ခြင်းအဆင့်မှာလည်း ဒါကိုကြီးကြပ်ဖို့ လိုက်နာကြဖို့အတွက် လိုအပ်နေတယ်ဆိုတာကို ကျွန်မက ဆွေးနွေးလိုခြင်းဖြစ်ပါတယ်။

ဒီရေသန့်စက်ရုံမှာ အသုံးပြုတဲ့ရေသန့်ဗူးတွေကို နောက်ဆုံးသန့်စင်ရမယ့်ရေဟာ ရေသန့်နဲ့သာ သုံးရမယ်ဆိုပေမဲ့လည်း ဒီသတ်မှတ်ချက်ကိုလိုက်နာတဲ့စက်ရုံတွေဟာလည်း အတိုင်းအတာ တစ်ခုပဲရှိတယ်လို့ ကျွန်မလေ့လာသိရှိရပါတယ်။ ကျွန်မတို့အနေနဲ့ ထပ်မံလေ့လာကြည့်တဲ့အခါမှာ ရေသန့်စက်ရုံတွေမှာ ဒီစက်ရုံက အစဉ်သဖြင့်ထွက်ရှိလာတဲ့ရေသန့်တွေကို အစဉ်တစိုက်ထိန်းသိမ်း ပြီးတော့ ဓာတ်ခွဲနေတာမျိုးကို ပြုလုပ်လေ့မရှိကြဘဲနဲ့ ဒီရေသန့်များကို FDA ထောက်ခံချက်ရဖို့ အတွက် ဆောင်ရွက်စဉ်ကပဲ ရေသန့်ဓာတ်ခွဲမှုကိုပြုလုပ်လေ့ရှိကြတယ်လို့လည်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ရေသန့်စက်ရုံများမှာ မိမိတို့စက်ရုံတွေက ထွက်ရှိလာတဲ့ရေသန့်ကို အစဉ်တစိုက် အရည်အသွေးကိုစစ်ဆေးပြီးတော့ ဓာတ်ခွဲနိုင်တဲ့၊ မှတ်တမ်းတင်တဲ့ဌာနများလည်းရှိသင့်ဖို့အတွက် လည်း တိုက်တွန်းလမ်းညွှန်ပေးဖို့လိုတဲ့အတွက်လည်း ကျွန်မမေးမြန်းရခြင်းဖြစ်ပါတယ်။

သယ်ယူဖြန့်ဖြူးရောင်းချတဲ့စနစ်မှာဆိုလို့ရှိရင်လည်း ရေတွေကို နေရောင်ခြည်နဲ့တိုက်ရိုက် အချိန်အကြာကြီးမထိတွေ့စေဖို့လည်း လမ်းညွှန်ဖို့လိုအပ်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နေရောင်ခြည်နဲ့ကြာရှည်စွာထိတွေ့ရလို့ရှိရင် ရေတွေကနေပြီးတော့ ဓာတ်တိုးမှုများဖြစ်ပေါ်လာပြီး တော့ တချို့ဓာတ်ပေါင်းတွေဟာ ရေရှည်မှာ ကင်ဆာဖြစ်နိုင်တယ်ဆိုတဲ့ အထောက်အထားတွေ လည်း သိရှိလာရတဲ့အတွက်ကြောင့်မိုလို့ ဖြစ်ပါတယ်။ ကျွန်မကို Power Point အသုံးပြုခွင့် ပေးပါရှင်။ ကျွန်မ ဒီမှာပြသထားတာကတော့ ရေမသန့်ရှင်းမှုကြောင့်ဖြစ်ပေါ်လာတဲ့ ရောဂါတွေ ဖြစ်ပါတယ်။ ဒီနေရာမှာ အင်္ဂလိပ်စာလုံးများနှင့်ပဲ ကျွန်မဖော်ပြထားခြင်းကို ခွင့်ပြုပေးဖို့ တောင်းပန် အပ်ပါတယ်။ ဒါကလည်း ရေကြောင့်ဖြစ်ပွားလေ့ရှိတဲ့ အဖြစ်များတဲ့ရောဂါတွေကို ကျွန်မပြသထား တာပဲဖြစ်ပါတယ်။ ဒါကလည်း ရေမှာပါဝင်တဲ့ ဓာတ်သတ္တုတွေကြောင့်မို့လို့ ဓာတုပစ္စည်းတွေ ကြောင့်မို့လို့ဖြစ်တဲ့၊ ဖြစ်နိုင်တဲ့နေရာတွေပြသထားတာဖြစ်ပါတယ်။ ဒါကလည်း ရေမှာပါဝင်တဲ့၊ အဖြစ်များတဲ့ ခဲ၊ မာကျူရီ၊ အာဆင်းနစ်ဓာတ်ပေါင်းတွေပါရင် လူတွေမှာဖြစ်နိုင်တာကို ပြသထားတာ ဖြစ်ပါတယ်။ ဒါကတော့ ရေကိုသယ်ယူတဲ့အခါမှာ ဒီလိုစနစ်ကိုလုပ်သင့်တာကို ပြသထားတာ

ဖြစ်ပါတယ်။ ဒါကလည်း ရေကို ကျန်းမာရေးနဲ့ညီညွတ်ဖို့အတွက် သယ်ယူခြင်းစနစ် အသုံးပြုရာမှာ ပြသထားတာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ အဲဒီတော့ ကျွန်မ ဒီမှာဆွေးနွေးတဲ့ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ ရေသန့်စနစ်ကို ထုတ်လုပ်ဖြန့်ဖြူးသယ်ယူတဲ့အခါမှာ ကုန်ကျစရိတ်တွေလည်း ရှိလာမှာ ဖြစ်တဲ့အတွက် နိုင်ငံတော်အနေနဲ့ကလည်း လိုအပ်တဲ့ပံ့ပိုးကူညီမှု၊ ဖြေလျှော့မှုတွေဆောင်ရွက်ပေး သင့်သလို ကြီးကြပ်လမ်းညွှန်ဖို့လည်းလိုအပ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မအနေနဲ့ အထက်ပါ မေးခွန်းကို မေးမြန်းလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ရွှေဘိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ကျွန်မဒေါက်တာဒေါ်မြလေးစိန်မှ ပြန်လည်ဖြေကြားသွား မှာ ဖြစ်ပါတယ်ရှင်။ ကျွန်မတို့အနေနဲ့ သောက်ရေသန့်လုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ ထုတ်လုပ်ဖြန့်ဖြူးသယ်ယူရောင်းချတဲ့အခါမှာ ကျန်းမာရေးနှင့်ညီညွတ်သော ထုတ်လုပ်ဖြန့်ဖြူး သယ်ယူရောင်းချခြင်းစနစ်ဖြစ်စေရန် မည်သို့ပညာပေးကြီးကြပ်ဆောင်ရွက်သည်ကို သိရှိလိုခြင်းနှင့် ပတ်သက်ပြီးတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်နေတဲ့လုပ်ငန်းစဉ်များကို တင်ပြလိုပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရှင်။ အချိန်အနည်းငယ်ပိုပေးဖို့လည်း မေတ္တာရပ်ခံ အပ်ပါတယ်။ (၁)ကတော့ မူဝါဒပါ။ သောက်ရေသန့်လုပ်ငန်းများအား ကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် သောက်ရေသန့်ကွပ်ကဲမှု မူဝါဒ(၃)ရပ်အား ၄-၈-၂၀၁၇ ရက်နေ့မှာ ထုတ်ပြန်ညွှန်ကြားခဲ့ပါတယ်။ ဒါကတော့ ညွှန်ကြားခဲ့တဲ့ ညွှန်ကြားလွှာဖြစ်ပါတယ်။ ရေသန့်ကွပ်ကဲမှု မူဝါဒ(၃)ရပ်ကတော့ (၁) ထောက်ခံချက်မရှိတဲ့ ရေသန့်လုပ်ငန်း၊ ထောက်ခံချက်ရှိ သက်တမ်းကုန်ရေသန့်လုပ်ငန်းနှင့် ထောက်ခံချက်ရှိ သက်တမ်းရှိသော ရေသန့်လုပ်ငန်းဆိုပြီးတော့ ဒီသုံးခုကနေပြီးတော့ ရပ်ဆိုင်းမယ်၊

ကတိကဝတ် လက်မှတ်ရေးထိုးမယ်။ ဈေးကွက်ကပြန်ရုပ်သိမ်းမယ်။ ထောက်ခံချက်အတိုင်း လျှော့ကျ်ခိုင်းမယ်စတဲ့ ကျွန်မတို့ရဲ့ မူဝါဒတွေနှင့်ဆောင်ရွက်လျက်ရှိပါတယ်။

ဈေးကွက်မတိုင်မီစိစစ်ခြင်းအနေဖြင့် ဈေးကွက်ကိုမတင်မီ Good Manufacturing Practice (GMP)နှင့်ညီညွတ်စွာထုတ်လုပ်ခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်း၊ သောက်ရေသန့်နမူနာကောက်ယူဓာတ်ခွဲစစ်ဆေးခြင်း၊ အမှတ်တံဆိပ်သတ်မှတ်ချက်များနှင့် ညီ/မညီစစ်ဆေးခြင်း၊ အထက်ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီပါက အစားအသောက်ထုတ်လုပ်ခြင်း၊ ထောက်ခံချက် ထုတ်ပေးပြီး သက်တမ်းနှစ်နှစ်ရှိပါသည်။ ဗဟိုချုပ်ကိုင်မှုဖြေလျှော့ခြင်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှာ ထောက်ခံချက်လျှောက်ထားမှုလုပ်ငန်းစဉ် မြန်စေရေးအတွက် စက်ရုံကွင်းဆင်းစစ်ဆေးသည်မှစ၍ ထောက်ခံချက် ထုတ်ပေးနိုင်သည့်အဆင့်အထိ စိစစ်ပြီး One Page Report ဖြင့် နေပြည်တော်ရုံးချုပ်သို့ ထောက်ခံတင်ပြပေးခြင်းစနစ်အား ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ဈေးကွက်တင်ပြီးနောက် စိစစ်ခြင်းတွင် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေသော သောက်ရေသန့်များအား ဈေးကွက်နမူနာကောက်ယူဓာတ်ခွဲစစ်ဆေး၍ သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိပါက ဈေးကွက်မှ ပြန်လည်သိမ်းဆည်းဖျက်ဆီးစေခြင်း၊ လုပ်ငန်းအား ခံဝန်ကတိထိုး၍ ထုတ်လုပ်မှုယာယီရပ်ဆိုင်းခြင်း၊ လိုက်နာမှုမရှိပါက အစားအသောက်ဥပဒေအရ တရားစွဲဆိုခြင်းများနှင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချမည်ဆိုပါက အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်ရရှိပြီးမှသာ ဈေးကွက်တွင်ခွင့်ရရှိမှာဖြစ်ပါတယ်။ ရှောင်တခင်ကွင်းဆင်းစစ်ဆေးရာတွင် ထောက်ခံချက်မရှိဘဲ ထုတ်လုပ်ဖြန့်ဖြူးနေသည်ကို တွေ့ရှိပါက ရေသန့်များကွပ်ကဲမှုမူဝါဒအရ ၎င်းစက်ရုံအား ချက်ချင်းပိတ်သိမ်းအရေးယူပြီး ဈေးကွက်တွင်း ဖြန့်ဖြူးထားသောထုတ်ကုန်များအား ဈေးကွက်မှ ပြန်လည်သိမ်းဆည်းဖျက်ဆီးစေခြင်း၊ လုပ်ငန်းအား ဝန်ခံကတိရေးထိုးခြင်းနှင့် ထောက်ခံချက်အမြန်ဆုံးလျှောက်ထားရန် ညွှန်ကြားခြင်းတို့ကို ဆောင်ရွက်နေပါတယ်။

**မူကြမ်း**

စီမံချက်အနေနဲ့ စားသုံးမှုများသော အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရန် ဈေးကွက်ထောက်လှန်းရေး လုပ်ငန်းစီမံချက်အား ၂၀၂၀ ပြည့်နှစ် မတ်လမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အထိရေးဆွဲထားပြီး တစ်တိုင်းပြည်လုံးအနေဖြင့် ဆောင်ရွက်လျက်ရှိရာ သောက်ရေသန့်နမူနာ ကောက်ယူစစ်ဆေးခြင်းလည်း ပါဝင်ပါတယ်။ သင်တန်းပေးခြင်းများတွင် ၂၀၁၈-၂၀၁၉ ခုနှစ်မှာ နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် (၁၁)ကြိမ်ပြုလုပ်ခဲ့ပြီး သင်တန်းသား ၅၀၃ ဦးတက်ရောက်ခဲ့ပါတယ်။ ကချင်ပြည်နယ် လစဉ်စီမံချက်များရေးဆွဲ၍ အသိပညာပေး လုပ်ငန်းများစဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊ ကရင်ပြည်နယ် သောက်ရေသန့်လုပ်ငန်းရှင်များ အသင်းအား ဖွဲ့စည်း၍ ပညာပေးသင်တန်းများ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် နှစ်ကြိမ်ဆောင်ရွက်ပေးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရေသန့်လုပ်ငန်းများအား သင်တန်းပို့ချရေး သင်တန်းဆင်း လက်မှတ်များပေးအပ်ခြင်း၊ ခရိုင်နှင့်မြို့နယ်များတွင် အဆိုပါသင်တန်းများပို့ချနိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။ မကွေးတိုင်းဒေသကြီး ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်ချက်ဖြင့် Bottle Drinking Water Safety Project ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ရှောင်တခင်စစ်ဆေး နိုင်ရေးအတွက် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကော်မတီများနှင့်ဆွေးနွေး၍ စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ သင်တန်းပေးပြီးလုပ်ငန်းများအား ရှောင်တခင်ကွင်းဆင်း စစ်ဆေးခြင်းပြုလုပ်၍ စနစ်တကျလိုက်နာဆောင်ရွက်ခြင်းမရှိပါက ဖော်ပြပါအတိုင်း ဆောင်ရွက် လျက်ရှိပါတယ်။

အသိပညာပေးခြင်းအနေဖြင့် သောက်ရေသန့်ဗူးများအား သိုလှောင်ရာတွင် ပူလွန်းသော နေရာ သို့မဟုတ် နေရောင်ခြည်တိုက်ရိုက်တွေ့ထိသောနေရာများတွင် မထားရှိရန်၊ အမိုး၊ အကာ အောက် အေးမြ၍ ခြောက်သွေ့သောနေရာတွင်ထားရှိရန်၊ သောက်ရန်သန့်ဗူးများအား သယ်ယူဖြန့်ဖြူးရာတွင် အမိုး၊ အကာပါသောကားများဖြင့် သယ်ယူဖြန့်ဖြူးရန်တို့ကို ထောက်ခံချက်

ထုတ်ပေးစဉ် ညွှန်ကြားဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ အသိပညာပေးခြင်းတွင် ပလတ်စတစ် အသုံးပြုထုပ်ပိုးသော စားသောက်ကုန်များ နေရောင်ခြည်နှင့် အချိန်ကြာမြင့်စွာတိုက်ရိုက် ထိတွေ့ ခြင်း မရှိစေရေး၊ အစားအသောက်အန္တရာယ်ကင်းရှင်းရေးတို့နှင့်ပတ်သက်၍ အသိပညာပေးခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ သတိပြုဖွယ် ပလပ်စတစ်အစားအသောက်ကုန်ထုတ် ပိုးပစ္စည်းအန္တရာယ်နှင့် ပလတ်စတစ်နှင့်ပြုလုပ်ထားသော အစားအသောက်ထုပ်ပိုးပစ္စည်းများနှင့် ပတ်သက်၍ သိကောင်းစရာများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် FDA Website များမှာ ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ဒါကတော့ ကျွန်မတို့ထုတ်ပြန်ထားတဲ့ ထုပ်ပိုးပစ္စည်းရဲ့ အန္တရာယ်နှင့်ပတ်သက်တဲ့ လက်ကမ်းစာစောင်တွေဖြစ်ပါတယ်။ အသိပညာပေးခြင်းအစီအစဉ်များ ကို ၂၀၁၇ ခုနှစ်မှာ ၁၃၃ ကြိမ်၊ ၂၀၁၈ ခုနှစ်မှာ ၂၀၅ ကြိမ်၊ ၂၀၁၉ ခုနှစ်မှာ ၁၇၇ ကြိမ်၊ ၂၀၂၀ ပြည့်နှစ် မှာလည်း အသိပညာပေးခြင်းအစီအစဉ်များ ဆက်လက်ဆောင်ရွက်နေပါတယ်။ သောက်ရေသန့်ဗူးများ သယ်ယူဖြန့်ဖြူးရောင်းချခြင်းကို နီးနွယ်ဌာနများနှင့် ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်းများ၊ လိုအပ်ပါက လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဖောက်ဖျက်ပါက အရေးယူပေးနိုင်ရန် နီးနွယ်ဌာနများ ဖြစ်သော ပြည်ထဲရေးဝန်ကြီးဌာနနှင့် စည်ပင်သာယာရေးကော်မတီအဖွဲ့များကိုလည်း ညှိနှိုင်း အကြောင်းကြားပေးနိုင်ပါရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက လမ်းညွှန်ပြီးတော့ တင်ပြပြီးဆောင်ရွက်လျက်ရှိနေပါတယ်။ သောက်ရေသန့်လုပ်ငန်းများ ထုတ်လုပ်ဖြန့်ဖြူး ဈေးကွက်တင်ရောင်းချခြင်းများအား ကြီးကြပ်ကွပ်ကဲရန် ညွှန်ကြားချက်များထုတ်ခြင်း၊ သောက်ရေ သန့်လုပ်ငန်းများ ထောက်ခံချက်လျှောက်ရာတွင် လိုက်နာရမည့်အချက်များ ကြေညာချက်များ ထုတ်ခြင်း၊ လက်ရှိဖြစ်ပွားနေသော Corona Virus Disease 2019(COVID-19)ကာကွယ်ထိန်းချုပ် ရေးနှင့်ပတ်သက်၍ သောက်ရေသန့်ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များအနေဖြင့် အထူး သတိပြုလိုက်နာဆောင်ရွက်ရမည့် ကြေညာချက်များထုတ်ပြန်ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက် ရှိပါတယ်။

**မူကြမ်း**

ဆက်လက်ပြီးတင်ပြမယ့်အချက်တွေကတော့ ကျွန်မတို့ရဲ့ညွှန်ကြားချက်တွေ ဖြစ်ပါတယ်။ သောက်ရေသန့်လုပ်ငန်းများ ထုတ်လုပ်ဖြန့်ဖြူးဈေးကွက်တင်ရောင်းချခြင်းအား ကြီးကြပ်ကွပ်ကဲမှုနှင့်ပတ်သက်ပြီးတော့ တိုင်းဒေသကြီးနှင့်ပြည်နယ်မှာရှိတဲ့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲများကို စိစစ်ရန်အတွက် ညွှန်ကြားချက်များထုတ်ပြန်ထားတာ ဖြစ်ပါတယ်။ နောက်တစ်ခုက စားသောက်ကုန်ထုတ်လုပ်တဲ့အခါမှာ ထုပ်ပိုးရာမှာအသုံးပြုတဲ့ ပလပ်စတစ်တွေဟာ Good Grade Plastic ကိုအသုံးပြုရန်အတွက် ညွှန်ကြားချက်တွေ ထုတ်ထားတာဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ Corona Virus ဖြစ်တဲ့အခါမှာလည်း Virus ကြောင့် ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်ပြီးတော့ ကြေညာချက်တွေထုတ်ပြီးတော့ ရေသန့်နှင့်ပတ်သက်ပြီးတော့ ပညာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေပါတယ်။ နောက်ဆုံးအနေနဲ့ကတော့ သောက်ရေသန့်လုပ်ငန်းတွေကို ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ ဆောင်ရွက်ရန်အတွက် လမ်းညွှန်ချက်များကို ဌာနရဲ့ဝက်ဆိုဒ်မှာ ၂၁-၇-၂၀၂၀ ရက်နေ့မှာ ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ လမ်းညွှန်ချက်များကတော့ (၁)သက်ဆိုင်ရာနယ်ပယ်၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ စတဲ့အချက်ပေါင်း(၁၉)ချက်ပါတယ်။ စက်ရုံရဲ့တည်နေရာ၊ အဆောက်အဦ၊ ဖွဲ့စည်းပုံ၊ အခန်းတွင်းအပြင်အဆင်၊ ရေအရင်းအမြစ်၊ ရေသွယ်တန်းအသုံးပြုခြင်း၊ ရေသန့်စင်စက်များ၊ သောက်ရေသန့်ထည့်သွင်းသည့်ဗူးကို ဝန်ထမ်း၊ သောက်သုံးရေသန့်ထုတ်လုပ်သည့်လုပ်ငန်းစဉ်၊ အမှတ်တံဆိပ်ကပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရေစွန့်ပစ်ခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ပိုးမွှားထိန်းချုပ်ခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်းနှင့် အထောက်အပံ့ပစ္စည်းများ၊ မှတ်တမ်းများ စသဖြင့်ဆောင်ရွက်ထားပါတယ်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရဲ့ Website မှာလည်း သက်တမ်းရှိတဲ့ သောက်ရေသန့်လုပ်ငန်းများရဲ့စာရင်းကို လစဉ်ထုတ်ပြန်ပြီး ဆောင်ရွက်လျက်ရှိနေပါတယ်။ ကျန်းမာရေးနှင့်ညီညွတ်သော သောက်ရေသန့်လုပ်ငန်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းစနစ် ပေါ်ထွက်လာစေရန်အတွက် ထုတ်လုပ်သူ၊ ဖြန့်ဖြူးရောင်းချသူ၊

စားသုံးသူများသိရှိလိုက်နာရန်အတွက် Website များ၊ လူမှုကွန်ရက်စာမျက်နှာမှာ အားလုံးကို အသိပညာပေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးနှင့်ညီညွတ် သန့်ရှင်းမှုမရှိသောအခြေအနေများနှင့် သိုလှောင်ထားပါက အမျိုးသားအစားအသောက် ဥပဒေအရ ပြစ်ဒဏ်ချမှတ်နိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာအေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဒုတိယဝန်ကြီးမှ ပြည့်စုံစွာဖြေကြားသွားတာ ကို ကျွန်မအနေနဲ့ ကျေးဇူးတင်ရှိကြောင်း ပထမဦးစွာပြောကြားလိုပါတယ်။ ဖြေကြားသွားတဲ့ အခါမှာ ပညာပေးကြီးကြပ်ဆောင်ရွက်နေသည်နှင့် စပ်လျဉ်းတဲ့မေးခွန်းမှာ ပညာပေးခြင်းမှာ အားရဖွယ်ရာကောင်းလောက်အောင်ကို အကြိမ်အရေများနှင့်ဆောင်ရွက်ထားတာကိုလည်း ကျွန်မ အနေနဲ့ အသိအမှတ်ပြုကျေးဇူးတင်ရှိပါတယ်။ ကြီးကြပ်ဆောင်ရွက်တဲ့အပိုင်းမှာ ကျွန်မသိလိုတဲ့ ဆက်စပ်နှစ်ချက်ကိုပဲ ထပ်မံမေးခွင့်ပြုပါရှင်။ ပထမအချက်အနေနဲ့ ကြီးကြပ်ဆောင်ရွက်ခြင်းမှာ စောစောက ကျွန်မမေးမြန်းစဉ်မှာလည်း ပါရှိခဲ့ပါတယ်။ စက်ရုံကထွက်ရှိလာတဲ့ ရေသန့်ရဲ့ အရည်အသွေးကို အစဉ်တစိုက်ဖြင့်ကြည့်ရှုမှတ်တမ်းတင်တဲ့ မှတ်တမ်းဌာနမျိုး အဲဒီရေသန့်စက်ရုံ တွေမှာထားရှိဖို့ အစိုးရအနေနဲ့ အကြံပြုတိုက်တွန်းဖို့ အစီအစဉ်ရှိ/မရှိ ကျွန်မသိလိုပါတယ်။

နောက် ဒုတိယအချက်အနေနဲ့ ခုနတုန်းက ဒုတိယဝန်ကြီးက ဖြေသွားတယ်။ ဘယ်လိုမျိုး တွေ လိုက်နာဆောင်ရွက်ရမယ်။ အမိုးအကာတွေနဲ့သယ်ရမယ်။ ဘယ်လိုနေရာမှာထားရမယ်။ အကယ်၍ ဥပမာအနေနဲ့ ကျွန်မပြောလိုခြင်းဖြစ်ပါတယ်။ အဲဒီသတ်မှတ်ထားတဲ့သတ်မှတ်ချက်တွေ မညီညွတ်ဘဲနဲ့ မလိုက်နာတဲ့ရေသန့်စက်ရုံမျိုးတွေ့ရှိခဲ့လို့ ရှိရင်ရော ဘယ်လိုမျိုးအရေးယူမှုများ ပြုလုပ်သလဲဆိုတာကို ကျွန်မအနေနဲ့ ဆက်စပ်မေးခွန်းမှာ ထည့်သွင်းမေးမြန်းချင်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းတဲ့မေးခွန်းကို အထူးပဲကျေးဇူးတင်ရှိပါတယ်ရှင်။ ကျွန်မတို့ အနေနဲ့ စက်ရုံတွေမှာဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေအားလုံးကို ချမှတ်တဲ့အခါမှာ ခုန လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့ကိစ္စတွေလည်း ပါဝင်ပါတယ်။ ကျွန်မ အသေးစိတ်မတင်ပြပါဘူး။ ကျွန်မတို့ရဲ့ ဆောင်ရွက်ရန်လမ်းညွှန်ချက်တွေဟာ အများကြီး ဆောင်ရွက်ထားပါတယ်။ အဲဒီထဲမှာ တင်ပြထားပြီးဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အဲဒီလို မဆောင်ရွက်လို့ရှိရင် ကျွန်မတို့မှာ အစားအသောက်နဲ့ဆိုင်တဲ့ဥပဒေရှိပါတယ်။ အဲဒီဥပဒေကလည်း ပြန်ပြီး Revise လုပ်ထားပြီးသားဖြစ်ပါတယ်။ ဒီဥပဒေတွေအရ ကျွန်မတို့အရေးယူဆောင်ရွက် နိုင်ခြင်းရှိပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုမေးမြန်းသွားတဲ့မေးခွန်းဟာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ မှာ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်း စေတဲ့ မေးခွန်းများ၊ ဖြေကြားချက်များကို နိုင်ငံတော်ပြန်တမ်းတွင်ထည့်သွင်းပြီး နိုင်ငံတော်ပိုင် သတင်းစာများမှာ ဖော်ပြခြင်းကိုဆောင်ရွက်ရမယ်ဆို့ ပြဋ္ဌာန်းထားတဲ့အတွက် ယခု မေးခွန်းနှင့် ဖြေကြားချက်များကို နိုင်ငံတော်ပြန်တမ်းနှင့် နိုင်ငံတော်ပိုင်သတင်းစာများမှာ ထည့်သွင်းဖော်ပြ သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**မြန်မာနိုင်ငံ၏ ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်း (Multi Sectoral National Plan of Acion on Nutrition MS-NPAN)ဆောင်ရွက်နေမှုများကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ လေးမျက်နှာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ မြန်မာနိုင်ငံ၏ ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်း[Multi Sectoral National Plan of Action on Nutrition MS-NPAN(2018 to 2023)]စီမံကိန်းအား ရည်မှန်းချက်ပြီးမြောက်အောင်မြင်စေရန်အတွက် လတ်တလောဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ရှေ့ဆက်လက် မည်ကဲ့သို့ဆက်လက်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့်ပတ်သက်၍ မေးမြန်းသွားမှာဖြစ်ပါတယ်။ အာဟာရဖွံ့ဖြိုးမှုသည် နိုင်ငံသားတိုင်း၏ ကိုယ်ကာယ ကျန်းမာကြံ့ခိုင်ရေးအတွက်သာမက ဉာဏစွမ်းအားပြည့်ဝမြင့်မားရေးအတွက်ပါ အရေးကြီးဆုံးအချက် ဖြစ်ပါတယ်။ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်းဆုံးသောရင်းနှီးမြှုပ်နှံမှုဖြစ်သလို နိုင်ငံ့ရဲ့ မဖြစ်မနေလုပ်ဆောင်ပေးရမယ့် အခြေခံအုတ်မြစ်လည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုဖို့ တောင်းခံအပ်ပါတယ်။ အဲဒီအတွက်ကို အမျိုးသားအာဟာရဆိုင်ရာမဟာဗျူဟာနဲ့ပတ်သက်တဲ့ ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးကို ၂၅-၁-၂၀၁၇ ရက်နေ့က မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်ပြီး ကျင်းပခဲ့ပါတယ်။ အစည်းအဝေးရဲ့ လမ်းညွှန်ချက်များအရ လုပ်ငန်းတွေဆောင်ရွက်တဲ့နေရာမှာ ဆက်စပ်ဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ပြည်ထောင်စုဝန်ကြီးငါးဦးပါဝင်သော အဖွဲ့ဝင်ရှစ်ဦးဖြင့်ဖွဲ့စည်းသည့် မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့်ဦးဆောင်ကော်မတီကို နိုင်ငံတော်

သမ္မတရုံးမှ ၂၂-၆-၂၀၁၈ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ ဒီပုံကတော့ ၂၆-၁၁-၂၀၁၈ ရက်နေ့မှာ ရန်ကုန်မြို့မှာကျင်းပတဲ့ အမျိုးသားအဆင့်ဦးဆောင်ကော်မတီရဲ့ ပထမအကြိမ် အစည်းအဝေး ပုံများပဲ ဖြစ်ပါတယ်။ အမျိုးသားအဆင့်ဦးဆောင်ကော်မတီရဲ့ ဒုတိယအကြိမ် အစည်းအဝေးကိုတော့ နေပြည်တော်တွင် ၉-၁၀-၂၀၁၉ ရက်နေ့မှာ ထပ်မံကျင်းပခဲ့ပြန်ပါတယ်။ အဲဒီနောက်မှာတော့ မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေးအမျိုးသားအဆင့်လုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေးကော်မတီများကိုဖွဲ့စည်းပြီး တာဝန်ဝတ္တရားများကိုပါ ချမှတ်ဆောင်ရွက်စေခဲ့ပါတယ်။

ဒီစီမံကိန်းရဲ့မျှော်မှန်းချက်နှင့်ပန်းတိုင်များမှာ ယေဘုယျရည်မှန်းချက်အနေနဲ့ မြန်မာနိုင်ငံရှိ မိခင်များ၊ ကလေးသူငယ်များ၊ အပျိုဖော်ဝင်အရွယ်မိန်းကလေးများတွင် အာဟာရပြဿနာများ အားလုံးလျော့နည်းလာစေဖို့ ရည်မှန်းထားပြီး ပန်းတိုင်များအနေနဲ့ကတော့ ငါးနှစ်အောက်ကလေး များ၏ ပုညက်မှုနှုန်း၊ ပိန်လှီမှုနှုန်း၊ သွေးအားနည်းရောဂါဖြစ်ပွားမှုနှုန်းကို လျှော့ချသွားရန် အသက် (၁၅)နှစ်မှ (၅၀)နှစ်အောက် အမျိုးသမီးများတွင် သွေးအားနည်းရောဂါဖြစ်ပွားမှုနှုန်း၊ အိုင်အိုဒင်း ချို့တဲ့မှုနှုန်းကို လျှော့ချရန်နှင့် မွေးကင်းစကလေး ကိုယ်အလေးချိန်မပြည့်သည့်ရာခိုင်နှုန်းကို လျှော့ချသွားရန်တို့ ဖြစ်ပါတယ်။ အာဟာရချို့တဲ့မှုများဖြစ်လာရင် နောက်ဆက်တွဲဆိုးကျိုးတွေ အနေနဲ့ မိခင်နှင့်ကလေး သေဆုံးမှုမြင့်လာခြင်း၊ ခန္ဓာကိုယ်နှင့်ဉာဏ်ရည်ဖွံ့ဖြိုးမှုနှေးကွေးခြင်း၊ မျိုးဆက်တစ်လျှောက် ကျန်းမာရေးချို့ယွင်းခြင်းနှင့် နိုင်ငံ့ရဲ့စီးပွားရေးနှင့် ကုန်ထုတ်စွမ်းအား ကျဆင်းခြင်းပြဿနာတို့အထိ ဖြစ်ပေါ်လာနိုင်သလို ဒီစီမံကိန်းအောင်မြင်အောင် ဆောင်ရွက်နိုင်ပါ ကလည်း ယခုတင်ပြတဲ့ဆိုးကျိုးတွေကို အောင်မြင်ကျော်လွှားနိုင်မှာဖြစ်ပါတယ်။ ဒီပုံကတော့ ကျွန်တော့်မြို့နယ်ထဲက ဝက်ကုန်းအုပ်စု၊ စေတလုံးစုစည်းရွာရောက်ခဲ့စဉ် မှတ်တမ်းဓာတ်ပုံ ဖြစ်ပါတယ်။ အိမ်ခြေ ၃၅ လုံးရှိပြီး အနီးအနား ကျေးရွာများနှင့်အလှမ်းဝေးကာ တောတောင်ထဲမှာ နှစ်ရှည်လများ နေထိုင်ရှာဖွေစားသောက်တဲ့အခါမှာ သူတို့ရဲ့ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်မှုများ

ဟာ အခြားဒေသမှာရှိသောသူများထက် ပုည့်ကုက်သေးကွေးနေတာကို သတိထားမိခဲ့ပါတယ်။ အခု ဒီစီမံကိန်းကိုလည်း ဆန်ရေစပါး၊ သားငါး ပေါကြွယ်ဝဆုံးတိုင်းဒေသကြီးလည်းဖြစ်တဲ့ မြန်မာနိုင်ငံ အာဟာရနှင့်အစာစားသုံးမှုအခြေအနေ လေ့လာရေးစစ်တမ်းများအရ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များထက် ပိုမိုနိမ့်ကျဆိုးရွားနေတဲ့တိုင်းဒေသကြီးလည်းဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီးနဲ့ တစ်နိုင်ငံလုံးအတွက် အကျိုးရှိထိရောက်အောင်မြင်စေဖို့ ရည်ရွယ်ပြီး တိုက်တွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏မေးခွန်းကို ကျွန်မ ဒေါက်တာဒေါ်မြလေးစိန်ကပဲ ဆက်လက်ပြီးဖြေကြားသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရှင်။ အချိန်အနည်းငယ်ပိုပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ တင်ပြဆွေးနွေးမယ့် အကြောင်းအရာတွေကတော့ မြန်မာနိုင်ငံရဲ့ အာဟာရအခြေအနေ၊ အာဟာရချို့တဲ့မှုရဲ့ အကြောင်း အရင်းခံများ၊ ကဏ္ဍပေါင်းစုံမှပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်း ရေးဆွဲခြင်း၊ လတ်တလော လက်ရှိဆောင်ရွက်ထားမှုအခြေအနေနဲ့ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြသွားမှာဖြစ်ပါတယ်ရှင်။

မြန်မာနိုင်ငံရဲ့ အာဟာရအခြေအနေကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၈ ခုနှစ် မေလအတွင်း မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေလေ့လာရေးစစ်တမ်းကို ကောက်ယူခဲ့ ပါတယ်။ နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင် ကောက်ယူခဲ့ခြင်းဖြစ်ပြီး

အိမ်ထောင်စု စုစုပေါင်း ၂၇၃၃၉ အုပ်စုပါဝင်ကာ ငါးနှစ်အောက်ကလေး၊ ကျောင်းနေအရွယ်ကလေး၊ အပျိုဖော်ဝင်အမျိုးသမီးမိန်းကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်၊ နို့တိုက်မိခင်၊ အမျိုးသမီးများနှင့် အမျိုးသား စုစုပေါင်း ၃၈၇၅၁ ဦးကို စစ်တမ်းကောက်ယူခဲ့ပါတယ်။ ၇-၂-၂၀၁၉ ရက်နေ့မှာ ထုတ်ပြန်ခဲ့သော ကနဦးရလဒ်အစီရင်ခံစာများအရ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် အာဟာရချို့တဲ့မှုပြဿနာအများဆုံး ခံစားနေရကြောင်းကို တွေ့ရှိရပါတယ်။ အာဟာရချို့တဲ့မှုဖြစ်ပွားတဲ့ဖြစ်စဉ်အကြောင်းအရင်းကို ကျွန်မတို့အနေနဲ့ လေ့လာတဲ့အခါမှာ ဖော်ပြပါအတိုင်း တွေ့ရှိရပါတယ်။ ပုညက်ပိန်လှီမှု၊ မွေးစကိုယ်အလေးချိန်မပြည့်မှု၊ အဏုအာဟာရ ချို့တဲ့မှုများပေါ့။ ဒါတွေဖြစ်ရတဲ့အကြောင်းအရင်းကတော့ စားနပ်ရိက္ခာအခြေအနေ၊ လူမှုကာကွယ်စောင့်ရှောက်ရေးအစီအမံ၊ အစာအုပ်စုစုံလင်စွာမစားသုံးရခြင်း၊ ကလေးအစားကျွေးသည့်အလေ့အထ မမှန်ကန်ခြင်း၊ မိဘ၏ပညာအရည်အချင်း၊ အမျိုးသမီးများဆုံးဖြတ်ပိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ သက်ငယ်ကိုယ်ဝန်ဆောင်ခြင်း၊ သားဆက်ခြားချိန်တိုခြင်း၊ ပတ်ဝန်းကျင်တစ်ကိုယ်ရည်သန့်ရှင်းမှုနည်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုမလုံလောက်ခြင်းနှင့် ရောဂါခုခံအားစနစ်ကျဆင်းခြင်းစသည်တို့ကြောင့် ဖြစ်ရကြောင်းကို တွေ့ရှိရပါတယ်။

အမျိုးသားအာဟာရဆိုင်ရာ မဟာဗျူဟာနဲ့ပတ်သက်၍ ဝန်ကြီးဌာနအကြားပူးပေါင်းဆောင်ရွက်ရေးညှိနှိုင်းအစည်းအဝေးကို ဆောင်ရွက်ခဲ့ပါတယ်။ အမျိုးသားအာဟာရဆိုင်ရာမဟာဗျူဟာနဲ့ပတ်သက်သည့် ဝန်ကြီးဌာနအကြား ပူးပေါင်းဆောင်ရွက်ရေးညှိနှိုင်းအစည်းအဝေးကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်များဖြစ်တဲ့ အာဟာရဖွံ့ဖြိုးရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောအခြေခံအုတ်မြစ်ဖြစ်ကြောင်း အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့်အတူ ဆက်စပ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူ၏အသံကိုနားဆင်၍ အမှန်တကယ်လိုအပ်ပြီး လက်တွေ့ကျသောလုပ်ငန်းများ

ကိုသာ ဆောင်ရွက်ရန်၊ ရေရှည်လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နီးနွှယ်ဌာနများနှင့် အစည်းအဝေးများပြုလုပ်ညှိနှိုင်းဆောင်ရွက်သွားရန်တို့ ဖြစ်ပါတယ်။ ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်း (Multi Sectoral National Action Plan)ကို ကျွန်မတို့ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဒီ Action Plan အရ အင်္ဂလိပ်လိုရော၊ မြန်မာလိုရော တင်ပြထားတာဖြစ်ပါတယ်။ ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသား အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်းမှာတော့ ယေဘုယျရည်မှန်းချက်၊ မျှော်မှန်းရမည့်ရလဒ်များ နှင့် ပါဝင်သည့်ဝန်ကြီးဌာနများဆိုပြီး ခွဲထားတာဖြစ်ပါတယ်။ ပါဝင်မယ့်ဝန်ကြီးဌာနတွေကတော့ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုအကဲဖြတ်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စီမံကိန်းတွင်ပူးပေါင်းဆောင်ရွက်နေတဲ့ အဖွဲ့အစည်းများ၊ ဝန်ကြီး ဌာနများအပြင် မိတ်ဖက်အဖွဲ့အစည်းများဖြစ်တဲ့ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ UNICEF၊ WHO၊ UNESCO၊ WFP၊ အလှူရှင်အဖွဲ့အစည်းများ၊ World Bank၊ LEFT၊ US Aid၊ လူမှုရေး အဖွဲ့အစည်းများနဲ့ပူးပေါင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စီမံကိန်းကာလနှင့် လျာထားချက် လုပ်ငန်းစဉ်များကို ၂၀၁၉ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ တင်ပြလိုပါတယ်။ စီမံကိန်းရေးဆွဲပြင်ဆင်ရေးကို ၂၀၁၇ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အတွင်း ပြည်ထောင်စုအဆင့် စီမံကိန်းရေးဆွဲခြင်းကို ဆောင်ရွက်ခဲ့ ပါတယ်။ ပထမနှစ်(၂၀၁၉-၂၀၂၀) တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် စီမံကိန်းရေးဆွဲခြင်း၊ ဒုတိယနှစ်(၂၀၂၀-၂၀၂၁)၊ တတိယနှစ်(၂၀၂၁-၂၀၂၂)၊ စတုတ္ထနှစ်(၂၀၂၂-၂၀၂၃)တို့မှာဆိုရင်တော့ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ကဏ္ဍပေါင်းစုံမှ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက် ခြင်းကို လုပ်ငန်းအနေနဲ့လျာထားပါတယ်။ ပဉ္စမနှစ်(၂၀၂၃-၂၀၂၄)မှာ လုပ်ငန်းများအကောင်အထည် ဖော်ဆောင်နိုင်မှုကို သုံးသပ်စစ်ဆေးခြင်းဖြစ်ပါတယ်။ စီမံကိန်းရေးဆွဲပြင်ဆင်ရေးကာလဖြစ်တဲ့

၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ပြီးစီးခဲ့သောလုပ်ငန်းများကို တင်ပြလိုပါတယ်။ မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုလေ့လာစစ်တမ်းကောက်ယူခြင်းကို ၂၀၁၇ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အထိ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီဖွဲ့စည်းခြင်း၊ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေးကော်မတီများဖွဲ့စည်းခြင်း၊ မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့် လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ပြီးဖြစ်ပါတယ်။

ဆက်လက်ပြီး ပြည်ထောင်စုအဆင့် စီမံကိန်းရေးဆွဲခြင်းနှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့် စီမံကိန်းနှင့်ပတ်သက်၍ အသိပေးတင်ပြခြင်း၊ အာဟာရစစ်တမ်းများ၊ ရလဒ်များအပေါ် မူတည်၍ ဦးစားပေးဆောင်ရွက်မည့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်များ ရွေးချယ်ခြင်း၊ စီမံကိန်း ပထမနှစ် တစ်နှစ်တာအတွက် လုပ်ငန်းများပြင်ဆင်ခြင်းနှင့် ပထမနှစ်တစ်နှစ်တာကာလအတွင်း လုပ်ငန်းအား လက်တွေ့စမ်းသပ်ခြင်း ဧရာဝတီတိုင်းဒေသကြီးမှာ ဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်း ပထမတစ်နှစ်တာ(In Section Phase)မှာ အဓိကလုပ်ငန်းသုံးခုကို ဆောင်ရွက်ခဲ့ပါတယ်။ အာဟာရ အခြေအနေပေါ်မူတည်၍ ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများရွေးချယ်သတ်မှတ်ခြင်း၊ ညှိနှိုင်း ပေါင်းစပ်မှု၊ ပေါင်းစပ်နိုင်မှုစွမ်းရည်နှင့် လုပ်ငန်းအကောင်အထည်ဖော်မှုစွမ်းရည်အကဲဖြတ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းစနစ်ထူထောင်ရန်ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ခုနှစ် စက်တင်ဘာလအထိ ဆောင်ရွက်ပြီးခဲ့သောလုပ်ငန်းများကို တင်ပြလိုပါတယ်။ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့်ဦးဆောင်ကော်မတီ (ဒုတိယ အကြိမ်အစည်းအဝေး) တိုင်းဒေသကြီးနှင့်ပြည်နယ်ရှိ ဆက်စပ်ဌာနများမှ Focal Person များအား သင်တန်းပေးခြင်း၊ ဧရာဝတီတိုင်းဒေသကြီးအဆင့် စီမံကိန်းရေးဆွဲခြင်း၊ ကယားပြည်နယ်အဆင့် စီမံကိန်းရေးဆွဲခြင်း၊ ကရင်ပြည်နယ်အဆင့် စီမံကိန်းရေးဆွဲခြင်း၊ ချင်းပြည်နယ်အဆင့် စီမံကိန်း

ရေးဆွဲခြင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အဆင့် စီမံကိန်းရေးဆွဲခြင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အား စီမံကိန်းနှင့်ပတ်သက်၍ အသိပေးတင်ပြခြင်း၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ လိုအပ်သောရန်ပုံငွေပံ့ပိုးမှုရရှိရေးတို့ ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း၊ ကိုရိုနာ ဗိုင်းရပ်စ်ရောဂါကူးစက်ပြန့်ပွားနေစဉ်အတွင်း စီမံကိန်းနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်နိုင်ရေး နှင့် ဆက်စပ်သောဌာနများနှင့် Online Meeting များ ဆောင်ရွက်ခြင်း လေးကြိမ်ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် လူမှုစီးပွားရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရ အခြေအနေတို့တွင် ဖြစ်ပေါ်လာသောဆိုးကျိုးများကို ရင်ဆိုင်နိုင်စေရန် ရေးဆွဲခဲ့ပြီးသော တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် စီမံကိန်းများ၏လိုအပ်ချက်များအား ဖြည့်စွက်ပြင်ဆင်ခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် စီမံကိန်းအကောင်အထည်ဖော်နိုင်ရေး ခန့်မှန်းကုန်ကျစရိတ်များ တွက်ချက်ခြင်း။ ဒါကတော့ ဆောင်ရွက်ဆဲဖြစ်ပါတယ်ရှင်။

အာဟာရဖွံ့ဖြိုးမှုလုပ်ငန်းစီမံကိန်းအတွက် ရှေ့ဆက်လျာထားတဲ့လုပ်ငန်းများကို တင်ပြလိုပါ တယ်။ အာဟာရဖွံ့ဖြိုးမှုမြှင့်တင်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီ(တတိယအကြိမ် အစည်းအဝေး)ရခိုင်ပြည်နယ်အဆင့် စီမံကိန်းရေးဆွဲခြင်း၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင် အထည်ဖော်နိုင်ရေး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ဆက်စပ်ဌာနများအား Online Meeting ပြုလုပ်ခြင်း၊ ဧရာဝတီတိုင်း ဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ပြည်နယ် များ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ကဏ္ဍပေါင်းစုံမှပူးပေါင်းအကောင် အထည်ဖော်ဆောင်ရွက် ခြင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ (အရှေ့ပိုင်း)တို့တွင် ပြည်နယ်အဆင့် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များ တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် စီမံကိန်းများရေးဆွဲဆောင်ရွက်ခြင်း၊ တတိယနှစ်နှင့် ပဉ္စမနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသောလုပ်ငန်းများကို တင်ပြလိုပါတယ်။ တတိယနှစ်မှာ

တော့ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံး အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ကဏ္ဍပေါင်းစုံမှ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စတုတ္ထနှစ်တွင်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ် အားလုံးတွင် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ကဏ္ဍပေါင်းစုံမှ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ပဉ္စမနှစ်မှာ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်နိုင်မှုကို ဆန်းစစ် သုံးသပ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစား စွာဖြင့် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ပခုက္ကူမြို့နယ်၊ မန်ကျည်းပင်ပုကျေးရွာတွင် ကျေးလက်လမ်းကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးပိုက်ကို(ပခုက္ကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပခုက္ကူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးပိုက်ကို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျန်းမာရေးကိစ္စများကို မေးမြန်းသွား မှ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပခုက္ကူမြို့နယ်၊ မန်ကျည်းပင်ပုကျေးရွာမှာ ကျေးလက်လမ်း ကျန်းမာရေးဌာနခွဲဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါ တယ်။ မန်ကျည်းပင်ပုကျေးရွာဟာ ပခုက္ကူမြို့နယ်အဆုံး ရေစကြိုမြို့နယ်အဆုံး မြို့နယ်အဆုံး နှစ်ခုမှာရှိပြီးတော့ ပခုက္ကူမြို့ကနေပြီးတော့ ခြောက်မိုင်ခန့်ကွာဝေးပါတယ်။ လူဦးရေအားဖြင့် ၁၀၀၀ ခန့်နှင့် အိမ်ထောင်စု ၁၂၆ စုရှိပါတယ်။ မှီခိုကျေးရွာတွေက အုပ်စုနှစ်စုရှိပြီးတော့ ကျေးရွာရှစ်ရွာ၊ မန်ကျည်းပင်ပုအုပ်စုမှာ နှောကုန်းကျေးရွာ၊ ဒေါင်းစာကျေးရွာ၊ ဘုရားကုန်းကျေးရွာ၊ ဆိပ်ကမ်းသာ ကျေးရွာ၊ မန်ကျည်းပင်ပုကျေးရွာ၊ နယ်ဒဲကျေးရွာနှင့် ကြွေးအိုကျေးရွာများဖြစ်ပါတယ်။ တစ်ဆက် တည်းမှာပဲ တခြားမှီခိုကျေးရွာများဖြစ်တဲ့ ကူးလူးဆက်ဆံတဲ့ နတ်ကျင်းကျေးရွာ၊ ကင်မွန်းခါး

ကျေးရွာ၊ ရွှေဒါးကျေးရွာအုပ်စုများလည်း ရှိပါတယ်။ ရေစကြိုမြို့နယ်အစွန်က ဇရာမအုပ်စုနှင့် ညောင်ပင်သာကျေးရွာများကလည်း ကူးလူးဆက်ဆံနေကြတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကျေးရွာ ၁၁ ရွာ၊ လူဦးရေ ၅၅၀၀ ခန့်ရှိတဲ့ ကျန်းမာရေးဌာနခွဲအနေနဲ့ ဖွင့်လှစ်ပေးမယ်ဆိုလို့ရှိရင် လူဦးရေ ၅၅၀၀ ကျော်ကို စောင့်ရှောက်ပေးနိုင်မှာဖြစ်ပါတယ်။ ကျေးရွာအနေနဲ့ အထက်တန်းကျောင်းရှိပါတယ်။ ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်ရဲ့ အောက်နားမှာရှိပါတယ်။ ကျေးရွာဆေးပေးခန်းရရှိဖို့အတွက် အလှူရှင်ကနေပြီးတော့ မြေနေရာလည်း လှူဒါန်းထားပြီးဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ကနေပြီးတော့ ကျေးလက်ကျန်းမာရေးဌာနခွဲ ရရှိဖို့အတွက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနကို တင်ပြထားပြီးဖြစ်ပါတယ်။ နောက်တစ်ခါ မန်ကျည်းပင်ပုကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနခွဲ ရရှိဖို့အတွက် မြေနေရာနှင့် အဆောက်အဦကိုလည်း အလှူရှင်ဒေါ်တင်မီးကနေပြီးတော့ လှူဒါန်းထားတာဖြစ်ပါတယ်။ မြေနေရာလှူဒါန်းတာမကဘူး။ အဆောက်အဦဖြစ်တဲ့ ကျေးလက်ဆေးပေးခန်း ၂၄ ပေပတ်လည်အမြင့် ၁၂ ပေ အုတ်နံရံနှင့် သမံတလင်းကာပြီးတော့ မျက်နှာကျက်နှင့် အဆောက်အဦလည်းဆောက်ထားတာဖြစ်ပါတယ်။ ခြံစည်းရိုးနယ်မြေလည်းကာထားပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စောစောက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဒုတိယဝန်ကြီး တင်ပြထားသလို ကျန်းမာရေးကိစ္စတွေကို နိုင်ငံတော်ကနေ စောင့်ရှောက်နေတယ်ဆိုတာသိရတဲ့အတွက် အထူးပဲဝမ်းသာပါတယ်။ ယခုကျွန်တော်တို့ အစိုးရလက်ထက်မှာ ကျန်းမာရေးနှင့် ပညာရေးကို ဦးစားပေးပြီးတော့ ဆောင်ရွက်နေတာသိပါတယ်။ အဲဒီတော့ ကျွန်တော်စောစောက တင်ပြထားသလိုပဲ ကျေးရွာပြည်သူများကနေပြီးတော့ မြေနေရာလှူဒါန်းတယ်။ အဆောက်အဦတွေလည်း ပေးထားပြီးဖြစ်ပါတယ်။ နောက်တစ်ခါ ရေတွင်းပါဆောက်လုပ်ပြီးလှူဒါန်းထားပြီးဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို မျှော်လင့်စောင့်စားနေတာဖြစ်ပါတယ်။ စတင်လျှောက်ထားတဲ့ ၂၀၁၇ ခုနှစ် မတ်လကနေစတင်မယ်ဆိုလို့ရှိရင် သုံးနှစ်ကြာပြီဖြစ်တဲ့အတွက် ကျေးရွာနေ

ပြည်သူများကနေပြီးတော့ နိုင်ငံတော်ရဲ့ကျန်းမားရေးစောင့်ရှောက်မှု လိုအပ်နေပြီဖြစ်တဲ့အတွက် ယခုမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းအား ကျွန်မဆက်လက်ဖြေကြား သွားမှာဖြစ်ပါတယ်ရှင်။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ မကျည်းပင်ပုကျေးရွာသည် ကွင်းရွာ ကျေးလက်ကျန်းမာရေးဌာန၊ ကင်မွန်းခါး ကျေးလက်ကျန်းမာရေးဌာနခွဲအပိုင်ကျေးရွာဖြစ်ပါတယ်။ ၎င်းကျေးရွာသည် ကွင်းရွာကျေးလက် ကျန်းမာရေးဌာနနှင့် လေးမိုင်၊ ကင်မွန်းခါးကျေးလက် ကျန်းမာရေးဌာနခွဲနှင့် သုံးမိုင်၊ ပခုက္ကူပြည်သူ့ဆေးရုံနှင့်ခြောက်မိုင်ကွာဝေးပြီး မိုးရာသီမှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲလျက်ရှိကြောင်း သိရှိရပါတယ်။ မကျည်းပင်ပုကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာနခွဲ အသစ် တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိပါက ကေျုးရွာပေါင်းငါးရွာ၊ လူဦးရေ စုစုပေါင်း ၂၀၀၉ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံပေးနိုင်မည်ဖြစ်ပြီး အဆောက်အဦဆောက်လုပ်ရန် မြေစာရင်းပုံစံ(၁၀၅၊ ၁၀၆) ရရှိပြီးဖြစ်ပါသဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ်တိုးချဲ့ဖွင့်လှစ် သင့်ကြောင်း မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှလည်း ထောက်ခံတင်ပြထား ပါတယ်။ သို့ဖြစ်ပါ၍ မကျည်းပင်ပုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် တိုးချဲ့ ဖွင့်လှစ်ခွင့်ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ခဲ့ရာ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ ၁၁-၉-၂၀၁၉ ရက်စွဲပါ စာအမှတ်၊၃၈ မခ(ထ)၂၀၁၉(၃၅၀၉)/၁၅၂၀၉ ဖြင့် စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ ဝန်ထမ်းအင်အားဖွဲ့စည်းပုံအဆိုပြုချက်နှင့်အတူ ညှိနှိုင်းပေးပို့ထားပြီး ဖြစ်ပါတယ်။ သို့ရာတွင်

ပြည်ထောင်စုဝန်ကြီးဌာနများက အမှုတွဲတင်ပြရာတွင် အချိန်ကြန့်ကြာမှု မရှိစေရန် (One Stop Service-OSS)ပုံစံနှင့်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ (၃/၂၀၁၉)ဖြင့်ထုတ်ပြန်ထားသော မူဝါဒနှင့်လုပ်ငန်းစဉ်များအား ပြင်ဆင်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ၎င်းမူဝါဒအသစ် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးမှသာ မူဝါဒအသစ်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၅-၅-၂၀၂၀ ရက်စွဲပါစာအမှတ်၊ စဘစ/စီမံ-၁/၃/၅၂(၁၁၃၇)/၂၀၂၀ ဖြင့် အကြောင်းကြားလာပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ မူဝါဒ၊ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးမှ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ မကျည်းပင်ပုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိရန် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ် ခန့်ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁:၄၅။**

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁:၁၅။**

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**မူကြမ်း**

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကတင်သွင်းသည့် ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကတင်သွင်းသော ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့(၂၃-၇-၂၀၂၀ ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကိုဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၇-၂-၂၀၂၀ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်း တင်သွင်းရန် တောင်းခံခဲ့သော်လည်း ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ် တစ်ဦးမျှမရှိပါ။ ဒါ့ကြောင့် ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာဥပဒေကြမ်းကို

ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာပါတယ်။

**ဒေါက်တာအေးမင်း၊ ခရမ်းမဲဆန္ဒနယ်က တင်သွင်းသည့် ပုဂ္ဂလိကပြင်ပဆေးကုခန်းဆရာဝန် ( G.P General practitioner -အထွေထွေရောဂါကုဆရာဝန်)များ၊ အခြားကျန်းမာရေးဆိုင်ရာ ပညာရှင်များနှင့် ဒေသတွင်းစိတ်ပါဝင်စားသူများပါဝင်သည့် စား/သုံး/နေထိုင်မှုဆိုင်ရာ ကျန်းမာရေးအသိပညာပေးအဖွဲ့ကဲ့သို့သော အဖွဲ့များဖွဲ့စည်း၍ ပြည်သူလူထုအတွင်း ကျန်းမာရေးဆိုင်ရာအသိပညာများ ထိထိရောက်ရောက်၊ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးခြင်းဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များ ကဆွေးနွေးခြင်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာအေးမင်း၊ ခရမ်းမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့(၆-၃-၂၀၂၀ ရက်နေ့)တွင် တင်သွင်းသွားတဲ့ ပုဂ္ဂလိကပြင်ပဆေးကုခန်းဆရာဝန် (G.P General practitioner -အထွေထွေရောဂါကုဆရာဝန်)များ၊ အခြားကျန်းမာရေးဆိုင်ရာပညာရှင်များနှင့် ဒေသတွင်းစိတ်ပါဝင်စားသူများပါဝင်သည့် စား/သုံး/နေထိုင်မှုဆိုင်ရာ ကျန်းမာရေးအသိပညာပေးအဖွဲ့ကဲ့သို့သော အဖွဲ့များဖွဲ့စည်း၍ ပြည်သူလူထုအတွင်း ကျန်းမာရေးဆိုင်ရာအသိပညာများ ထိထိရောက်ရောက်၊ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးခြင်းဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်ကိုယ်စားလှယ် ငါးဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ခရမ်းမဲဆန္ဒနယ်က ဒေါက်တာအေးမင်း တင်သွင်းသွားတဲ့ ပုဂ္ဂလိကပြင်ပ ဆေးကုခန်းဆရာဝန်၊ အထွေထွေရောဂါကုဆရာဝန်များ၊ အခြားကျန်းမာရေးဆိုင်ရာပညာရှင်များနှင့် ဒေသတွင်းစိတ်ပါဝင်စားသူများပါဝင်သည့် စား/သုံး/နေထိုင်မှုဆိုင်ရာ ကျန်းမာရေးအသိပညာပေးအဖွဲ့ကဲ့သို့သော အဖွဲ့များဖွဲ့စည်း၍ ပြည်သူလူထုအတွင်း ကျန်းမာရေးဆိုင်ရာအသိပညာများ ထိထိရောက်ရောက်၊ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးခြင်းဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမည့် ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်ရှင်။ ကူးစက်တတ်သောရောဂါမဟုတ်တဲ့ရောဂါ

အများစုအား လူတို့၏အပြုအမူ၊ အနေအထိုင်၊ အစားအသောက်၊ ဘ၀နေထိုင်မှုပုံစံနှင့်များစွာ ပတ်သက်နေပြီးတော့ မြန်မာနိုင်ငံမှာရှိတဲ့ ကျန်းမာရေးပြဿနာဟာ ဆင်းရဲမွဲတေမှု ဆေးရုံ၊ ဆေးခန်း၊ ဆေးဝါးလက်လှမ်းမမီမှုတို့အပြင် မြန်မာနိုင်ငံသားတွေရဲ့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ဗဟုသုတအပေါ်မှာလည်း များစွာပတ်သက်နေတဲ့အတွက်ကြောင့်မို့လို့ ဒီလိုပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခြင်းအားဖြင့် ဒီကွက်လပ်ကိုဖြည့်ဆည်းနိုင်မယ်ဆိုတာ ယုံကြည်တဲ့အတွက်ကြောင့် မို့လို့ ဒီအဆိုကိုကျွန်မအနေနဲ့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

ကျွန်မတို့က ဘဏ္ဍာငွေအကန့်အသတ်နဲ့ ကျန်းမာရေးဝန်ထမ်းများဖြစ်တဲ့ ဆရာဝန်၊ သူနာပြု ကျန်းမာရေးဝန်ထမ်းတွေ မပြည့်အစုံ၊ မလုံလောက်တဲ့ကြားထဲကနေပြီးတော့မှ ကမ္ဘာ့အင်အားကြီး နိုင်ငံတွေတောင်မှပဲ ခက်ခက်ခဲခဲရုန်းကန်ရင်ဆိုင်ရတဲ့ ကမ္ဘာ့ကပ်ရောဂါကို ကျွန်မတို့နိုင်ငံက ပညာရှင်တွေ၊ စေတနာရှင်တွေပူးပေါင်းပြီးတော့ နိုင်ငံတော်ရဲ့ အကန့်အသတ်တွေ ကြားထဲကနေ ပြီးတော့ မားမားမတ်မတ် ကြံ့ကြံ့ခံရပ်တည်နေနိုင်တာက ပြည်သူလူထုပူးပေါင်းပါဝင်မှုကြောင့် ဆိုတာကို လက်ရှိအနေအထားအရ အားလုံးမျက်ဝါးထင်ထင် သိမြင်နေရတာဖြစ်ပါတယ်။ ပြည်သူ ပူးပေါင်းပါဝင်ဖို့အတွက် လမ်းစဖွင့်ပေးတဲ့ ဒေသကိုအခြေခံပြီးတော့ အဖွဲ့အစည်းတွေဖွဲ့ပြီးတော့ ဒေသရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့အတွက် စီစဉ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ လျှောက်လှမ်းနေတဲ့ လူတိုင်းလက်လှမ်းမီကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းကို များစွာအထောက်အကူ ဖြစ်မှာဖြစ်တဲ့အတွက်ကြောင့်မို့လည်း ထောက်ခံရခြင်းဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အသက်သေစေနိုင်တဲ့ ထိပ်တန်းအကြောင်းအရင်းကို ၂၀၁၂ ခုနှစ် စစ်တမ်းအရလေ့လာကြည့်တဲ့ အခါမှာ (၁) ကူးစက်ရောဂါနှင့် ကပ်ပါးရောဂါ၊ (၂) နှလုံးသွေးကြောဆိုင်ရာရောဂါ၊ (၃) မွေးဖွားပြီးခါစ ပေါ်ပေါက်သော ပြဿနာများကြောင့်၊ (၄) ထိခိုက်ဒဏ်ရာနှင့်အဆိပ်ကြောင့်သေဆုံးတာအများဆုံး ဖြစ်ပါတယ်။ ဒါတစ်နိုင်ငံလုံး အတိုင်းအတာအတွက် တွေ့ရှိချက်ပါ။ ဒါပေမဲ့လည်း ဒေသအချင်းချင်း မှာတော့ ကွဲလွဲချက်တွေဖြစ်သွားပါတယ်။ ကရင်ပြည်နယ်မှာဆိုလို့ရှိရင် သေဆုံးစေတဲ့ ထိပ်တန်း

အကြောင်းအရင်းက (၁) သွေးဆိပ်တက်ခြင်း၊ (၂) လမစေ့ဘဲမွေးဖွားခြင်းနှင့် ပေါင်မပြည့်ဘဲ မွေးဖွားခြင်း၊ (၃) HIV ။ ကချင်ပြည်နယ်မှာဆိုလို့ရှိရင် သေဆုံးမှုထိပ်တန်းအကြောင်းအရင်းက (၁) HIV၊ (၂) ဦးခေါင်းပိုင်းဆိုင်ရာဒဏ်ရာများ၊ (၃) ငှက်ဖျားရောဂါဖြစ်ပါတယ်။ ကယားပြည်နယ်မှာ ဆိုလို့ရှိရင် သေဆုံးစေတဲ့ ထိပ်တန်းအကြောင်းအရင်းက (၁) လမစေ့ဘဲ မွေးဖွားခြင်းနှင့် ပေါင်မပြည့်ဘဲ မွေးဖွားခြင်း၊ (၂) သွေးတိုးခြင်း (၃) လေဖြတ်ခြင်းဖြစ်ပါတယ်။ အထက်ပါ အချက်အလက်တွေကိုကြည့်ခြင်းအားဖြင့် ဒေသတစ်ခုနှင့်တစ်ခုရဲ့ လိုအပ်ချက်၊ ဒေသတစ်ခုနှင့် တစ်ခုပံ့ပိုးပေးဖို့ဟာက ကွဲပြားနေတာကို တွေ့ရပါတယ်။ ဒေသကိုအခြေခံပြီးတော့ ဒေသအတွက် အလိုအပ်ဆုံးသော ပညာပေးလုပ်ငန်းများ ကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ရောဂါဖြစ်ပွားမှုနှုန်း၊ သေဆုံးမှုနှုန်းကို လျော့ကျစေနိုင်မှာဖြစ်ပါတယ်။ မူဝါဒချမှတ်တဲ့သူများနှင့် ဒေသအခြေပြုအဖွဲ့အစည်းများ ပူးပေါင်းကာ မှန်ကန်သည့်သတင်းအချက်အလက်အပေါ်မှာ မူတည်တဲ့ ကျန်းမာရေးစီမံခန့်ခွဲတဲ့စနစ် တိုးတက်ဖို့အတွက်လည်း အထောက်အကူဖြစ်မှာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဒုတိယအနေနဲ့ ထောက်ခံရခြင်းဖြစ်ပါတယ်။

ကျွန်မတို့က CSR ရန်ပုံငွေရဲ့ပမာဏတစ်ခုကို ဒေသအခြေပြု ကျန်းမာရေးအထောက်အကူပြု အဖွဲ့ကိုသုံးစွဲစေခြင်းနှင့် လတ်တလောကြုံတွေ့နေတဲ့ ကျန်းမာရေးပြဿနာများ အချိန်နှင့် တစ်ပြေးညီ ဖြေရှင်းနိုင်ခြင်း၊ ကျန်းမာရေးအသိပညာကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးခြင်းဖြင့် ပြည်သူလူထုရဲ့ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ပေးရန်အတွက် များစွာအထောက်အကူပြု လာမှာ ဖြစ်ပါတယ်။ အရပ်ထဲမှာ တွင်တွင်ကျယ်ကျယ်ဖြစ်နေတဲ့ တရားမဝင်ဆေးကုသခြင်း လုပ်ငန်းတွေ၊ ဆေးမြီးတိုနှင့် ဘေးစကားတွေကို ယုံမှားအားထားလိုက်တဲ့အတွက်ကြောင့်မို့လို့ မသေသင့်ဘဲသေလိုက်ရတဲ့ဖြစ်စဉ်တွေက အင်မတန်ကို ဝမ်းနည်းဖွယ်ကောင်းအောင် ကြားတွေ့ နေရပါတယ်။ ကျွန်မတို့က ဒီအသိပညာလက်လှမ်းမမီတဲ့အတွက်ကြောင့်မို့လို့ ဖြစ်ခြင်းရဲ့ ဆိုးကျိုးတွေဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံတည်ဆောက်ရေး၊ ဘက်စုံပြုပြင်ပြောင်းလဲရေးတွေအတွက်

ကြိုးပမ်းနေတဲ့ ဒီလိုကာလမျိုးမှာ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့ဝန်ထမ်းမလုပ်ဖြစ်တဲ့ ပညာရှင်တွေ၊ ကျန်းမာသန်စွမ်းနေဆဲ အငြိမ်းစားကျန်းမာရေးဝန်ထမ်းတွေ၊ စေတနာရှင်တွေ ပူးပေါင်းပြီးတော့ ဒေသတစ်ခုချင်းစီရဲ့ အထူးလိုအပ်ချက်ကို မှန်ကန်တဲ့အသိပညာဖြင့် ဦးဆောင်ပံ့ပိုးခြင်းဖြင့် ကျွန်မတို့ အားထုတ်တည်ဆောက်နေတဲ့ လူတိုင်းလက်လှမ်းမီ ကျန်းမာရေးစောင့်ရှောက်မှုဆီကို ဦးတည် ဆောင်ရွက်ရာမှာ များစွာအထောက်အကူဖြစ်မှာ ယုံကြည်တဲ့အတွက်ကြောင့်မို့လို့ ဒေါက်တာအေးမင်း တင်သွင်းတဲ့ ဒေသအခြေပြု အဖွဲ့အစည်းတွေဖွဲ့စည်းပြီးတော့ ကျန်းမာရေးအသိပညာပေးလုပ်ငန်း များ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးခြင်းလုပ်ငန်းစဉ်အတွက် နိုင်ငံတော်အစိုးရက တိုက်တွန်း ကြောင်းအဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ ခရမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာပါ။ ကျွန်တော်တို့နိုင်ငံဟာ ကျန်းမာရေးဆိုင်ရာအသိပညာဗဟုသုတတွေ၊ စည်းမျဉ်း၊ စည်းကမ်း စောင့်ထိန်းလိုက်နာမှုတွေ၊ ဥပဒေနဲ့အညီ စည်းနှောင်ထိန်းကွပ်မှုတွေ အနည်းငယ်အားနည်း နေတယ်လို့ ထင်မြင်ယူဆမိပါတယ်။ ဒါကြောင့်လည်း မြန်မာနိုင်ငံရဲ့ ကျန်းမာရေးအဆင့်အတန်း ဟာ ကမ္ဘာမှာ အဆင့်(၁၃၀)ဝန်းကျင်ကိုရောက်ရှိနေပြီးတော့ မြန်မာနိုင်ငံသားတစ်ယောက်ရဲ့ ပျမ်းမျှသက်တမ်းဟာလည်း ၆၆ နှစ်ဝန်းကျင်သာရှိနေတာပါ။ ကမ္ဘာမှာ ကင်ဆာရောဂါဖြစ်ပွားမှု ဒုတိယအမြင့်မားဆုံးဖြစ်နေတယ်။ ဆေးရုံဆေးခန်းတွေမှာ လူနာတွေ ကြိတ်ကြိတ်တိုးစည်ကား နေတာတွေဟာလည်း စိုးရိမ်ဖွယ်ရာအခြေအနေတွေပါ။ မိမိဝန်းကျင်၊ ရပ်ရွာ

အသိမိတ်ဆွေတွေထဲမှာ ကင်ဆာဖြစ်နေသူတွေ၊ ကင်ဆာကြောင့်ဆုံးပါးသွားသူတွေ မကြားချင်၊ မမြင်ချင်အဆုံးဆိုသလို ရှိနေတာပါ။ သွေးတိုး၊ ဆီးချိုရောဂါဆိုတာ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ သာမန်ဖြစ်ရိုးဖြစ်စဉ်တစ်ခု အလားပါ။ ကျွန်တော်တို့နိုင်ငံမှာ သေဆုံးမှုအားလုံးရဲ့ ၅၁ ရာခိုင်နှုန်းဟာ သွေးတိုး၊ နှလုံး သွေးကြောကျဉ်း၊ ဆီးချို၊ သွေးချို၊ ကင်ဆာ၊ နာတာရှည်၊ အဆုတ်နဲ့အသက်ရှူလမ်းကြောင်းရောဂါ တွေကြောင့်လို့ဆိုပါတယ်။ စစ်တမ်းတစ်ခုအရ ကျွန်တော်တို့နိုင်ငံမှာ ဆေးလိပ်နဲ့ဆေးရွက်ကြီး သုံးစွဲသူ ၂၆.၁ ရာခိုင်နှုန်း၊ ကွမ်းယာနဲ့ဆေးရွက်ကြီးစားသုံးသူ ၄၃.၂ ရာခိုင်နှုန်း၊ အရက်အလွန်အကျွံ သောက်သုံးသူ ၁၀.၃ ရာခိုင်နှုန်း၊ အသီးအရွက်၊ သစ်သီးဝလံစားသုံးမှုနည်းသူ ၈၆.၆ ရာခိုင်နှုန်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးသူ ၁၅.၇ ရာခိုင်နှုန်း၊ သွေးတိုးရှိသူ ၂၆.၄ ရာခိုင်နှုန်း၊ ဆီးချို၊ သွေးချိုရှိသူ ၁၀.၅ ရာခိုင်နှုန်း စသဖြင့်တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆေးလိပ်ကြောင့် ကင်ဆာရောဂါဆိုးတွေ ဖြစ်စေတာသိကြပေမဲ့ ဆေးလိပ်သောက်ခွင့်မရှိတဲ့၊ အများနဲ့ဆိုင်တဲ့နေရာတွေမှာ သောက်သုံးနေကြတာဟာ ကျွန်တော်တို့မမြင်ချင်အဆုံး တွေ့နေရပါတယ်။ ဆေးရွက်ကြီးရဲ့အန္တရာယ်ဆိုးကျိုးတွေ သိရှိပေမဲ့ လူကြီး၊ လူငယ်၊ ကျား/မ မရွေး ကွမ်းတဖောင်ဖောင်နဲ့ပါ။ ဈေးထဲကိုသွားလိုက်ရင် ဆိုးဆေးတွေသုံးထားတဲ့ အစားအစာတွေ၊ မှည့်ဆေး၊ တာရှည်ခံဆေးသုံးထားတဲ့ အစားအစာတွေ၊ ပိုးသတ်ဆေးဓာတ်မြေဩဇာတွေ အလွန်အကျွံအသုံးပြုထားတဲ့ အသီးအရွက်တွေ၊ ကျန်းမာရေးနဲ့ မညီညွတ်တဲ့အစားအစာတွေဟာ ရှောင်လို့မလွတ်နိုင်အောင် တွေ့နေရတာပါ။ အစာလည်းဆေး၊ ဆေးလည်းအစာဆိုပေမဲ့ ငွေပေးပြီးတော့ အဆိပ်တွေ၊ ရောဂါတွေဝယ်နေရသလိုဖြစ်နေတာပါ။ ဒီလို ကျန်းမာရေးဆိုင်ရာဆိုးကျိုးတွေဖြစ်စေတဲ့၊ လူတွေကိုရောဂါ ဘေးဆိုးတွေဆီ တွန်းပို့နေတဲ့ ကိစ္စရပ်တွေကို ထိထိရောက်ရောက် အသိပညာပေး၊ သတိပေး၊ အရေးယူမှုတွေကို ပီပြင်စွာဆောင်ရွက်ဖို့လိုအပ်နေပါပြီ။ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့ဆိုရင် သက်ဆိုင်ရာဌာန၊

အဖွဲ့အစည်းသာမက ပြင်ပကဆရာဝန်တွေ၊ ပညာရှင်တွေ၊ ရပ်မိရပ်ဖ၊ လူမှုရေးအသင်းအဖွဲ့တွေနဲ့ ပြည်သူလူထုပါ ပူးပေါင်းပါဝင်ဖို့လိုအပ်ပါတယ်။

ဆေးလိပ်နဲ့ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ၊ အမျိုးသားအစားအသောက်ဥပဒေ၊ စားသုံးသူကာကွယ်ရေးဥပဒေ၊ အမျိုးသားကျန်းမာရေးမဟာဗျူဟာ စသဖြင့် ဥပဒေတွေထုတ်ပြန်ဖော်ဆောင်နေပေမဲ့ ဥပဒေနဲ့အညီ လိုက်နာလာအောင်၊ အရေးယူဆောင်ရွက်မှုအပိုင်းမှာ ပိုမိုအားထည့်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ကာကွယ်ခြင်းဟာ ကုသခြင်းထက်ပိုကောင်းတယ်ဆိုတဲ့စကားနဲ့အညီ ကျွန်တော်တို့ပြည်သူတွေ အသက်ရှည်ရာ အနာမဲ့ကြောင်းအတွက် ပိုမိုကောင်းမွန်ထိရောက်တဲ့နည်းလမ်းများ ရှာကြံပြီးတော့ တာဝန်အသိမှာ စေတနာထည့်ပြီးတော့ ပူးပေါင်းဆောင်ရွက်ကြရမယ့်အချိန်အခါ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူတွေ ကျန်းမာရေးဆိုင်ရာဆိုးကျိုးတွေ ခံစားနေရတာဟာ ကျန်းမာရေးဆိုင်ရာအသိပညာတွေ အားနည်းတာ၊ ကျန်းမာရေးနဲ့ညီညွတ်မှုမရှိတဲ့ အစားအသောက်၊ အနေအထိုင်၊ အမူအကျင့်တွေ ပြုမူနေကြတာဟာ ခေတ်ကာလအတော်ကြာ ကျန်းမာရေးအသုံးစရိတ်တွေ အလွန်နည်းပါးစွာ အသုံးပြုခဲ့မှု၊ ကျန်းမာရေးအသိပညာပေးမှု အားနည်းခဲ့မှု၊ ကျန်းမာရေးစောင့်ရှောက်မှုအားနည်းခဲ့မှု၊ ဆင်းရဲမွဲတေမှု စတာတွေဟာ အဓိကအကြောင်းတရားတွေပဲလို့ ထင်မြင်ယူဆမိပါတယ်။ ဒီနေ့ ဒီအချိန်မှာတော့ ပြည်သူ့အစိုးရဟာ ပြည်သူ့ကျန်းမာရေးဘတ်ဂျက်တွေကိုတိုးမြှင့်၊ လိုအပ်ချက်တွေ ဖြည့်ဆည်း၊ ခေတ်မီစက်ကိရိယာတွေတိုးချဲ့တပ်ဆင်၊ ဆရာဝန်၊ ဆရာမတွေ တိုးမြှင့်ခန့်ထားလို့ နည်းမျိုးစုံနဲ့ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေတာ တွေ့ရပါတယ်။ ယခု ကိုဗစ်ကာလ ကျန်းမာရေးစောင့်ရှောက်မှုတွေဟာ ကမ္ဘာကပင် စံထားချီးကျူးခံရတာ အားလုံးအသိပါ။

ဒီနေရာမှာ အဆိုရှင် ဒေါက်တာအေးမင်းရဲ့အဆိုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈ ပုဒ်မခွဲ (ခ)ပါ ပြည်သူများရဲ့ ပညာရေးနှင့်ကျန်းမာရေးတို့တွင် တိုင်းရင်းသားပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရမည်ဆိုတဲ့အချက်နဲ့ ညီညွတ်သလို

စားသုံးသူကာကွယ်ရေးဥပဒေ အခန်း(၅) ပုဒ်မ ၁၃ ပုဒ်မခွဲ(က)မှာပါတဲ့ စားသုံးသူကာကွယ်ရေး ဆိုင်ရာ အသင်းအဖွဲ့များဖွဲ့စည်းဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ပေးခြင်းဆိုတဲ့အချက်နဲ့လည်း ကိုက်ညီနေပါတယ်။ ဘယ်အရာမဆို ပြည်သူပူးပေါင်းပါဝင်မှုမရှိရင် မအောင်မြင်နိုင်ဘူးဆိုတဲ့ စကားနဲ့အညီ ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေးအတွက်အရေးကြီးလှတဲ့ ကျန်းမာရေး အသိပညာဖြန့်ဖြူးခြင်းလုပ်ငန်းစဉ်မှာ သက်ဆိုင်ရာဌာနတွေနဲ့အတူ အဆိုရှင်တင်ပြထားသလို ပြင်ပပုဂ္ဂလိကဆရာဝန်တွေ၊ အထွေထွေရောဂါကုဆရာဝန်တွေ၊ အခြားကျန်းမာရေးဆိုင်ရာ ပညာရှင်တွေ၊ ဒေသတွင်းစိတ်ပါဝင်စားသူတွေပါဝင်တဲ့ စားသုံးနေထိုင်မှုဆိုင်ရာ၊ ကျန်းမာရေး အသိပညာပေးအဖွဲ့ကဲ့သို့သော အဖွဲ့များဖွဲ့စည်း၍ ပြည်သူလူထုအတွင်း ကျန်းမာရေးဆိုင်ရာ အသိပညာများ ထိထိရောက်ရောက်၊ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးခြင်းဖြင့် ပြည်သူလူထုရဲ့ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိုက်(ဆိပ်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက် ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးလိုတဲ့အကြောင်း ကတော့ ခရမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်းတင်သွင်းတဲ့ ပုဂ္ဂလိက ပြင်ပဆေးကုခန်းဆရာဝန်၊ အခြားကျန်းမာရေးဆိုင်ရာပညာရှင်များနှင့် ဒေသတွင်း စိတ်ပါဝင်စားသူများပါဝင်သည့် စား/သုံး/နေထိုင်မှုဆိုင်ရာ ကျန်းမာရေးအသိပညာပေးအဖွဲ့ကဲ့သို့ အဖွဲ့များဖွဲ့စည်း၍ ပြည်သူလူထုအတွင်း ကျန်းမာရေးဆိုင်ရာအသိပညာရှင်များ ထိထိရောက်ရောက်၊ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးခြင်းဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်

ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ရည်ရွယ်ချက်နှစ်ရပ်မှာ (၁) လူတိုင်း သက်တမ်းစေ့အသက်ရှည်စွာနေထိုင်ရေး၊ (၂) လူတိုင်းရောဂါဘယ ကင်းဝေးစေရေးတို့ဖြစ်ပါတယ်။ အထက်ပါရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် (၁) ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ (၂) ရောဂါကာကွယ်တားဆီးခြင်း၊ (၃) ရောဂါဖြစ်ပွားလျှင် ထိရောက်စွာကုသပေးခြင်းတို့ပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးရာတွင် နိုင်ငံတော်မှ တရားဝင်ခန့်အပ်ထားသော ကျန်းမာရေးဝန်ထမ်းများနှင့် မလုံလောက်ပါ။ နိုင်ငံတော်၏ဘဏ္ဍာရေးအခြေအနေအရ ကျေးလက်ဒေသများအထိ ဆရာဝန်များခန့်ထားပေးနိုင်ခြင်း မရှိသေးပါ။ ကျေးလက်ဒေသများတွင် များသောအားဖြင့် ကျေးလက်ကျန်းမာရေးမှူးများအဆင့်သာ ခန့်ထားနိုင်ပါသည်။ တချို့ကျေးရွာများတွင် ကျန်းမာရေးမှူးအဆင့်ပါ ခန့်ထားနိုင်ခြင်းမရှိသေးပါဘူး။ ထိုကဲ့သို့သော အခြေအနေတွင် အဆိုရှင် တင်ပြသကဲ့သို့ အဖွဲ့အစည်းများဖွဲ့စည်းပြီး အောက်ခြေအထိ ထဲထဲဝင်ဝင်ကွင်းဆင်းဆောင်ရွက် နိုင်ခြင်းဖြင့် ပြည်သူလူထု၏ကျန်းမာရေးကို ထိထိရောက်ရောက်ကာကွယ်ဆောင်ရွက်ရန် အသိပညာ များရရှိလာမှာ မလွဲကေန်ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ မကူးစက်နိုင်သောရောဂါများမှာ လေဖြတ်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ ဆီးချို၊ သွေးချိုရောဂါ၊ ရင်ကြပ်ပန်းနာရောဂါ၊ ကင်ဆာရောဂါများ ဖြစ်ပါတယ်။ လူတစ်ဦးနှင့်တစ်ဦး ထိတွေ့ဆက်ဆံခြင်းဖြင့် ကူးစက်နိုင်တဲ့ရောဂါများမှာ အသက်ရှူလမ်းကြောင်း အောက်ပိုင်း ပိုးဝင်ခြင်း၊ တီဘီ၊ ဝမ်းပျက်ဝမ်းလျှော၊ HIV၊ AIDS ရောဂါများဖြစ်ပါတယ်။ အခြားကျန်းမာရေး ဆိုင်ရာပြဿနာများအနေဖြင့် ထိခိုက်ဒဏ်ရာရခြင်း၊ အဆိပ်သင့်ခြင်း၊ အသည်းကျုံ့ခြင်း၊ နာတာရှည်၊ အဆုတ်လေပြွန်ရောင်ရောဂါများ အစရှိသဖြင့်ရှိပါသေးတယ်။ မကူးစက်နိုင်သော

ရောဂါများကို ထိရောက်စွာကာကွယ်နိုင်ရန်အတွက် အစာလည်းဆေး၊ ဆေးလည်းအစာဆိုသကဲ့သို့ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများကို ပြည်သူလူထုအနေဖြင့် ရွေးချယ်စားသုံးဖို့ လိုအပ်ပါတယ်။ ယခု မြန်မာနိုင်ငံမှာဆိုရင် အော်ဂဲနစ်သီးနှံများ စားသုံးမှုတွင်ကျယ်လာနေပြီ ဖြစ်ပါတယ်။ အသက်အန္တရာယ်ကိုထိခိုက်စေတဲ့ မူးယစ်ဆေးဝါး၊ ဆေးလိပ်၊ အရက်၊ ဘီယာ၊ ကွမ်း စားသုံးခြင်းများကိုလည်း လျှော့နည်းလာအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

အဆိုရှင်တင်ပြသကဲ့သို့ အဖွဲ့များဖွဲ့စည်း၍ ကျေးလက်ဒေသများအထိ ကွင်းဆင်း ဟောပြောဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထုကြားတွင် ကျန်းမာရေးအသိပညာများကြွယ်ဝလာပြီး လူတိုင်းအသက်ရှည်စွာ နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုများရရှိလာနိုင်မှာ ဖြစ်ပါတယ်။ လူတို့တွင် စား၊ ဝတ်၊ နေရေးဟူသော အရေးသုံးပါးတွင် စားရေးသည် အဓိက အရေးကြီးသောအခန်းကဏ္ဍ အဆင့်(၁)တွင်ပါဝင်နေပါတယ်။ ဝတ်ရေးနှင့် နေရေးတို့သည် ခြိုးခြံ ချွေတာစွာနေရင်ရသော်လည်း လူတို့အသက်ရှင်နေထိုင်နိုင်ရေးအတွက် နေ့စဉ်စားသုံးနေရသည့် အစားအစာများသည် အဓိကအခန်းကဏ္ဍမှာပါဝင်နေပါတယ်။ ယခုအခါ မြန်မာနိုင်ငံတွင် စားသုံးသူ ကာကွယ်ရေးဥပဒေများလည်း ပေါက်ထွက်လာပြီဖြစ်ပါတယ်။ အစားအစာများကို စားသုံးရာမှာ အားနာစာမစားနဲ့၊ နှမြောစာမစားနဲ့၊ မတည့်တဲ့အစာမစားနဲ့လို့ ရှေးလူကြီးများကပြောခဲ့တဲ့ အချက်(၃)ချက်ကို တိတိကျကျလိုက်နာဆောင်ရွက်လျှင်ပင် ကြိုတင်ကာကွယ်မှုဖြစ်တဲ့အတွက် ပြည်သူလူထု၏ အသက်ရှည်ကျန်းမာနေထိုင်ရေးအတွက် အထောက်အကူပြုမှာ အမှန်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ၁၁-၃-၂၀၂၀ ရက်နေ့ COVID-19 ကို ကမ္ဘာ့ကပ်ရောဂါအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ကြေညာလိုက်ပါတယ်။ ဒီလိုကြေညာ အပြီးမှာ ဒီရောဂါကို လောလောဆယ်ကုသဖို့ ဆေးမရှိပါဘူးဆိုတာကိုသိနေတဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ မိမိပြည်သူ/ပြည်သူများ မပျက်သုဉ်းရလေအောင် ကြိုတင်ကာကွယ်ခြင်းက အကောင်းဆုံးဆိုတာသိရှိပြီး အခြားသောကမ္ဘာ့ခေါင်းဆောင်တွေမလုပ်ခဲ့တဲ့ ပြည်သူတွေကို

လက်သန့်ရှင်းရေးလုပ်ပြလိုက်တယ်။ လုပ်ပြလိုက်တော့ ခေါင်းဆောင်ရဲ့လုပ်ရပ်နဲ့စကားတို့ကို ပြည်သူ တွေကလိုက်နာပြီး ဆောင်ရွက်ခဲ့ကြလို့ ၄-၈-၂၀၂၀ ရက်နေ့ နံနက်ပိုင်းအထိ COVID-19 ရောဂါပိုး တွေ့ရှိသူဟာ ၃၅၅ ဦး၊ ကင်းစင်သူက ၃၀၂ ဦး၊ သေဆုံးသူကခြောက်ဦးသာ ရှိပါတယ်။ ဒီအခြေအနေကိုသိရှိနေတဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး(WHO)က ကျွန်တော်တို့ခေါင်းဆောင်ရဲ့ လုပ်ဆောင်ချက်တွေကို ချီးကျူးခဲ့တယ်လို့သိရှိရပါတယ်။ ဒါဟာ ကျွန်တော်တို့နိုင်ငံအတွက် ဂုဏ်ယူစရာပါ။ စောစောကသာ အဖွဲ့အစည်းများဖွဲ့စည်းထားမယ်ဆိုရင် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ဟာ ဒီလောက်အထိ မပင်ပန်းလောက်ပါဘူး။ ဒါ့ကြောင့် နောင်ဖြစ်ပေါ်လာမယ့် ကူးစက်ရောဂါများကိုဖြေရှင်းနိုင်ရန် ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း တင်သွင်းတဲ့အဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ အတည်ပြုပေးပါရန် လေးလေးနက်နက်ထောက်ခံရင်း ဆွေးနွေးလိုက် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစိုင်းအိုက်လှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးစိုင်းအိုက်လှ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ် ပါသော ဥက္ကဋ္ဌကြီးနှင့်အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဒုတိယဗိုလ်မှူးကြီးစိုင်းအိုက်လှ ဖြစ်ပါတယ်။ ဒေါက်တာအေးမင်း တင်သွင်းတဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ခြင်းစကားရပ်ကို WHO က လူတိုင်းရဲ့ ကျန်းမာရေးကိစ္စဆိုင်ရာထိန်းချုပ်နိုင်မှုကို ၎င်းတို့ကိုယ်တိုင်မြှင့်တင်ခြင်းလို့ အဓိပ္ပာယ် ဖွင့်ဆိုထားပါတယ်။ ကျန်းမာရေးကောင်းမွန်ခြင်းဆိုတာ တင်ပြပါအတိုင်းဖြစ်တယ်လို့ WHO Bulletin 2017 မှာ ဖော်ပြထားပါတယ်။ ကျန်းမာရေးမြှင့်တင်ဖို့ ပထမဆုံးလိုအပ်ချက်ကတော့ မူဝါဒချက်မှတ်သူများ၏ Political commitment ဖြစ်ပြီး ကောင်းမွန်သောမူဝါဒများချမှတ်ခြင်း၊ ၎င်းကိုအထောက်အပံ့ပေးမယ့် လက်တွေ့လုပ်ဆောင်နိုင်တဲ့ ဥပဒေတွေရှိခြင်းပဲဖြစ်ပါတယ်။ Lagal

Determinants of Health သဘောတရားအရ ပြည်သူလူထုရဲ့ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အရာများကို တင်းကျပ်စွာ တားမြစ်ထိန်းသိမ်းပေးမှသာ ပြည်သူလူထု၏ ကျန်းမာရေးကို မြှင့်တင်ပေးနိုင်မှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ (ဥပမာ-ဆေးလိပ်ဈေးနှုန်းမြင့်မားလာခြင်းဖြင့် ဆေးလိပ်ဖြတ်နှုန်းများလာခြင်း)အထူးသဖြင့် ဆယ်ကျော်သက်ကလေးငယ်များအတွက် ပိုအကျိုးရှိကြောင်း တွေ့ရှိရပါတယ်။ ဆေးလိပ်၊ အရက်သာမက အဆီပါဝင်မှုနှုန်းများတဲ့ အချိုပါဝင်မှုမြင့်မားလွန်းသော အစားအသောက်များကိုလည်း အထူးကုန်စည်ခွန် ကောက်သင့်/မကောက်သင့် စဉ်းစားသင့်ပါကြောင်း အကြံပြုလိုပါတယ်။

ကျန်းမာရေးမြှင့်တင်ဖို့လိုအပ်တဲ့ အရေးကြီးတဲ့နောက်တစ်ချက်ကတော့ ကျန်းမာရေးအသိပညာ မြင့်မားခြင်းပဲဖြစ်ပါတယ်။ ကျန်းမာရေးအသိပညာဆိုတဲ့စကားဟာ အခြေခံကျန်းမာရေးဆိုင်ရာ အချက်အလက်များကို သိရှိလက်လှမ်းမီပြီး ၎င်းတို့ကို ကောင်းစွာနားလည်ကာ ကျန်းမာရေးဝန်ဆောင်မှုများကို အကောင်းအဆိုးခွဲခြားနိုင်ပြီး မိမိကိုယ်တိုင် ဆုံးဖြတ်နိုင်ခြင်းလို့ အဓိပ္ပာယ်ဖွင့်ဆိုကြပါတယ်။ တစ်နိုင်ငံလုံးကျန်းမာရေး အသိပညာမြင့်မှ ဆောင်ရန်၊ ရှောင်ရန်များကို ကောင်းစွာသိရှိနားလည်ပြီး ရွေးချယ်အသုံးချနိုင်မှာဖြစ်ပါတယ်။ ကျန်းမာရေးအသိပညာများကို နိုင်ငံတစ်ဝန်းတိုင်းရင်းသားဒေသများပါမကျန် လိုအပ်ပါက ၎င်းဒေသများအတွက် သီးခြားစီမံချက်များချမှတ်ပြီး အားလုံးတစ်ပြေးညီရရှိအောင် နည်းလမ်းရှာဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဥပမာ-အငန်စားခြင်းရဲ့နောက်ဆက်တွဲပြဿနာများသိရှိအောင် ပညာပေးပြီးမှသာ ၎င်းတို့ကိုယ်တိုင် စား/မစားဆိုတာကို မှန်ကန်စွာရွေးချယ်ဆုံးဖြတ်နိုင်မှာဖြစ်ပါတယ်။ မိမိတို့နိုင်ငံမှာ ၂၀၁၄ ခုနှစ်စာရင်းအရ သွေးပေါင်ချိန်များနေသူ ၂၆.၄ ရာခိုင်နှုန်း၊ ခန္ဓာကိုယ်အလေးချိန်များနေသူ ၂၂.၄ ရာခိုင်နှုန်း၊ သွေးတွင်းသကြားဓာတ်များနေသူ ၅.၉ ရာခိုင်နှုန်း ရှိနေသဖြင့် Life Style Change ဆိုတဲ့ အငန်လျှော့စား၊ ကိုယ်လက်လှုပ်ရှားမှုပိုလုပ်၊ အချိုလျှော့စားစသည်တို့ကို ပြည်သူများ ကျန်းမာရေးအသိရှိပြီး ဆောင်ရွက်လာပါက မည်မျှအကျိုးများမည်ကို စဉ်းစားကြည့်နိုင်ပါတယ်။ ကျန်းမာရေးမြှင့်တင်ဖို့

ကောင်းမွန်တဲ့ မြို့ပြစနစ်ကို တည်ထောင်ဖို့လိုအပ်ပါတယ်။ ကျန်းမာရေးနှင့်ညီညွတ်တဲ့၊ အားကစား လုပ်နိုင်တဲ့လမ်းတွေ၊ အပန်းဖြေနေရာတွေများစွာရှိနေအောင် ဒီဇိုင်းရေးဆွဲခြင်း၊ လေထု၊ ရေထု ညစ်ညမ်းမှုနည်းပါးအောင် ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင် ရာမှာ ကောင်းမွန်တဲ့အသိနဲ့အုပ်ချုပ်မှုရှိတဲ့ မြူနီစပယ်ခေါင်းဆောင်တွေရှိမှသာ ကျန်းမာတဲ့မြို့ပြ ဖြစ်အောင် တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ဒီလိုမြို့ပြတွေ တစ်နိုင်ငံလုံးရှိမှသာ နိုင်ငံသားများ ကျန်းမာလာကြမှာဖြစ်ပါတယ်။ ဒါကိုတော့ အစိုးရကနှစ်တို/နှစ်ရှည်စီမံကိန်းတွေနဲ့ အသေးစိတ် စီမံခန့်ခွဲဖို့ လိုအပ်မှာဖြစ်ပါတယ်။

ကျန်းမာရေးမြှင့်တင်တဲ့နေရာမှာ နောက်ထပ်အရေးကြီးတဲ့အချက်ကတော့ နည်းပညာကို အသုံးချခြင်းပဲဖြစ်ပါတယ်။ ဥပမာ-စင်ကာပူနိုင်ငံရဲ့ ကျန်းမာရေးဝန်ကြီးဌာနအောက်မှာ Singapore Health Promotion Board၊ Health Hub ဟာ Online Platform တစ်ခုဖြစ်ပြီး ၎င်းမှ ကျန်းမာရေးဆိုင်ရာ အချက်အလက်များစုံလင်စွာရရှိနိုင်တာကြောင့် ကျန်းမာရေးဆိုင်ရာကိစ္စများကို အထောက်အကူပြုနေကြောင်း သိရှိရပါတယ်။ Mobile phone များစွာသုံးစွဲနေတဲ့ မိမိတို့နိုင်ငံ အနေနဲ့လည်း အလားတူ Platform မျိုး ချက်ချင်းမဖြစ်နိုင်သေးရင်တောင် နိုင်သလောက် တဖြည်းဖြည်းဆောင်ရွက်ခြင်းဖြင့် နည်းပညာများကို ကောင်းစွာအသုံးချသင့်ပါကြောင်း အကြံပြု အပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကုန်သွယ်မှုဆိုင်ရာမူဝါဒများနဲ့ ကျန်းမာရေးသက်ရောက်မှုများ ဆက်စပ်မှုရှိနေတာကိုလည်း သတိပြုရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျန်းမာရေးနှင့် မညီညွတ်တဲ့ အစားအစာများကို ထိန်းချုပ်နိုင်တဲ့ ကုန်သွယ်မှုမူဝါဒများမရှိပါက Non-Communicable Diseaese လို့ ခေါ်တဲ့ရောဂါများ များစွာဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် ကုန်သွယ်မှုဆိုင်ရာမူဝါဒများကို ကျန်းမာရေးအမြင်နဲ့ အမြဲသုံးသပ်နေဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေး ဆိုင်ရာအသုံးစရိတ်များကို ဘဏ္ဍာရေးနှစ်အလိုက် တိုးမြှင့်သုံးစွဲနေသော်လည်း ကုသရေးနှင့်ပြည်သူ့ ကျန်းမာရေးကဏ္ဍတို့မှာ သုံးစွဲသည့်အသုံးစရိတ်တို့ကို ညီညွတ်မျှတအောင်ဘဏ္ဍာရေးနှစ်အလိုက်

ရေရှည်တည်တံ့ခိုင်မာစေတဲ့ မူဝါဒချမှတ်ရန်ကိုလည်း အကြံပြုဆွေးနွေးလိုပါတယ်။ ၂၀၁၅ခုနှစ်မှာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးက Sustainable Development Goals 2030 ကို သဘောတူ လက်ခံခဲ့ကြပါတယ်။ ၎င်းမှာ ကျန်းမာရေးမြှင့်တင်ခြင်းလည်း ပါဝင်ပါတယ်။ SDG နဲ့ ကျန်းမာရေး ဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန်ဆက်စပ်အကျိုးပြုလျက်ရှိပါတယ်။ Universal Health Coverage ရဖို့ မြန်မာနိုင်ငံအနေနဲ့လည်း မူဝါဒများချမှတ်ဆောင်ရွက်နေတာကိုလည်း အားလုံးအသိပဲဖြစ်ပါ တယ်။ အားလုံးလက်လှမ်းမီတယ်ဆိုတဲ့နေရာမှာ ကျား၊ မ မရွေး၊ ယဉ်ကျေးမှု၊ ဆင်းရဲချမ်းသာ မရွေးဘဲပါဝင်နိုင်ဖို့ ကျန်းမာရေးစောင့်ရှောက်မှု တစ်ပြေးညီရရှိစေဖို့ ဆောင်ရွက်ပေးရမှာပဲ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အမျိုးသာကျန်းမာရေးအာမခံစနစ် ခိုင်မာစွာဖြစ်ပေါ်လာဖို့ အတည်ပြုထားတဲ့အဆိုဟာ သိပ်ကိုအရေးကြီးတဲ့အတွက် အမြန်ဆုံးအကောင်အထည်ဖော်သင့် ပါတယ်။ ၂၀၁၆ ခုနှစ် ရှန်ဟိုင်းကြေညာစာတမ်းမှာ ကျန်းမာရေးမြှင့်တင်ခြင်းအားဖြင့် ရောဂါကင်းစင် စေသည်သာမက ဆင်းရဲမှုလျှော့ချရေး၊ ကျား၊ မတန်းတူဖြစ်ရေး၊ စီးပွားရေးတိုးတက်မှုနှင့် စီးပွားရေး ခိုင်မာတောင့်တင်းမှုတို့တွင်လည်း ကောင်းမွန်သော အကျိုးသက်ရောက်မှုရှိကြောင်း ဖော်ပြထား ပါတယ်။ နိဂုံးချုပ်အနေဖြင့် ကျန်းမာရေးမြှင်တင်ခြင်းဟာ ကျယ်ပြန့်လှပြီး Community Level တစ်ခုတည်းသာမဘဲ နိုင်ငံတော်အဆင့် ပြည့်စုံတဲ့မူဝါဒများချမှတ်ပြီး ဝန်ကြီးဌာနများ ချိတ်ဆက် အလုပ်လုပ်ကြကာကောင်းမွန်လက်တွေ့ကျတဲ့ ဥပဒေများအပြင် နည်းပညာအကူအညီများကို ရယူ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန် တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင်ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း လမ်းညွှန်ချက်အရ လွတ်လပ်ရေးရတဲ့အခါ ဒီမိုကရေစီစနစ်နဲ့ကျွန်တော်တို့အုပ်ချုပ်ခဲ့ပါတယ်။ အဲဒီလို

အုပ်ချုပ်ခဲ့တဲ့အခါကျတော့ ကျွန်တော်နိုင်ငံရဲ့စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ခဲ့ပါတယ်။ ကျွဲကူးရေပါအဖြစ်နဲ့ ကျွန်တော်တို့ ပညာရေး၊ ကျန်းမာရေး၊ အားကစားကိစ္စတွေမှာလည်း ကျွန်တော်တို့ ဒေသတွင်းမှာ ဦးဆောင်နိုင်ငံတစ်ခုအနေအထားကိုရောက်ရှိခဲ့ပါတယ်။ ဒါပေမဲ့ အားလုံးသိကြတဲ့အတိုင်းပဲ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီဆိတ်သုဉ်းတဲ့ကာလတစ်ခုကို ကျွန်တော်တို့ ဖြတ်သန်းရပါတယ်။ အဲဒီကာလက ရာစုနှစ်တစ်ဝက်လောက်ကြာပါတယ်။ အဲဒီကာလ အတွင်းမှာ ကျွန်တော်တို့ နိုင်ငံရဲ့တက်နေတဲ့စီးပွားရေးအခြေအနေတွေအကုန်လုံးဟာ ရပ်တန့် လုနီးပါးဖြစ်သွားပါတယ်။ ပြည်သူတွေအားလုံး၊ အိမ်ထောင်စုတွေအားလုံး ပြည်သူပြည်သားတိုင်းရဲ့ ဝင်ငွေတွေဟာ သိသိသာသာလျော့ကျသွားပါတယ်။ အဲဒါထက်ပိုဆိုးတာက ကျွန်တော်တို့ ပြည်သူတွေဟာ စားဝတ်နေရေးဆိုတဲ့ ဝဲဂယက်ထဲကနေပြီးမထွက်နိုင်တဲ့အခါကျတော့ သူတို့ရဲ့ အသိပညာ၊ ဗဟုသုတရှာဖွေတဲ့လုပ်ငန်းကို လုံးဝမလုပ်နိုင်သလောက်ဖြစ်သွားပါတယ်။ အဲဒီအခါမှာ အထွေထွေကျန်းမာရေးဗဟုသုတတွေဟာလည်းမရှိသလောက်ဖြစ်သွားပါတယ်။

ဒီဟာရဲ့အကျိုးဆက်ကို ခုချိန်ထိကျွန်တော်တို့ ခံနေရတုန်းပါ။ ခွေးကိုက်ရင်ကျွန်တော်တို့ ကျွန်းပင်ရဲ့အရွက်ကိုပြာချပြီး သောက်ရင်ပျောက်တယ်။ မြွေကိုက်လို့ရှိရင် ခရာဆူးကိုကျွန်တော်တို့ လက်တစ်ဆစ်လောက် ကိုက်ပြီးဝါးစားရင်ပျောက်တယ်။ သံဆူးလို့ရှိရင် ပျောက်စေဆရာတွေဆီမှာ သွားမန်းရင်ပျောက်တယ်။ ဒီလို အတွေးအခေါ်တွေက အခုချိန်ထိရှိနေတုန်းပါပဲ။ ကျေးလက် ဒေသတွေမှာမပြောနဲ့ ကျွန်တော်တို့ မြို့ပေါ်က အခြေခံလူတန်းစားတွေကြားထဲမှာတောင် ဒီလို အတွေးအခေါ်တွေကရှိနေတုန်းပါ။ ဒါလွန်ခဲ့တဲ့ နှစ်နှစ်သုံးနှစ်လောက်ကဆိုရင် ဒါကျွန်တော်တို့ တစ်နိုင်ငံလုံးမှာ ဟိုးလေးတစ်ကျော် ဖြစ်သွားတဲ့ကိစ္စတစ်ခု။ ကျွန်တော်တို့မြို့နယ်မှာ ဖြစ်ခဲ့ပါတယ်။ အားလုံးလည်း ကျွန်တော်အစဖော်လိုက်ရင်တော့ သတိရကြမှာပါ။ ဘာလဲဆိုတော့ လူလိမ် ပျောက်စေဆရာတစ်ယောက်က အသက်နှစ်နှစ်သုံးနှစ်အရွယ် လူမမယ်ကလေးတွေကို သူ့မိဘ နှစ်ပါးရဲ့မျက်စိရှေ့မှောက်မှာတင် ဆေးကုတယ်ဆိုပြီးတော့ ကလေးတွေကို ဖနောင့်နဲ့ပေါက်၊

ကြမ်းပြင်ကိုကိုင်ပေါက် နောက်ဆုံးတော့ အဲဒီကလေးတွေထဲကနှစ်ယောက်က ဝေဒနာမချိမဆံ့ ခံစားရပြီးတော့ သေဆုံးသွားပါတယ်။ ဒီကလေးတွေကို မိဘကိုယ်တိုင်က ကျေကျေနပ်နပ်နဲ့ မြေကြီးမှာသွားမြှုပ်ပေးတယ်။ ရေထဲမှာသွားမျှောပေးတယ်။ ဒါတွေဟာ အင်မတန်ရင်နာစရာ ကောင်းတဲ့အဖြစ်အပျက်ပါ။ ကျွန်တော်တို့ တွံတေးဆိုတာ မြန်မာနိုင်ငံရဲ့စီးပွားရေးမြို့တော်နဲ့ ၁၇ မိုင်ပဲဝေးပါတယ်။ ဒီလိုနေရာမှာတောင်မှ ဒီလို အသိပညာ၊ ဗဟုသုတနည်းတဲ့အတွေးအခေါ်နည်းတဲ့ ကျန်းမာရေးဗဟုသုတနည်းတဲ့ကိစ္စတွေ ဖြစ်နေတယ်ဆိုရင်တော့ ဝေးလံခေါင်သီတဲ့ဒေသတွေမှာ ဆိုရင် အများကြီးပြဿနာရှိပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီပြည်သူတွေရဲ့ကျန်းမာရေး၊ အထူးသဖြင့်ကျန်းမာရေး အသိပညာ၊ ဗဟုသုတတွေ မြင့်မားလာဖို့ဆိုတာ ကျွန်တော်တို့ဝိုင်းလုပ်ကြရမှာပါ။ နိုင်ငံတော်အစိုးရ တစ်ခုတည်းနဲ့လုပ်လို့မရပါဘူး။ နိုင်ငံတော်အစိုးရက အခုသက်တမ်းလေးနှစ်ကျော်ပဲ ရှိပါတယ်။ အင်မတန်နုနယ်တဲ့သက်တမ်းအတွင်းမှာ အရွယ်နဲ့မမျှအောင်မလိုက်တဲ့၊ အင်မတန်ကြီးမားတဲ့ ပြဿနာတွေရင်ဆိုင်နေရပါတယ်။ ခုနောက်ဆုံး ကိုဗစ်ကိစ္စကတော့အထင်အရှားပါပဲ။ ကမ္ဘာ့နိုင်ငံ ၂၅၀ ကျော်ကျော်ဖြစ်နေတဲ့ကိစ္စမှာ ကျွန်တော်တို့နိုင်ငံလည်း ဒါကိုရင်ဆိုင်ဖြေရှင်းနေရပါတယ်။ အဲဒီတော့ ဒီလိုကိစ္စမျိုးတွေမှာ ဖြေရှင်းတဲ့အခါမှာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုဟာ သိပ်အရေးကြီးပါတယ်။ နိုင်ငံတော်အစိုးရကလည်း ပြောင်းလဲချိန်တန်ပြီ ပြည်သူတို့နဲ့အတူ စုပေါင်းခွန်အား ပြည်သူသာအဓိကဆိုတဲ့မူဝါဒတွေချမှတ်ပြီးတော့ လုပ်နေပါတယ်။ သို့သော် အကောင်အထည်ဖော်တဲ့အခါကျတော့ တကယ့်လက်တွေ့ကျကျ ပြည်သူတွေက ညီညွတ်မှုနဲ့ ပါဝင်မှု၊ တကယ်ကို အင်ပြည့်အားပြည့်ထောက်ခံမှု၊ ပူးပေါင်းပါဝင်မှုနဲ့သာ ကျွန်တော်တို့က ဒီအခက်အခဲတွေ အတားအဆီးတွေကို ကျော်လွှားနိုင်မှာဖြစ်ပါတယ်။ အဲဒီတော့ ဒီကိစ္စမျိုးမှာ ဒီမိုကရေစီနိုင်ငံတွေမှာ ပြည်သူလူထုရဲ့အကျိုးကိုဆောင်ရတဲ့ ဒီ Public Service လုပ်ငန်းဆိုတာ အင်မတန်ကို ကျယ်ပြန့်ပါတယ်။ ဒီကိစ္စကို နိုင်ငံတော်အစိုးရတစ်ခုတည်းက ဘယ်လိုမှ မဆောင်ရွက်

နိုင်ပါဘူး။ ဒါကြောင့်မို့ ဒီမိုကရေစီနိုင်ငံတွေမှာဆိုရင် NGO၊ CSO လို့ခေါ်တဲ့ အရပ်ဘက်အဖွဲ့ အစည်းတွေ၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေ အင်အားအင်မတန်ကောင်းပါတယ်။ ဒါတွေက နိုင်ငံတော်အစိုးရကို အကူအညီပေးနေကြတာပါ။ ပြည်သူတွေကလည်းပူးပေါင်းပါဝင်ဆောင်ရွက်နေကြတာပါ။ ဒါကြောင့်မို့လို့ ဒီအချိန်မှာကျွန်တော်တို့ အရာကိစ္စအားလုံးကို ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနဲ့ လုပ်ရမှာဖြစ်နေတဲ့အချိန်ကာလမျိုးမှာ ခရမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်းရဲ့အဆို ထွက်လာတာ အချိန်အခါအသင့်ပါပဲ။ ဒီလိုကိစ္စတွေမှာ ကျွန်တော်တို့က ပြည်သူ့တွေရဲ့ပူးပေါင်း ပါဝင်ဆောင်ရွက်မှုရဖို့အတွက် နိုင်ငံတော်အစိုးရက ခိုင်မာတဲ့မူဝါဒတွေပေးဖို့လိုပါတယ်။ အချို့သောကိစ္စတွေမှာ Financial Support ခေါ်တဲ့ ဘဏ္ဍာရေးအရကူညီထောက်ပံ့မှုတွေလုပ်ပေးဖို့ လိုပါတယ်။ ဒါမှသာ ကျွန်တော်တို့ ဒီလုပ်ငန်းတွေကို အကောင်အထည်ဖော်တဲ့အခါကျရင် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ အခုကတော့ အဆိုမှာလည်းပါပါတယ်။ ဒေါက်တာအေးမင်းတို့က ခရမ်းမှာ သူတို့ဘာသာသူတို့ ဖွဲ့ပြီးတော့လုပ်နေတယ်ဆိုတဲ့ကိစ္စကို ဒါဟာအဆိုမှာတွေ့ရပါတယ်။ ဒါကတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့အကူအညီနှင့် လုပ်တာမဟုတ်ပါဘူး။ သူတို့ရဲ့ အသိစိတ်နှင့်သူတို့ရဲ့ မြို့နယ်ကပရဟိတစိတ်ဓာတ်ရှိတဲ့ ကျန်းမာရေးအသိပညာရှင်တွေ၊ ပရဟိတသမားတွေက ဝိုင်းပြီးလုပ်တာ။ ဒီလိုနမူနာမျိုးကို ကျွန်တော်တို့က မြန်မာနိုင်ငံတစ်နိုင်ငံလုံးက မြို့တွေအားလုံးမှာ ပေါ်လာဖို့လိုပါတယ်။ ဒီလိုပေါ်လာဖို့ဆိုရင် ပြည်ထောင်စုအစိုးရက တိကျခိုင်မာတဲ့မူဝါဒတစ်ခုကို ချပေးဖို့လိုပါတယ်။ နောက်တစ်ခုလိုအပ်လို့ရှိရင် ကျွန်တော်တို့က Financial Support ကို နိုင်ငံတော်ရဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သုံးစွဲနေတဲ့ဘတ်ဂျက်ထဲက တဖို့တဖဲ့ပေါ့ အဲဒါလေးနဲ့လုပ်ပြီးတော့သွားမယ်ဆိုရင် နိုင်ငံတော်အစိုးရကို ကူညီရာရောက်ပါတယ်။ ပြည်သူနှင့်အတူ တကယ်ပူးပေါင်းပါဝင်မှုဆိုတဲ့စကားရပ်ကလည်း တကယ်လက်တွေ့အကောင်အထည်ဖော်လာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေါက်တာအေးမင်း

တင်ထားတဲ့ ကျန်းမာရေးကိစ္စ ပြည်သူတွေရဲ့ အသိပညာ၊ ဗဟုသုတပေးတဲ့ကိစ္စမှာ ပြည်သူတွေ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ ပြည်ထောင်စုအစိုးရ အားတိုက်တွန်းကြောင်းဆိုတဲ့ အဆိုကို ကျွန်တော့် အနေနဲ့ ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဒေါက်တာအေးမင်း၊ ခရမ်းမဲဆန္ဒနယ်ကတင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြန်လည် ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏အဆိုအား ပါဝင်ဆွေးနွေးပေးကြပါသော ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)၊ ဦးကျော်အောင်လွင် (စေတုတ္တရာမဲဆန္ဒနယ်)၊ ဦးအောင်သိုက်(ဆိပ်ဖြူမဲဆန္ဒနယ်)၊ ဒုတိယဗိုလ်မှူးကြီးစိုင်းအိုက်လှ (တပ်မတော်သားကိုယ်စားလှယ်)နှင့် ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)တို့အား အထူးကျေးဇူးတင်ရှိ ပါတယ်ရှင်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြချက်ဖြစ်တဲ့ ကျန်းမာရေးဆိုင်ရာအသိပညာ လွဲမှားမှုတို့ကြောင့် ဖြစ်ပေါ်နေသော ကျန်းမာရေးနှင့်ညီညွတ်မှုမရှိတဲ့ အစားအသောက်၊ အနေအထိုင်၊ အမူအကျင့်များသည် ကျန်းမာရေးနိမ့်ကျရခြင်း၏ အဓိကလက်သည်တရားခံဖြစ်သည် ဆိုတဲ့အချက်မှာ အထူးမှန်ကန်ပါတယ်ရှင်။ ကျွန်မအနေနဲ့ Power Point အသုံးပြုခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

ကျွန်မတို့ ပြည်ထောင်စုဝန်ကြီးမှလည်း အမြဲတင်ပြနေတဲ့အချက် ဖြစ်ပါတယ်။ မိန့်ခွန်း အတော်များများမှာလည်း ထည့်သွင်းပြောကြားနေတာ ဖြစ်ပါတယ်။ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်ပြုမူခြင်းအားဖြင့် အဖြစ်များပြီး ကြိုတင်ကာကွယ်နိုင်သည့်ရောဂါများဖြစ်ပွားမှု သိသာစွာ လျော့နည်းကျဆင်းလာမည်ဖြစ်ပြီး ဆေးရုံများရှိဆရာဝန်၊ ဆရာမလည်း နည်းပါးသောလူနာ အရေအတွက်ကိုသာ ကုသပေးရသဖြင့် ပိုမိုအရည်အသွေးပြည့်ဝစွာ ကုသပေးနိုင်ကာ နိုင်ငံတော် ဘဏ္ဍာငွေမှ ကုသရေးကုန်ကျစရိတ်လျော့နည်းလာနိုင်ကာ ပိုလျှံငွေများကို အဆင့်မြင့်ကုသမှုများ၊ စက်ပစ္စည်းကိရိယာများကို ဝယ်ယူသုံးစွဲလာနိုင်မည်ဖြစ်၍ မိမိတို့နိုင်ငံရဲ့ကျန်းမာရေးအဆင့်အတန်း ကလည်း ပိုမိုမြင့်မားလာမယ်ဆိုတာ အမြဲတမ်းပြောလျက်ရှိပါတယ်။ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနရဲ့ ဆောင်ရွက်နေတဲ့လုပ်ငန်းအချို့ကို တင်ပြလိုပါတယ်။ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနရဲ့ ကျန်းမာရေးရည်မှန်းချက်များဖြစ်တဲ့ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင် ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးတို့ကို ရရှိနိုင်ရေးအတွက် အကောင်အထည်ဖော် လျက်ရှိသော နည်းဗျူဟာများနှင့် ပထမဦးစားပေးနည်းဗျူဟာမှာ ကျေးလက်ဒေသ အောက်ခြေအထိ ကျန်းမာရေးအသိပညာပေးလုပ်ငန်း ဖြစ်ပါတယ်။ ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲသည် နီးနွယ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရ၏ အဖွဲ့များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၊ လူထုအခြေပြု အဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့်ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ထိရောက်စွာ လက်တွဲပူးပေါင်းကာ ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာပေးလုပ်ငန်းများအား ယခင်ကထက်ပိုမို၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိနေပါတယ်။ ပြင်ပဆရာဝန်များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံဆရာဝန်အသင်း၊ အထွေထွေရောဂါကုဆရာဝန်များ အဖွဲ့ငယ်(MMA GP Society)နှင့်တွဲဖက်၍ ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်

ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံဆရာဝန်အသင်းမှဆောင်ရွက်နေတဲ့ စီမံချက် လုပ်ငန်းများတွင် ကျန်းမာရေးအသိပညာ မြှင့်တင်ရေးလုပ်ငန်းများကို အမြဲတစေပါဝင်စေလျက် စဉ်ဆက်မပြတ်အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံဆရာဝန်အသင်း နှစ်ပတ်လည် ကဲ့သို့ ညီလာခံအခမ်းအနားများ၊ ကျန်းမာရေးအသိပညာပေးပြခန်းများ၊ ကျန်းမာရေးနှင့် ပတ်သက်တဲ့ အသိပညာပေးခံယူချက်၊ အလေ့အထ၊ အပြုအမူ၊ စာတမ်းများဖတ်ခြင်းကဲ့သို့ လုပ်ငန်းများကိုလည်း ကျွန်မတို့ လက်တွဲဆောင်ရွက်လျက်ရှိနေပါတယ်။

ပြည်သူလူထုအနေဖြင့် မှန်ကန်သောကျန်းမာရေးသတင်းအချက်အလက်များ လက်လှမ်းမီ ရရှိရေးအတွက် အခန်း ၁၅ ခန်း၊ စာမျက်နှာ ၃၃၂ မျက်နှာပါဝင်သည့် ကျန်းမာရေးဆိုင်ရာစံပြု အချက်အလက်များဆိုင်ရာစာအုပ်(Standardized Health Message Book- Version 1.0)ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ပြုစုထုတ်ဝေဖြန့်ချိခဲ့ပြီးဖြစ်ပါတယ်။ ယခုအခါ အင်တာနက်အခြေပြု၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာများနှင့် Social Media များ အခြေပြုအသုံးပြုနိုင်မည့် Standardized Health Message Book- Version 2.0 အဖြစ် အဆင့် မြှင့်တင်၍ မကြာမီကာလပိုင်းအတွင်းမှာ ထုတ်ဝေနိုင်ရန်စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ ပြည်သူ လူထုအတွင်း ကျန်းမာရေးဆိုင်ရာစကားဝိုင်းများမှတစ်ဆင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်း များ ယခင်ထက်ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် ကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေး မြင့်မားလာစေရေးအတွက် ကျန်းမာရေးဆိုင်ရာစံပြုအချက်အလက်များစာအုပ်အပါအဝင် ဆရာဝန် များအတွက် ကျန်းမာရေးဆိုင်ရာ Application Software များနှင့် စာအုပ်စာတမ်းပေါင်း ၅၃၀ ခု၊ အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် Application Software များနှင့် စာအုပ်စာတမ်း ၁၈၉ ခု ထည့်သွင်း၍ Mobile Tablet များကို တိုင်းဒေသကြီးနှင့်ပြည်နယ်ရှိ အခြေခံကျန်းမာရေးပညာရှင် များကိုဖြန့်ဝေခဲ့ရာ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၂ ခုတွင် Mobile Tablet ပေါင်း ၁၉၀၀၀ ခန့် ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။

**မူကြမ်း**

ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်ရှိ အခြေခံကျန်းမာရေးပညာရှင်များကို ၂၀၂၀ ပြည့်နှစ်အတွင်း ဆက်လက်ဖြန့်ဝေနိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကျန်းမာရေးနှင့်သက်ဆိုင်သည့် သတိပေးနှိုးဆော်ချက်များ၊ ပညာပေးဇာတ်လမ်းတိုများ၊ အဓိကအသိပေးလိုသောအကြောင်းအရာ(Key Message)များကို ပြန်ကြားရေးဝန်ကြီးဌာန၊ MRTV၊ မြန်မာ့အသံနှင့်ရေဒီယို၊ တိုင်းရင်းသားအသံလွှင့်အစီအစဉ်များ၊ FM ရေဒီယိုများ၊ ဒေသဆိုင်ရာ FM ရေဒီယိုများနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ Facebook စာမျက်နှာ၊ ဝန်ကြီးဌာနရှိဦးစီးဌာနများ၊ ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များ၊ ကျန်းမာရေးစီမံချက်များ၏ Facebook နှင့် Viber စာမျက်နှာများတွင် Social Media များနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အင်တာနက်စာမျက်နှာ www.mohs.gov.mm၊ မိတ်ဖက်အဖွဲ့အစည်းများ၏ အင်တာနက်စာမျက်နှာများမှာလည်း ကျန်းမာရေးအသိပညာမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများကို အွန်လိုင်းမှတစ်ဆင့် ကျယ်ပြန့်စွာဆောင်ရွက်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အချိန်အနည်းငယ်ပိုပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ဝေးလံခက်ခဲသောဒေသအများစုတွင်ပင် Mobile ဖုန်းနှင့် အင်တာနက်ကို လက်လှမ်းမီစွာရရှိအသုံးပြုနေပြီဖြစ်သဖြင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများတွင် Mobile ဖုန်းကို အသုံးပြု၍ မိမိတို့သိလိုသောရောဂါအလိုက် QR Code များဖြင့် Scan ဖတ်၍ အင်တာနက်မှတစ်ဆင့်ချိတ်ဆက်၍ ကျန်းမာရေးအသိပညာပေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ QR Code များ Scan ဖတ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Website တွင်ရှိသော သက်ဆိုင်ရာရောဂါအလိုက် ကျန်းမာရေးအသိပညာပေးပိုစတာ၊ လက်ကမ်းစာစောင်၊ Mobile Application၊ အထူးကုပါမောက္ခကြီးများ၏ ဟောပြောချက်၊ ပညာပေး Video များ စသည့် မှန်ကန်သောသတင်းအချက်အလက်များကို အွန်လိုင်းများတွင် အချိန်ပြည့်ဝင်ရောက်ကြည့်ရှုနိုင်မှာ

ဖြစ်ပြီး QR Code ကို တစ်ကြိမ် Scan ဖတ်ပြီးပါက မိမိတို့သိမ်းဆည်းလိုသည့် ကျန်းမာရေး အသိပညာသတင်းအချက်အလက်များ မိမိတို့ကိုယ်ပိုင်ဖုန်းများတွင် Offline သိမ်းဆည်းကြည့်ရှု နိုင်အောင် စီစဉ်ထားပါတယ်။ ယခုအခါ ကမ္ဘာတစ်ဝန်းလုံးတွင်တွေ့ကြုံရသည့် ကိုဗစ်ရောဂါကို မြန်မာနိုင်ငံတွင် ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန သည် ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းနှင့် ပြည်သူလူထုမှ ကျန်းမာရေးအသိ သတိရှိစွာ လိုက်နာဆောင်ရွက်ရေးကို ဦးစားပေးမဟာဗျူဟာတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုလိုက်နာလျှင် လိုက်နာသလို ဖြစ်ပွားမှု၊ သေဆုံးမှုများကို အချိန်တိုအတွင်း လျော့နည်း ကျဆင်းလာမည်ဖြစ်ပြီး ကျန်းမာရေးစနစ်အပေါ် ဝန်ပိမှုနှင့် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးကဏ္ဍပေါင်းစုံအပေါ် အကျိုးသက်ရောက်မှုများ လျော့နည်းလာမှာဖြစ်ပါတယ်။ ၂၄-၇-၂၀၂၀ ရက်နေ့မှာ ကိုဗစ်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ကျန်းမာရေးအထောက် အကူပြုပစ္စည်း IEC Printed Media ၁၂၀ ခု တိုင်းရင်းသားဘာသာစကားဖြင့် IEC Printed Media အမျိုးပေါင်း ၃၁ မျိုး၊ တိုင်းရင်းသားဘာသာပေါင်းစုံဖြင့် အသံဖိုင်ပေါင်း ၈၀၊ ရုပ်သံအဖိုင်ပေါင်း ၂၄ ခု၊ ကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ငန်းလမ်းညွှန် ၃၃ ခု၊ လက်ကိုင်အသံချဲ့စက်ဖြင့် ကျန်းမာရေးအသိပညာပေးနိုင်မည့်မှုကြမ်း Script File ၁၄ ခုတို့ကိုပြုစု၍ Online နှင့် Offline မှတစ်ဆင့် ဖြန့်ချိခဲ့ပါတယ်။ IEC Printed Media ပေါင်း ငါးသန်းသုံးသိန်းကျော်ခန့် လက်ကိုင် အသံချဲ့စက်ဖြင့် ပညာပေးအကြိမ်နှစ်သန်းကျော် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။

တစ်မျက်နှာအဓိကသတင်းစကားများကို ဒီကနေ့အတွက် သိကောင်းစရာအစီအစဉ်မှာ ၂၂-၅-၂၀၂၀ ရက်နေ့မှစတင်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ မီဒီယာများတွင် ဖော်ပြခဲ့ရာ ၃၁-၇-၂၀၂၀ ရက်နေ့တွင် အမှတ်စဉ်(၅၆)သို့ ရောက်ရှိခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ ကျန်းမာရေးအသိပညာများနှင့် ကျန်းမာစွာနေထိုင်ပြုမူရေးများ မြင့်မားလာစေရေးအတွက် ဆောင်ရွက်ရာမှာ အခြေခံကျသည့် Major Determinant of Health ဖြစ်သည့် ဆင်းရဲမွဲတေမှု၊

ပညာရေးအဆင့်အတန်းနိမ့်ကျမှု၊ ဝေးလံခက်ခဲမှုစသည့်အကြောင်းအရာ၊ အချက်အလက်များသည်လည်း ထိုလုပ်ငန်းစဉ်ကြီးအောင်မြင်အောင် ဆောင်ရွက်ရေးအတွက် အဓိကကျနေတာဖြစ်ပါတယ်။ စားသုံးနေထိုင်မှုဆိုင်ရာ ကျန်းမာရေးပညာပေးအဖွဲ့ကဲ့သို့ အဖွဲ့အစည်းများ ဖွဲ့စည်းရန်ဆောင်ရွက်ခြင်းကို ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိပါ။ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ အထူးသဖြင့် ကျန်းမာရေးကော်မတီဆိုင်ရာ တာဝန်ခံများမှ ဦးဆောင်၍ အဆိုပါအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်မည်ဆိုပါက ယခုကဲ့သို့ COVID-19 ဖြစ်ပွားစဉ်ကာလအတွင်းတွင် ရောဂါကာကွယ်ရေး(New Normal)အပြုအမူများကို ပြည်သူလူထုမှ ပိုမိုလိုက်ပါစေရေးဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းမှကောင်းမွန်စွာ အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ ယင်းအဖွဲ့အနေဖြင့် ဆောင်ရွက်လိုသည့်အခါ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ နေ့စွဲပါစာအမှတ်အရ ပြည်ထောင်စုလွှတ်တော်၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့သော ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၃၁) အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေနှင့်အညီ ဦးဆောင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ Myanmar Law Information System Website တွင် ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ခုနှစ် ဇွန်လအထိ တည်ဆဲဥပဒေ ၃၆၅ ခုတွင် စားသုံးနေထိုင်မှုဆိုင်ရာအထောက်အကူပြု တည်ဆဲဥပဒေနမူနာများကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ အသင်းအဖွဲ့ဆိုင်ရာမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ အမျိုးသားအစားအသောက်ဥပဒေ၊ လူမှုဖူလုံရေးဥပဒေ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေစသည်တို့ကို တွေ့ရှိရမှာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၄) ဥပဒေပြုရေးပုဒ်မ ၉၆ အရ ပြည်ထောင်စုလွှတ်တော်သည် ဇယား(၁)တွင် ဖော်ပြထားသော ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးတွင်လည်းကောင်း၊ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသတွင်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြဋ္ဌာန်းခွင့်ရှိသည်ဟု ပါရှိပါတယ်။ ထို့အတူ အခန်း(၄) ဥပဒေပြုရေး ပုဒ်မ ၁၈၈ တွင်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား(၂)တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသအတွက်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ပြုထားသည့်ဟု ဖော်ပြထားပါတယ်။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည့်အချက်မှာ ပုဂ္ဂလိက ပြင်ပဆေးခန်းကုဆရာဝန်များ၊ အခြား ကျန်းမာရေးဆိုင်ရာပညာရှင်များနှင့် ဒေသတွင်းထိ ပါဝင်သူများအဖွဲ့ကဲ့သို့ အဖွဲ့အစည်းများ ဖွဲ့စည်း၍ ပြည်သူလူထုအတွင်း ကျန်းမာရေးဆိုင်ရာအသိပညာ ထိထိရောက်ရောက် ကျယ်ကျယ် ပြန့်ပြန့်ဖြန့်ဝေခြင်းဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအသိပညာမြင့်တက်အောင်ဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းမှ ကောင်းစွာအထောက်အကူပြုနိုင်မည်ဖြစ်ပြီး ကျန်းမာရေးအသိပညာ မြှင့်တင်ရေးလုပ်ငန်းများသည်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အထူးဦးစားပေး ဆောင်ရွက်နေသော လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ အသင်းအဖွဲ့များနှင့်ပတ်သက်၍ အသင်းဖွဲ့ခြင်း များဆိုင်ရာမှတ်ပုံတင်တည်ဆဲဥပဒေအရလည်းကောင်း၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရ၏ လုပ်ပိုင်ခွင့်အရလည်းကောင်း၊ ဥပဒေနှင့်အညီ ပြည်နယ်နှင့်တိုင်းဒေသကြီး ကျန်းမာရေးဆိုင်ရာ တာဝန်ခံများမှဦးဆောင်၍လည်းကောင်း Pilot Study အဖြင့် စတင်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုလိုပါတယ်။ ပြည်နယ်တစ်ခုနှင့်တစ်ခု မတူညီသောရောဂါများနှင့် မတူညီသောသေဆုံးမှုများ ကြောင့် ပိုမို၍ Pilot Study လုပ်ပြီးမှ Strengthening လုပ်ရန်လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ကျွမ်းကျင်မှုဆိုင်ရာအပိုင်းကိုလည်း အကူအညီပေးအပ် သွားမှာဖြစ်ပါတယ်။ ၎င်း Pilot Study များမှထွက်ပေါ်လာသော ကောင်းကျိုး/ဆိုးကျိုးများ (Advantages/ Disadvantages)များပေါ်မူတည်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်ဖွဲ့စည်း၍ အောင်မြင်မှုရရှိလာနိုင်သည့်အခါတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ကဲ့သို့ သီးခြားဥပဒေဖြင့် ရပ်တည်ဖွဲ့စည်းနိုင်ရန် ဆက်လက်

ဆောင်ရွက်သင့်ပါတယ်။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်း၏အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါက်တာအေးမင်း(ခရမ်းမဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်း ဖြစ်ပါတယ်။ ၆-၃-၂၀၂၀ ရက်နေ့က ပြည်သူ့လွှတ်တော်မှာ တင်သွင်းခဲ့တဲ့ ကျွန်တော့်ရဲ့အဆိုနဲ့ပတ်သက်ပြီးတော့ ဒီကနေ့ ဆွေးနွေးအကြံပြုထောက်ခံသွားကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးငါးဦး အဆိုနဲ့ပတ်သက်ပြီးတော့ Pilot Study တွေလုပ်မယ်။ Pilot Study အရ ဥပဒေဘောင်ထဲထည့်ပြီးတော့ အဖွဲ့အစည်းတွေအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်သွားမယ်ဆိုတဲ့အတွက်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တာဝန်ရှိပုဂ္ဂိုလ်များအားလုံးနဲ့ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးတင်ပြသွားတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒုတိယဝန်ကြီးရဲ့ရှင်းလင်းတင်ပြချက်အရ အဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ မှတ်တမ်းတင်ပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာအေးမင်း၊ ခရမ်းမဲဆန္ဒနယ်ကတင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်ငါးဦးကဆွေးနွေးပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့

ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်ပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဒေါက်တာအေးမင်း တင်သွင်းသွားတဲ့အဆိုကို မှတ်တမ်းတင်မည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၆ ရက်(ကြာသာပတေးနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အတွက် အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂:၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို အဋ္ဌမနေ့ကို နေ့လယ် ၁၂:၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့

# (၄.၈.၂၀၂၀) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



U Tin Myint | U Kyaw Min



U Tin Myint | Dr Aung Naing



Dr Kyaw Linn | U Khin Maung Latt



Dr Kyaw Linn | U Than Aung



Dr Kyaw Linn | Daw Aye Aye Mu



U Maung Maung | Dr Mya Lay Sein

-

pyithu.hluttaw.mm





Dr Mya Lay Sein | U Nyan Linn

pyithu.hluttaw.mm





Dr Mya Lay Sein | Dr A Zin Latt

pyithu.hluttaw.mm





Dr Mya Lay Sein | U Zaw Min Thein

pyithu.hluttaw.mm





Dr Mya Lay Sein | U Pike Ko

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်